# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဏိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၃၀ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၉)၊ အမှတ် (၃၃၂)


# COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့်ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါ ကန့်သတ်ချက်များအားလုံးကို ၃၁-၈-၂၀၂၀ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၃၀-၇-၂၀၂၀ ရက်စွဲပါကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

( ခ ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့်စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

( ဂ ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာ အပါအဝင် မည်သည့်ပြည်ဝင်ဗီဇာ အမျိုးအစားကို မဆို ယာယီရပ်ဆိုင်းမှုနှင့်စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါကြေညာချက်။

၂။ COVID-19 ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှု အန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့် အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ** ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ်အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသော ကိစ္စရပ်များကြောင့် ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဝန်ထမ်းများ အပါအဝင်)အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ်(သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/ အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်လျှောက်ထားရန် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက် လိုက်နာကြရမည် ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၉ ရက်




# အိန္ဒိယနိုင်ငံ၌ အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၉၀ အား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဩဂုတ် ၂၉**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် အိန္ဒိယနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၉၀ အား မြန်မာအမျိုးသား လေကြောင်းလိုင်း (MNA)ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ **(အပေါ်ပုံ)**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးသည်။

*စာမျက်နှာ ၅ ကော်လံ ၅* ❑

## ဆည်ရေသောက်စနစ် မြှင့်တင်ပြုပြင်ခြင်းဖြင့် သီးနှံများဖွံ့ဖြိုးစေမည်



ဆောင်းပါး စာ ၆

## အိန္ဒိယနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ စုစုပေါင်း ၃ ဒသမ ၅ သန်း နီးပါးရှိလာ

စာ ၁၂

## အချပ်ပို (၈) မျက်နှာပါရှိ

ပြည်တွင်းလေကြောင်း ခရီးစဉ်များဖြင့် ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့သို့ လိုက်ပါခဲ့သူများစာရင်းကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် အချပ်ပို (၈) မျက်နှာဖြင့် ဖော်ပြထားပါသည်။




# ပြည်ထောင်စု ညီညွတ်ရေးစိတ်ဓာတ်ဖြင့်...

စနစ်တစ်ခု၏ တွန်းတိုက်နှိပ်စက်မှုဒဏ်ကြောင့် နိုင်ငံအနှံ့အပြားမှ ကျောင်းသားလူငယ်များ တောထဲသို့လည်းကောင်း၊ နိုင်ငံရပ်ခြားအသီးသီးသို့လည်းကောင်း ပြေးကြ ရှောင်ကြ၊ ပြန်လည်စုစည်းကြ၊ အင်အားဖြည့်ကြ၊ စာအုပ်နှင့်လွယ်အိတ်များ နံဘေးချကာ တော်လှန်ရေးလုပ်ကြ ဖြစ်ရသည့်အခါ နိုင်ငံတစ်ဝန်းလုံးက ပြည်ထောင်စုသားများက စာနာကြ၊ ကရုဏာသက်ကြ၊ အားပေးကြ ဖြစ်ခဲ့ဖူးသည်။

ဝေးလံသီခေါင်လှသော တိုင်းရင်းသားတို့၏ ဒေသများက သေနတ်သံများ၊ ဗုံးသံများကြားက ကလေးအရွယ် လူမမယ်လေးများ၏ စစ်ဘေးစစ်ဒဏ်ခံနေရသည်များကို နိုင်ငံတစ်ဝန်းက ပြည်သူတို့က မျက်ရည်စို့ခဲ့ကြသည်။

ပြင်းထန်လှသော နာဂစ်မုန်တိုင်းဒဏ်၊ ရေလွှမ်းမိုးသည့်ဒဏ်တို့ကြောင့် မြစ်ဝကျွန်းပေါ်ဒေသရှိ ပြည်သူတို့ ပြေးစရာမြေမရှိ၊ ရေအတိဒေသထဲ အလူးလူးအလိမ့်လိမ့်ဖြစ်ကြသည့်အခါ မြန်မာနိုင်ငံ၏ မြောက်ဘက်ခြမ်း တောင်ပေါ်ဒေသများက ပြည်သူတို့အပါအဝင် နိုင်ငံတစ်ဝန်းက ရင်ထုမနာဖြစ်ကြ၊ ကူကယ်စရာများကိုသယ်ရင်း ရေလွှမ်းဒေသများဆီသို့ ဆင်းခဲ့ကြသည်။

ဤသို့သော နိုင်ငံတော်အတွင်းရှိ မည်သည့်နေရာ၌မဆို၊ မည်သို့သော ထိခိုက်နာကျင်စရာတစ်ခုခု ဖြစ်ပွားသည်ဖြစ်စေ၊ နိုင်ငံသားအားလုံးက မိမိတို့အရေးကဲ့သို့ ခံစားကြ၊ ကူညီအားပေးကြခြင်းကို ပြည်ထောင်စုစိတ်ဓာတ်ဟု ဆိုရမည်ဖြစ်ပါသည်။

ယခုအခါတွင်လည်း ရခိုင်ပြည်နယ်အတွင်းက ကိုဗစ်ဗိုင်းရပ်စ်ပိုးကူးစက်ပြန့်ပွားမှု အရှိန်မြင့်လာသည့်သတင်းများ ထွက်ပေါ်လာသည်နှင့် နိုင်ငံအဝန်းက ပြည်သူတို့က ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းကြဝန်းကြ၊ ကူညီကြရန် အဆင်သင့်ဖြစ်ကြောင်း ထုတ်ဖော်လာကြသည်။

ရခိုင်ပြည်နယ်အတွင်းက ယခုလို ကိုဗစ်ဗိုင်းရပ်စ်ပိုး ပျံ့နှံ့မှုသာမက စစ်ပွဲများဖြင့် မတည်မငြိမ်ဖြစ်နေရသည့် ဒေသလည်းဖြစ်သည့်အားလျော်စွာ ဒေသခံပြည်သူတို့သည် ပိုမိုပြင်းထန်သော အကျပ်အတည်း အခက်အခဲများကြားတွင် ကြုံကြုံခံ ရင်ဆိုင်နေကြရခြင်း ဖြစ်ပါသည်။

စစ်ဘေးနှင့် မတည်ငြိမ်မှုများ၊ လူမှုအသိုင်းအဝိုင်း မလုံခြုံမှု၊ ယခု ကျန်းမာရေးဆိုင်ရာပြဿနာကြီးက ဘူးလေးရာ ဖရုံဆင့်ဖြစ်နေလေရာ တစ်နိုင်ငံလုံးရှိ ပြည်သူလူထုက ဝိုင်းဝန်းပူပန်သောကဖြစ်ကြရလေသည်။

ကိုဗစ်ရောဂါသည် ကုသဆေး၊ ကာကွယ်ဆေးဟူ၍ သေသေချာချာမပေါ်သေးသည့်အတွက် ကမ္ဘာ့နိုင်ငံအားလုံးသည် ကာကွယ်မှုကို အလေးထားကာ ဗိုင်းရပ်စ်ပိုးကို ဟန့်တားထိန်းချုပ်ရန် အထူးကြိုးပမ်းနေကြရခြင်း ဖြစ်ပါသည်။ ဥစ္စာနေကြွယ်ဝကာ နည်းပညာမြင့်မားသောနိုင်ငံကြီးများပင် အလူးအလဲ ထိန်းချုပ်နေရသည့်ကာလဖြစ်သည့်အတွက် မြန်မာနိုင်ငံကဲ့သို့သော ချို့တဲ့သည့်နိုင်ငံအဖို့ ပို၍သတိကြီးကြီးထားကာ ကာကွယ်ကြရန် ဖြစ်ပါသည်။

ထို့ကြောင့်ပင် ရခိုင်ပြည်နယ် ဒေသများကို ပြင်ပနှင့် ကူးလူးဆက်ဆံမှုမပြုကြသေးရန်၊ ရောဂါကူးစက်နိုင်ခြေများသည့် အုပ်စုများကို စစ်ဆေးဓာတ်ခွဲရန်၊ သီးသန့်ခွဲခြားထားရန် စသည်ဖြင့် ကာကွယ်ရေးအစီအမံများကို မဖြစ်မနေ လုပ်ဆောင်နေရခြင်းပင်ဖြစ်ပါသည်။ အထူးသဖြင့် ဗိုင်းရပ်စ်ပိုး ကူးစက်ပြန့်ပွားမှုသည် အလွန်မြန်ဆန်သည့်အပြင် ဤဒေသသည် လူဦးရေထူထပ်သည့် အိုင်ဒီပီစခန်းများ၊ တိုက်ပွဲရှောင်စခန်းများ ရှိနေသောကြောင့် ကူးစက်ပြန့်ပွားမှုနည်းနိုင်သမျှနည်းအောင် အကန့်အသတ်များကို မဖြစ်မနေ ပြင်ဆင်စီမံနေရခြင်း ဖြစ်ပေသည်။

ထို့ပြင် ဤဒေသ၏ အရေးပေါ်သုံးစွဲရန်တို့အတွက် ပြည်ထောင်စုအစိုးရက ငွေကျပ် ၁၄ ဒသမ ၈ ဘီလီယံ၊ ပြည်နယ်အစိုးရအဖွဲ့က ၁ ဒသမ ၅၆၆ ဘီလီယံ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ၃၁၁ ဒသမ ၄ သန်းခန့် အသုံးပြုထားပါသည်။

မည်သို့ပင်ဖြစ်စေ၊ ရင်ဆိုင်နေရသည့် များပြားလှသော စိန်ခေါ်မှုများ၊ အခက်အခဲများကို အထက်တွင် ဖော်ပြခဲ့သော နိုင်ငံအဝန်းရှိ ပြည်သူတို့၏ ပြည်ထောင်စုစိတ်ဓာတ်၊ ညီညွတ်စည်းလုံးမှု အင်အားတို့ဖြင့် ရခိုင်ပြည်နယ်တွင်းရှိ ကပ်ရောဂါဘေးအပါအဝင် စိုးရိမ်ပူပန်စရာအားလုံးကို ကျော်ဖြတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ရန်ကုန်မြို့ မရမ်းကုန်းနှင့် ရန်ကင်းမြို့နယ်များရှိ စာသင်တိုက်ကြီးများသို့ ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်း




ရန်ကုန် ဩဂုတ် ၂၉

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဇေတဝန်ရုံ ပရိယတ္တိစာသင်တိုက်နှင့် ကန်ဦးဇေတဝန် ပရိယတ္တိစာသင်တိုက်၊ ရန်ကင်းမြို့နယ်ရှိ ပဥ္စနိကာယ သာသနာ့ဗိမာန် ပရိယတ္တိ စာသင်တိုက်များသို့ ယနေ့တွင် ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းသည်။

ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းညွန့်နှင့် တာဝန်ရှိသူများသည် နံနက် ၈ နာရီတွင် မရမ်းကုန်းမြို့နယ် ဇေတဝန်ရုံ ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုတာလင်္ကာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများလှူဒါန်းပြီး ပြည်ထောင်စုဝန်ကြီးက ဆွမ်းပဒေသာပင်အတွက် ငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူး ဦးစိန်မော်က လက်ခံသည်။

ယင်းနောက် ဇေတဝန်ရုံ ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော်က အနုမောဒနာတရား ချီးမြှင့်တော်မူသည်။

ထို့နောက် ကန်ဦးဇေတဝန် ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားကာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆွမ်းပဒေသာပင်အတွက် ငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့အတွင်းရေးမှူး ဦးလှခိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ကန်ဦးဇေတဝန် ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာမိဘိဝံသက အနုမောဒနာတရား ချီးမြှင့်တော်မူသည်။

မွန်းလွဲပိုင်းတွင် ပဥ္စနိကာယ သာသနာ့ဗိမာန် ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆွမ်းပဒေသာပင်အတွက် ငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးချိုလေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပဥ္စနိကာယ သာသနာ့ဗိမာန် ပရိယတ္တိစာသင်တိုက် စာချနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသီဟာဘိဝံသ က အနုမောဒနာတရား ချီးမြှင့်တော်မူသည်။

**သတင်းစဉ်**

# ကော့ကရိတ်မြို့နယ်၌ ငါးမျိုးစိုက်ထည့်

ကော့ကရိတ် ဩဂုတ် ၂၉

ကရင်ပြည်နယ်အတွင်း ငါးသယံဇာတတိုးပွားလာစေရေး၊ ငါးမျိုးထိန်းသိမ်းနိုင်ရေး၊ ရေရှည်စဉ်ဆက်မပြတ် ငါးစားသုံးနိုင်ရေးတို့အတွက် ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် ကျုံဒိုးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ကော့ကရိတ်မြို့နယ် ကျုံဒိုး-ချောင်းဖျားကားလမ်းအနီး ချောင်းဖျားကျေးရွာအဝင်တံတား၌ ယနေ့ နံနက်က ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး၊ ခရိုင်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများ၊ ကျုံဒိုးမြို့အုပ်ချုပ်ရေးမှူး၊ ချောင်းဖျား ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖတို့ တက်ရောက်ကြပြီး ငါးခုံးမကြီးသားပေါက်ကောင်ရေ ၂၀၀၀၀၀ အား မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လယ်ဝေးမြို့နယ်အတွင်း အာဖရိကဝက်အပြင်းဖျားရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

လယ်ဝေး ဩဂုတ် ၂၉

ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ကျောက်ကျောင်းစုကျေးရွာတွင် ယနေ့နံနက် ၉ နာရီက နေပြည်တော်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အာဖရိကဝက်အပြင်းဖျားရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည်။

ရှေးဦးစွာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လယ်ဝေးမြို့နယ်ဦးစီးမှူး ဒေါက်တာလှမျိုးသန့်က အာဖရိကဝက်အပြင်းဖျားရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များကို ကျေးရွာရှိ ဝက်မွေးမြူသူများနှင့် ပူးပေါင်းဆွေးနွေးသည်။ ထို့နောက် ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများဖြစ်သည့် ပိုးသတ်ဆေးဖျန်းခြင်း၊ ကောင်းမွန်သည့် မွေးမြူရေးကျင့်စဉ်များ လိုက်နာရန်အတွက် လက်တွေ့ပြသခြင်းများအား ဆောင်ရွက်ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းများအား ပြည်ထောင်စုနယ်မြေ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ စံထွန်းဝေ၊ ဒက္ခိဏခရိုင်ဦးစီးမှူး ဒေါက်တာကျော်ဝင်းနှင့် အဖွဲ့တို့ လာရောက်၍ ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်မွေး**



# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့် မြန်မာနိုင်ငံကာတွန်းဆရာများအသင်းမှ ကာတွန်းပညာရှင်များ၊ သရုပ်ဖော်ဒီဇိုင်းနှင့် ဆက်စပ်လုပ်ငန်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဩဂုတ် ၂၉**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်းမှ ကာတွန်းပညာရှင်များ၊ သရုပ်ဖော်ဒီဇိုင်းနှင့် ဆက်စပ်လုပ်ငန်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်းမှ ကာတွန်းပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ကာတွန်းသမိုင်းပြတိုက် ဖြစ်မြောက်ရေးနှင့် စပ်လျဉ်းသည့် အစည်းအဝေးသို့ တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားရာ၌ ပြည်ပခရီးစဉ် အချို့တွင် ကာတွန်းပြတိုက်များ ဖွင့်လှစ်၍ စုဆောင်းပြသထားမှုကို လေ့လာခွင့်ရရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ကာတွန်းဆရာကြီး ရွှေတလေး၏ ၁၉၁၅ ခုနှစ်က လက်ရာများမှစ၍ သမိုင်းအထောက်အထားများ ရှာဖွေစုဆောင်းပြီး ရည်မှန်းချက်ထား ဆောင်ရွက်ပါက ကာတွန်းပြတိုက် တစ်ခု ပေါ်ထွန်းလာနိုင်ကြောင်း၊ ထို့ကြောင့် အစည်းအဝေးသို့တက်ရောက်လာကြသည့် ကာတွန်းပညာရှင်များ၏ အကြံဉာဏ်များ၊ ဆွေးနွေးချက်များအပေါ် မူတည်၍ မည်ကဲ့သို့ ပံ့ပိုးကူညီဆောင်ရွက်ရမည်ကို ပါဝင်ဆွေးနွေးသွားမည် ဖြစ်ကြောင်း၊ ကာတွန်းပညာရှင်များ အနေဖြင့် ကာတွန်းပြတိုက်တစ်ခု ပေါ်ထွန်းလာရေး ရည်မှန်းချက်ထားရှိပြီး ဆောင်ရွက်လိုသည့် စိတ်ကူးစိတ်သန်းများကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကာတွန်းပညာရှင်များဖြစ်ကြသည့် ကာတွန်း ရွှေမင်းသား၊ ကာတွန်း မြင့်သိန်း၊ ကာတွန်း မောင်မောင်အောင်၊ ကာတွန်း စိုးသော်တာ၊ ကာတွန်း ဝင်းအောင်၊ ကာတွန်း မောင်မောင်ဖောင်တိန်၊ ကာတွန်း နေမျိုးအေး၊ ကာတွန်း လိုင်းလိုဏ်၊ ကာတွန်း ယူနီဘာစတီ ဟာကြူလီ၊ ကာတွန်း ဝေယံ (တောင်ကြီး) တို့က မြန်မာနိုင်ငံ ကာတွန်းသမိုင်းပြတိုက် ဖြစ်မြောက်ရေး ယာယီကော်မတီ စတင်ဖွဲ့စည်းထားရှိမှုနှင့် ဖြည့်တင်းဖွဲ့စည်းမည့် အခြေအနေ၊ ကာတွန်းသမိုင်း ပြတိုက် ပေါ်ပေါက်လာရေး ရည်မှန်းချက်ဖြင့် စုဆောင်းရရှိမည့် ပစ္စည်းများဖြင့် ပြပွဲများ ခင်းကျင်းပြသမည့် အခြေအနေ၊ ပြပွဲများနှင့် ပြတိုက်အတွက် ခင်းကျင်းပြသမည့် ပစ္စည်းများ စုဆောင်းထိန်းသိမ်းရေး ဆောင်ရွက်မည့်အခြေအနေကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ မြန်မာရေးရာ လေ့လာရေးအဖွဲ့မှ ဦးအေးမောင်ကျော်(အေးမောင်ကျော်) နှင့် ဦးသန်းအုန်း (မောင်ဇေယျာ) နှင့် မြန်မာနိုင်ငံ ကာတွန်းဆရာများ အသင်းမှ ကာတွန်းပညာရှင်များ ဖြစ်ကြသော ကာတွန်း ရာဇာ၊ ကာတွန်း ဝင်းမြင့်အောင်၊ ကာတွန်း ဟန်၊ ကာတွန်း ဆန်းလင်းတို့လည်း တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် သရုပ်ဖော်ဒီဇိုင်းနှင့် ဆက်စပ်လုပ်ငန်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် မကြာမီ ပြဋ္ဌာန်းမည့် စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေအတွက် နည်းဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ပြဋ္ဌာန်းသတ်မှတ်ပြီးပါက အေဂျင်စီများ ဖွဲ့စည်းမှုတွင် စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း (CMO) များ လျှောက်ထား ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ထိုကဲ့သို့ CMO များ ဖွဲ့စည်းခွင့်ရချိန်တွင် လုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် CMO ဖြစ်မြောက်ရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက် ရှိကြောင်း၊ စာပေအနုပညာနှင့် ပတ်သက်သည့် သရုပ်ဖော်ဒီဇိုင်းများနှင့် ပတ်သက်၍လည်း ထိခိုက်နစ်နာမှုများ ကာကွယ်နိုင်ရန်နှင့် အခွင့်အလမ်းများရရှိနိုင်ရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်နေမှု အခြေအနေများကို သိရှိပြီး သရုပ်ဖော်ဒီဇိုင်းနှင့် ဆက်စပ်လုပ်ငန်းများမှ တာဝန်ရှိသူများအနေဖြင့် လိုအပ်သည်များ ပါဝင်ဆွေးနွေးကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဂရပ်ဖစ်ဒီဇိုင်းအသင်းမှ ဥက္ကဋ္ဌ ဦးမြင့်မောင်ကျော်၊ ဦးအောင်မျိုးမြတ် (ဒီဇိုင်းနဂါး)၊ စာနယ်ဇင်းသရုပ်ဖော် ပန်းချီအသင်းနာယက ဦးကျော်သောင်းနှင့် ဗိသုကာပညာရှင် ဦးမော်လင်းတို့က နယ်ပယ်အလိုက် မူပိုင်ခွင့်ဆိုင်ရာ ထိခိုက်နစ်နာမှုများ ကာကွယ်နိုင်ရန်နှင့် အကျိုးခံစားခွင့်များ ရရှိနိုင်ရန်တို့နှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံစဉ် ပြန်ကြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ မြန်မာရေးရာ လေ့လာရေးအဖွဲ့မှ ဦးအေးမောင်ကျော် (အေးမောင်ကျော်) နှင့် ဦးသန်းအုန်း (မောင်ဇေယျာ)၊ နန်းဒေဝီစာပေမှ ဦးရဲမြင့်၊ ဦးချစ်ကြည်၊ ကိုငယ် (ကျောက်ဆည်) တို့လည်း တက်ရောက်ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ ဓာတ်ပြားတိုက်ဌာနစိတ်၌ ဓာတ်ပြားနှင့် တိပ်ခွေများ၊ မှတ်တမ်းများ ထိန်းသိမ်းဆောင်ရွက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး သမိုင်းနောက်ခံ အစီအစဉ်များ ထုတ်လွှင့်/ဖော်ပြနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့သည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကိုဗစ် -၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ ချင်းပြည်နယ် ဆမီးမြို့ရှိ တိုက်ပွဲရှောင်များအတွက် ထောက်ပံ့ခြင်းနှင့် ပလက်ဝမြို့နယ်ရှိ တိုက်ပွဲရှောင်များအတွက် ဆက်လက်ထောက်ပံ့နိုင်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၉**

နိုင်ငံတော်အစိုးရ၏ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP) စီမံချက်အရ ချင်းပြည်နယ် ဆမီးမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင် အိမ်ထောင်စုများအတွက် စားနပ်ရိက္ခာများ ဝယ်ယူနိုင်ရန် ငွေကြေး ထောက်ပံ့ခြင်းနှင့် ပလက်ဝမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်အိမ်ထောင်စုများအတွက် ဆက်လက်ထောက်ပံ့ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ညနေပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ Video Conferencing စနစ်ဖြင့် ကျင်းပသည်။

ရှေးဦးစွာ ချင်းပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးက ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ တိုက်ပွဲရှောင် အိမ်ထောင်စုများအတွက် စားစရိတ်ထောက်ပံ့ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့၏ ဝန်ထမ်းများအနေဖြင့် တိုက်ပွဲရှောင်စခန်းများသို့ ထောက်ပံ့မှုများ သွားရောက်ဆောင်ရွက်ကြရာတွင် ကိုဗစ်-၁၉ ၏ စည်းကမ်းချက်များနှင့်အညီ လိုက်နာကြရန် အရေးကြီးကြောင်းနှင့် လမ်းခရီး၊ နယ်မြေအခက်အခဲအမျိုးမျိုးကြားက ပြည်သူများအတွက် ဌာန၏ တာဝန်များကို ကြိုးပမ်း ဆောင်ရွက်ပေးကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ချင်းပြည်နယ် ဆမီးမြို့ရှိ တိုက်ပွဲရှောင်များ အတွက် ထောက်ပံ့ခြင်းနှင့် ပလက်ဝမြို့နယ်ရှိ တိုက်ပွဲရှောင်များ အတွက် ဆက်လက်ထောက်ပံ့နိုင်ရေး ညှိနှိုင်းဆွေးနွေးစဉ်။

ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP) စီမံချက်အရ ထောက်ပံ့မှုများ ဆောင်ရွက်ရာ၌ ဩဂုတ် ၂၅ ရက်နှင့် ၂၆ ရက်များတွင် ချင်းပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် မတူပီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများ ပူးပေါင်း၍ ဆမီးမြို့သို့ သွားရောက်ကာ ဆမီးမြို့ရှိ တိုက်ပွဲရှောင်စခန်း လေးခုရှိ အိမ်ထောင်စု ၈၁၂ စုတို့အတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် လေးသောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၃၂၄၈၀၀၀၀ အပြင် လက်ဆေးဆပ်ပြာများကိုပါ တိုက်ပွဲရှောင်မိသားစုများ လက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့သည်။

ထို့အပြင် ပလက်ဝမြို့ပေါ်နှင့် ကျေးရွာများရှိ တိုက်ပွဲရှောင်စခန်း ၁၉ ခုမှ အိမ်ထောင်စု ၁၁၁၃ စုအတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၄၄၅၂၀၀၀၀ ကို လာမည့် စက်တင်ဘာလ ပထမပတ်မှစ၍ ပြည်နယ် တိုက်ပွဲရှောင်ကြီးကြပ်မှု ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး၏ ကြီးကြပ်မှုဖြင့် ပလက်ဝမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပလက်ဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပလက်ဝမြို့နယ် တိုက်ပွဲရှောင်ကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူများ ပူးပေါင်းကာ အိမ်ထောင်စုများ လက်ဝယ်အရောက် ဆက်လက်ထောက်ပံ့သွားမည်ဖြစ်သည်။

ထို့အပြင် ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ရေး စီမံချက်အရ ပလက်ဝမြို့၊ ဆမီးမြို့နှင့် စိမ့်စင်းဝကျေးရွာတို့ရှိ ပြည်တွင်းနေရပ် စွန့်ခွာသူများတွင် ကိုဗစ်-၁၉ သံသယလူနာ တွေ့ရှိပါက သီးသန့် ထားရှိနိုင်ရေးအတွက် ထောက်ပံ့ပေးသော ငွေကျပ်သိန်း ၃၅၀ ဖြင့် Long House ခုနစ်လုံးတည်ဆောက်ထားပြီး ပလက်ဝမြို့၊ ဆမီးမြို့နှင့် မီးဇာကျေးရွာတို့တွင် Long House ငါးလုံး ဆောက်လုပ်နိုင်ရန် ထောက်ပံ့ငွေကျပ်သိန်း ၃၆၀ ကိုလည်း ထပ်မံခွင့်ပြုပေးထားပြီး ဖြစ်သည်။ ထို့အပြင် တိုက်ပွဲရှောင်ပြည်သူများအတွက် ပလက်ဝမြို့နယ်၊ စိမ့်စင်းဝကျေးရွာတွင် တန်ဖိုးနည်းဝါးကပ်လုံးချင်းအိမ် ၁၆၃ လုံး၊ မီးဇာကျေးရွာတွင် ၁၀၇ လုံး ဆောက်လုပ်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ငွေကျပ် ၅၄ ဒသမ ၁၀၂ သန်းကို ချင်းပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းထောက်ပံ့ပြီး ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (စွမ်းအင်ကဏ္ဍ) ၏ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် တတိယနှင့် စတုတ္ထသုံးလပတ် လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၂၉

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန(စွမ်းအင်ကဏ္ဍ) ၏ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် တတိယနှင့် စတုတ္ထသုံးလပတ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ရေးနည်းစနစ်များနှင့်အညီ Video Conferencing စနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)



### ကိုဗစ် - ၁၉ အကျိုးသက်ရောက်မှု

ရှေးဦးစွာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ယနေ့ အစည်းအဝေးသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် စွမ်းအင်ကဏ္ဍအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပထမနှင့် ဒုတိယသုံးလပတ်အတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ခြင်းနှင့် တတိယနှင့် စတုတ္ထသုံးလပတ်အတွင်း မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် သုံးသပ်ဆောင်ရွက်ရန် အရေးကြီးအစည်းအဝေး ဖြစ်ပါကြောင်း၊ ယခုနှစ်တွင် ယခင်နှင့်မတူထူးခြားဖြစ်စဉ်အား ကြုံတွေ့ခဲ့ရပါကြောင်း၊ ပထမနှင့် ဒုတိယ သုံးလပတ်တွင် လုပ်ငန်းများကို ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်ခဲ့သော်လည်း တတိယသုံးလပတ်မှစ၍ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ၏ အကျိုးသက်ရောက်မှုများကို ကြုံတွေ့ခဲ့ရသဖြင့် လုပ်ငန်းပိုင်း နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ခဲ့ရကြောင်း။

### စည်းမျဉ်းစည်းကမ်းနှင့်အညီ

ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် လုပ်ငန်းသဘောသဘာဝအရ ရေနံတူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် နိုင်ငံခြားသားပညာရှင်များ လုပ်ငန်းခွင်များသို့ ဝင်ထွက်သွားလာခွင့်ကိစ္စရပ်များ၊ စာချုပ်စာတမ်းပါ လုပ်ငန်းစဉ်များ၊ ပစ္စည်းတင်သွင်းခြင်းကိစ္စရပ်များ၊ ငွေပေးချေမှုကိစ္စရပ်များစသည့်ကိစ္စရပ်များတွင် သက်ရောက်မှု အများအပြားရှိခဲ့ရာ တတ်နိုင်သလောက် ဖြေရှင်းဆောင်ရွက်ခဲ့ရပြီး ယခုအချိန်အထိ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စတုတ္ထသုံးလပတ်အတွင်း ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများ၊ ငွေပေးချေမှုများကို အချိန်မီပြီးစီးစေရေး အထူးဂရုပြု ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ကျန်ရှိသည့် ဘတ်ဂျက်ငွေများကို အချိန်မီ သုံးစွဲခြင်း (သို့မဟုတ်) ပြန်လည်အပ်နှံခြင်းကို ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးမှ လိုအပ်သည်များကို သုံးသပ်ဆွေးနွေး၍ ဆောင်ရွက်နိုင်သည့် လုပ်ငန်းများအတွက် အချိန်မီ ငွေပေးချေဆောင်ရွက်ခြင်းနှင့် မဆောင်ရွက်နိုင်သည့်လုပ်ငန်းများအတွက် ငွေပြန်အပ်ခြင်းများကို သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

### ကြိုတင်စီမံဆောင်ရွက်

မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းရှင်များကိုလည်း သက်ဆိုင်ရာ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကူညီပံ့ပိုးပေးရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် မလိုလားအပ်သည့် ကိစ္စရပ်များမဖြစ်ဘဲလုပ်ငန်းများ အဆင်ပြေချောမွေ့ပြီး နိုင်ငံအတွက် မှန်ကန်သည့် ကိန်းဂဏန်းအချက်အလက်များ၊ ဝင်ငွေများ၊ အခွန်အခများ တိုးတက်ရရှိလာမည်ဖြစ်ပါကြောင်း၊ ယခုအချိန်ကာလအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုနှုန်း ပြန်လည်ဦးမော့လာသည့်အတွက် မိမိတို့ ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုများအားလုံးအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို အထူးအလေးထားလိုက်နာ ဆောင်ရွက်သွားကြရန်နှင့် ရေနံမြေများ၊ စက်ရုံဌာနများ၊ ဌာနခွဲများတွင် ကိုဗစ်-၁၉ သံသယလူနာများနှင့် ထိတွေ့မှုဖြစ်စဉ်ကြောင့် အသွားအလာကန့်သတ်ခံရခြင်း၊ အသွားအလာကန့်သတ်ထိန်းချုပ်မှု စောင့်ကြည့်ခံရခြင်းများ ဖြစ်ပေါ်လာပါက လုပ်ငန်းလည်ပတ်မှုကို ရပ်ဆိုင်းခြင်းများ မဖြစ်စေရန်အတွက် ယခင်ဆောင်ရွက်ခဲ့သည့်အတိုင်း ဝန်ထမ်းများကို အဖွဲ့များခွဲ၍ အလှည့်ဆင်း ဆောင်ရွက်နိုင်ရေး စနစ်တကျကြိုတင်စီမံဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားသည်။

### ဖြည့်စွက်ဆွေးနွေး

ထို့နောက် ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများ၊ ရေနံမြေအထွေထွေမန်နေဂျာများ၊ ရေနံချက်စက်ရုံ၊ ဓာတ်မြေသြဇာစက်ရုံနှင့် ရေနံဓာတ်ငွေ့ရည်စက်ရုံတို့မှ စက်ရုံမှူးများ၊ စစ်ဆေးရေးအရာရှိချုပ်များက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တတိယသုံးလပတ်အတွင်း လျာထားချက်များအပေါ် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ချက်များနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် စတုတ္ထသုံးလပတ်အတွင်း ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေ၊ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်အတွက် ဆက်လက်ဆောင်ရွက်မည့် ကြိုတင်စီမံထားမှုအခြေအနေတို့အား ရှင်းလင်းတင်ပြကြရာ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော် က ဖြည့်စွက်ဆွေးနွေးတင်ပြပြီး ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က တင်ပြမှုများအပေါ်သုံးသပ်ဆွေးနွေးတင်ပြသည်။ ထို့နောက် ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး အမေရိကန်နိုင်ငံနှင့် မြန်မာနိုင်ငံရှိ United States Agency for International Development (USAID) အဖွဲ့နှင့် Video-conferencing စနစ်ဖြင့်ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၉**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး သည် " United States Agency for International Development (USAID) ၏ ထောက်ပံ့မှုဖြင့် ဆောင်ရွက်နေသော ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် HIV/ AIDS ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ၊ မိခင်နှင့် ကလေးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းတို့နှင့် စပ်လျဉ်း၍" အမေရိကန်နိုင်ငံနှင့် မြန်မာနိုင်ငံရှိ USAID မှ တာဝန်ရှိသူများနှင့် ဩဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရုံးခန်းမှ Videoconferencing စနစ်ဖြင့် ဆွေးနွေးသည်။ **(ယာပုံ)**



ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ Deputy Chief of Mission Ms. Gwen Cardno က USAID အဖွဲ့အနေဖြင့် ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် HIV/ AIDS ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ၊ မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းတို့နှင့်စပ်လျဉ်း၍ ဆက်လက်ပံ့ပိုးကူညီသွားရန် အသင့်ရှိနေပြီး ဝန်ကြီးဌာန၏ သဘောထားနှင့် ဦးစားပေးလုပ်ငန်းများအား ကြားသိလိုပါကြောင်း ပြောကြားသည်။

### ရက်တိုသင်တန်းများ ခေါ်ယူလေ့ကျင့်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက USAID မှ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် USAID အထောက်အပံ့ဖြင့် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေသော နေရာဒေသများသို့ ကွင်းဆင်းပြီး လက်တွေ့မြေပြင်တွင် ဆောင်ရွက်နေမှုများကို သွားရောက်လေ့လာကာ ပူးတွဲသုံးသပ်ကြစေလိုပါကြောင်း၊ ဝန်ကြီးဌာနမှ ဝန်ထမ်းအချို့ကို US-CDC တွင် ကူးစက်ရောဂါနှိမ်နင်းရေးနှင့်ပတ်သက်၍ ရက်တိုသင်တန်းများ ခေါ်ယူလေ့ကျင့်သင်ကြားပေးစေလိုပါကြောင်း၊ USAID မှ ကျွမ်းကျင်မှုနှင့် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုသည် ပြည်သူ့ကျန်းမာရေးဆိုင်ရာဝန်ထမ်းများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်မြင့်မားခြင်းဖြင့် ရေရှည်ကျန်းမာရေးကဏ္ဍ တည်တံ့ဖွံ့ဖြိုးရေးအတွက် အလွန်အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် USAID မှ Acting Mission Director Pamela Fessenden က USAID အနေဖြင့် တီဘီရောဂါ၊ ငှက်ဖျားရောဂါ၊ HIV/AIDS၊ မိခင်နှင့် ကလေးကျန်းမာရေး စသည့် ပြည်သူ့ကျန်းမာရေးကဏ္ဍများအတွက် ဆက်လက်ကူညီထောက်ပံ့သွားမည် ဖြစ်ပါကြောင်း၊ USAID ၏ ထောက်ပံ့ကူညီမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ လမ်းညွှန်ချက်၊ အကြံပြုချက်နှင့် သဘောထားမှတ်ချက်များကို သိလိုပါကြောင်း ပြောကြားသည်။

### ထောက်ပံ့ပေးလျက်ရှိ

ဆက်လက်ပြီး USAID – Office of Public Health ၏ Director Karen Cavanaugh က USAID က ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေး အထောက်အပံ့အဖြစ် ကျန်းမာရေးကဏ္ဍအတွက် Access to Health Fund မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ သန်း ထောက်ပံ့ပေးပြီး ကချင်ပြည်နယ်၊ ရှမ်း ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်း ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ ဖွံ့ဖြိုးတိုးတက်မှုနည်းသော မြို့ဆင်ခြေဖုံးဒေသများရှိ ပြည်သူများအထူးသဖြင့် ရွှေ့ပြောင်းသွားလာနေထိုင်သူများ၊ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်သူများ၊ Quarantine နေရာအဆောက်အအုံများတွင် နေထိုင်ကြရသူများအတွက် တစ်ကိုယ်ရေသုံးကာကွယ်ရေးပစ္စည်းများ (PPE) ထောက်ပံ့ပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးရန်တို့အတွက် အဓိကထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၇ သိန်း၊ Unicef အဖွဲ့မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၆ သိန်းနှင့် SCI အဖွဲ့မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၅ သိန်းကို ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေးအတွက် ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ထို့အပြင် လူသားချင်းစာနာမှုနှင့် အရေးပေါ်အခြေအနေ အကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၆ သန်းကို Unicef ၊ IOM နှင့် Relief International အဖွဲ့တို့မှတစ်ဆင့် ထောက်ပံ့ကူညီလျက်ရှိပါကြောင်း၊ ထို့အပြင် အမေရိကန်နိုင်ငံမှ နည်းပညာဆိုင်ရာ အထောက်အပံ့များနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းတို့အတွက်လည်း အကူအညီများပေးရန် အစီအစဉ်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် USAID အဖွဲ့မှ မိခင်နှင့် ကလေးကျန်းမာရေးလုပ်ငန်းများ၊ HIV/AIDS ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြရှင်းလင်းဆွေးနွေးသည်။

### အကျိုးရှိမည့်အစီအစဉ်များ

ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက Access to Health Fund ဖြင့် နောက်တစ်ကြိမ်လာမည့်နှစ်တွင် ဆောင်ရွက်မည့် စီမံကိန်းများကို USAID နှင့် ဝန်ကြီးဌာနတို့ ပူးပေါင်းရေးဆွဲမည့် အစီအစဉ်သည် ကောင်းမွန်ပြီး မူအားဖြင့် သဘောတူညီပါကြောင်း၊ TB partnership တီဘီရောဂါတိုက်ဖျက် ရေးနှင့် ပတ်သက်၍ သဘောတူညီမှုစာချွန်လွှာ ရေးထိုးမည့်ကိစ္စရပ်သည် မြန်မာပြည်သူလူထုအတွက် အကျိုးရှိမည့်အစီအစဉ်များ ဖြစ်သဖြင့် သဘောတူညီပါကြောင်း။

USAID မှ ထောက်ပံ့ပေးသော ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော မိတ်ဖက်အဖွဲ့အစည်းများ၏ ဆောင်ရွက်နေသော ကျန်းမာရေးလုပ်ငန်းများ၊ နေရာဒေသများ အခြေပြမြေပုံများ ရေးဆွဲ၍ ဆန်းစစ်ပါက လုပ်ငန်းများ ထပ်မနေစေရန်၊ လိုအပ်နေသောနေရာများကို ဖော်ထုတ်ပြီး ဆန်းစစ်ပါက ပိုမိုထိရောက်အကျိုးရှိပြီး အလေအလွင့်နည်းပါးမည်ဖြစ်ပါကြောင်း၊ USAID ၏ ပံ့ပိုးမှုဖြင့် ၂၀၂၁ ခုနှစ်တွင် ဆောင်ရွက်မည့် "မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း (Myanmar Demographic and Health Survey)" ကောက်ယူမည့်ကိစ္စကိုလည်း သဘောတူညီပါကြောင်း၊ ထို့အပြင် အမှန်လက်တွေ့မြေပြင်တွင် ဆောင်ရွက်နေသောလုပ်ငန်းများကို ကွင်းဆင်းလေ့လာပြီး အမျိုးမျိုးသော အညွှန်းကိန်းများပေါင်းစပ် (Composite index) ၍ ဆန်းစစ်အကဲဖြတ်စေလိုပါကြောင်း၊ USAID မှ အဆိုပြုတင်ပြသော Digital Square စနစ်ဖြင့် Digital health ဆောင်ရွက်မည့် အစီအစဉ်သည် ယခုလို COVID-19 ဖြစ်ပွားနေချိန်တွင် များစွာသင့်လျော်ကောင်းမွန်ပြီး မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုနှင့် ကိုက်ညီသော Digital health အစီအစဉ်ဖြစ်ရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ရန်ကုန်မြို့ရှိ အထည်ချုပ်လုပ်ငန်းရှင်များအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများဆွေးနွေး၊ အလုံမြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းထုတ်ပေးဆောင်ရွက်မှု ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၂၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့ရှိ အထည်ချုပ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မိမိတို့ဌာနမှ တာဝန်ရှိသူများသည် လုပ်ငန်းရှင်များနှင့် မကြာခဏတွေ့ဆုံ ဖြေရှင်းဆောင်ရွက်ပေးနေမှုများနှင့် တင်ပြချက်များကို ဝန်ကြီးဌာနအနေဖြင့် အမြဲမပြတ်သုံးသပ်၍ လိုအပ်သည်များ ဆောင်ရွက်ပေးနေသည်ကို အသိပေးပြောကြားလိုပါကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်နစ်နာမှုများ ဖြစ်ပွားနေသဖြင့် နိုင်ငံတော်က ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ အထည်ချုပ်လုပ်ငန်းများတွင် ယခုအချိန်ထိ ရောဂါကူးစက်မှုမရှိသေးခြင်းမှာ အလုပ်ရှင်၊ အလုပ်သမားများ အားလုံးက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်နေခြင်းကြောင့်ဖြစ်ရာ ယင်းကဲ့သို့ ဆက်လက်လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါ ပြန်လည်ဖြစ်ပွားမှုများ မြင့်တက်လာသည့်အတွက် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အားလုံးဆက်လက်ပူးပေါင်း၍ အလေးထား ဂရုပြုဆောင်ရွက်ကြစေလိုကြောင်း၊ အထည်ချုပ်လုပ်ငန်းများအနေဖြင့် နိုင်ငံတကာအမှာစာများ လျော့နည်းမှု၊ ရပ်တန့်မှုများရှိနေသည်ကိုသိရှိရပြီး အလုပ်ရှင်များဘက်မှ ဖြေရှင်းနိုင်သည်များရှိသကဲ့သို့ မဖြေရှင်းနိုင်သည်များလည်း ရှိနိုင်ပါကြောင်း။

### ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်

အလုပ်သမားများ၏ တောင်းဆိုမှုများ၊ အငြင်းပွားမှုများကို ဌာနအနေဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက်လည်း ဒေသအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလုပ်ရှင်/အလုပ်သမား အငြင်းပွားမှုများကို စက်ရုံ၊ အလုပ်ရုံအတွင်း ဖြေရှင်းရေး၊ ယန္တရားနှင့်အညီ အဆင့်ဆင့်ဖြေရှင်းနိုင်ရေး စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အလုပ်ရှင်များနှင့် အလုပ်သမားများ၏ တင်ပြချက်များအားလုံးကို အလေးထား သုံးသပ်ကာ စနစ်တကျ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တည်ဆဲဥပဒေ များကိုလည်း ခေတ်စနစ်နှင့်လိုက်လျောညီထွေဖြစ်စေရေး ပြန်လည်သုံးသပ်ပြုပြင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံရန် သင့်တော်သည့် ပတ်ဝန်းကျင်ကောင်းဖြစ်စေရေးအတွက် ဖြေလျှော့ဆောင်ရွက်မှုများဖြင့် ကြိုးပမ်းလျက်ရှိပါကြောင်း၊ ယခုကာလတွင်လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် အထည်ချုပ်လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ အမြဲမပြတ်ထိတွေ့ ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုတွေ့ဆုံမှုတွင် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြကြရန်နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက အထည်ချုပ်စက်ရုံများရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုများ၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကြောင့် လုပ်ငန်းများအပေါ် ရိုက်ခတ်မှုများနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်နေမှုအခြေအနေများ လုပ်သားအင်အားအခြေအနေနှင့် လုပ်ငန်းဆိုင်ရာအခက်အခဲများ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတော်အကျိုးစီးပွားအတွက် အထည်ချုပ်လုပ်ငန်းများ ဆက်လက်ဖွံ့ဖြိုးရှင်သန်နိုင်ရန် အားလုံးက ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်နိုင်ရေး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

### မဲပေးနိုင်ရေးဆောင်ရွက်မှု

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် UMFCCI ရှိ ဧည့်ခန်းမ၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း၊ တမီလ်(ပါရိကဝကူလာ) လူမှုဖွံ့ဖြိုးရေးအဖွဲ့၊ တမီလ်ဟိန္ဒူ သာသနာရေးရန်ပုံငွေအဖွဲ့တို့မှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးခွင့်ရရှိရေးနှင့် မဲစာရင်းတွင်ပါဝင်သူတိုင်း မဲပေးနိုင်ရေးဆောင်ရွက်မှု အခြေအနေများ၊ နိုင်ငံအတွင်းနေထိုင်သူများအတွက် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး လုပ်ငန်းဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံအတွင်းနေထိုင်သည့် ဟိန္ဒူဘာသာဝင်များအား ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် အချက်အလက်စာရင်းဇယားများ ပြည့်စုံမှန်ကန်စေရေး ဆောင်ရွက်ရန် လိုအပ်ချက်များ၊ အချက်အလက်များ မှန်ကန်ဖြည့်သွင်းစေရေးအတွက် ဆောင်ရွက်ရန်နည်းလမ်းများနှင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးဆောင်ရွက်မှု ကြည့်ရှုစဉ်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အလုံမြို့နယ် FRANCE ခန်းမ၌ ကျင်းပသည့် သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးမှု အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သစ္စာစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဒေသခံပြည်သူတစ်ဦးချင်းလက်ဝယ်သို့ ပေးအပ်ကြရာ ဒေသခံပြည်သူများကိုယ်စား ကရင်ခြံရပ်ကွက်မှ ဦးစောသန်းထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ အလုံမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ရပ်ကွက်နေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် မှတ်တမ်းမှတ်ရာ စာရင်းဇယားများ ဖြည့်သွင်းဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။ ယနေ့ရုံးပိတ်ရက်တွင် ကရင်ခြံရပ်ကွက်နေပြည်သူ ၉၀ အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းရှိ ဖုန်အင်တံတားကျိုးကျပျက်စီးမှု ပြန်လည်တည်ဆောက်ပြီးစီး

**နေပြည်တော် ဩဂုတ် ၂၉**

ကချင်ပြည်နယ် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း မိုင် (၁၃၈/၆-၁၃၈/၇) အကြားရှိ ဖုန်အင်တံတားသည် တန်ပိုယာဉ်ဖြတ်သန်းမှုကြောင့် ဩဂုတ် ၂၁ ရက်တွင် ကျိုးကျပျက်စီးခဲ့ရာမှ ပြန်လည်ပြုပြင်ခဲ့ရာ ယနေ့ ၁၅ တန်အောက် ကုန်တင်ယာဉ်များ ဖြတ်သန်းခွင့်ပြုသွားမည် ဖြစ်ကြောင်း သိရသည်။



အဆိုပါပျက်စီးသွားသော ဖုန်အင်တံတား၏ တံတား အလယ်ခန်း ပေ ၁၀၀ အားဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁) မှ လမ်းပန်းဆက်သွယ်ရေးမပြတ်တောက်စေရန် ဩဂုတ် ၂၁ ရက်တွင် တံတား၏အလယ်ခန်း ပေ ၁၀၀ အား Triple/ Single(T/S) ဘေလီတံတား အဖြစ် ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ပြီး တစ်ချိန်တည်းမှာပင် လမ်းဦးစီးဌာနမှ တံတားအောက် အဆင်းလမ်းအား လူအင်အား၊ စက်အင်အားဖြင့် ပြင်ဆင်ကာ ကူးတို့လှေ နှစ်စင်းဖြင့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်စေရန် ကုန်ပစ္စည်းများနှင့် ခရီးသည်များ ပို့ဆောင်ပေးခဲ့သည်။

ဩဂုတ် ၂၈ ရက်တွင် P1-P2 အကြားရှိ ပေ ၁၀၀ အရှည် Triple/ Single(T/S) ဘေလီတည်ဆောက်ခြင်း လုပ်ငန်းများ (၁၀၀ ရာခိုင်နှုန်း) ဆောင်ရွက်ပြီးဖြစ်၍ **(အပေါ်ပုံ)** ည ၈ နာရီတွင် ယာဉ်ငယ်များအား ဦးစွာဖြတ်သန်းခွင့်ပြုပြီး ယနေ့တွင် ဘေလီသံပေါင် (Chord Reinforcement) အားဖြည့် တည်ဆောက်ခြင်းများ ဆောင်ရွက်ပြီးနောက် ၁၅ တန်အောက် ကုန်တင်ယာဉ်များအား ဆက်လက်ဖြတ်သန်းခွင့်ပြုမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံး လျှပ်စစ်မီးရရှိရန် ငွေကျပ် ၄၅ ဘီလီယံ ချထားဆောင်ရွက်နေ

**ရန်ကုန် ဩဂုတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၄၅ မြို့နယ်တွင် စက်မှု၊ စိုက်ပျိုးရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်နှင့် တိုင်းဒေသကြီးတစ်ခုလုံး လျှပ်စစ်မီးပြည့်ဝစွာရရှိရန် ငွေကျပ် ၄၅ ဘီလီယံ ချထားဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေး၊ စီမံကိန်းနှင့်စီးပွားရေးကော်မတီမှ သိရသည်။

"ရန်ကုန်တိုင်းဒေသကြီးမှာ စက်မှုကဏ္ဍနည်းတူ စိုက်ပျိုးရေးကဏ္ဍကိုလည်း မေ့ထားလို့မရပါဘူး။ စိုက်ပျိုးရေးလုပ်ဆောင်မှုအနေနဲ့ ၁၄ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီနှစ်စီမံကိန်းမှာ ဘတ်ဂျက်ရထားပြီး ချထားပေးတာရှိတယ်။ ပြီးတော့ လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးတိုးတက်ဖို့ကိုလည်း ဆောင်ရွက်နေတာ ရှိတယ်။ စက်မှုလက်မှုကဏ္ဍမှာလည်း ပြည့်ဝတဲ့ လျှပ်စစ်ဓာတ်အားရရှိဖို့ လိုအပ်တာကြောင့် ဓာတ်အားခွဲရုံတွေကို တိုးချဲ့တည်ဆောက်နေပြီး တိုင်းဒေသကြီးတစ်ခုလုံး မီးလင်းရေးစီမံကိန်းကိုလည်း ဆောင်ရွက်နေပါတယ်။ အဲဒီအတွက် ၂၀၁၉- ၂၀၂၀ ဘတ်ဂျက်မှာ ၄၅ ဘီလီယံခန့် ချပေးထားပြီး ကျေးရွာပေါင်း ၃၃၇ ရွာကို ၂၀၂၀- ၂၀၂၁ ခုနှစ်မှာ တိုင်းဒေသကြီးတစ်ခုလုံး လျှပ်စစ်မီးလင်းဖို့ ရည်မှန်းချက်ထား ဆောင်ရွက်နေပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးကော်မတီဥက္ကဋ္ဌ ဒေါ်စန္ဒာမင်းက ပြောသည်။

**သန်းထိုက်**

# မကွေးမြို့နယ် ညောင်ပင်သာကျေးရွာ ကန်နှစ်ဆင့်စုရပ်၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

**မကွေး ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး ကြာကန်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ ကန်နှစ်ဆင့်စုရပ်၌ ကျေးရွာနေပြည်သူများနှင့် Mega Global Green Automation ကုမ္ပဏီတို့ပူးပေါင်း၍ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် ရေတင်၍ အိမ်တိုင်ရာရောက် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ညောင်ပင်သာကျေးရွာ ကန်နှစ်ဆင့်စုရပ် အိမ်တိုင်ရာရောက် ရေရရှိရေးအတွက် ယခင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် JICA တို့ပူးပေါင်း၍ စက်ရေတွင်းတူးဖော်ခြင်းနှင့် စင်မြင့်ရေစင်တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအခါ အဆိုပါ စက်ရေတွင်းတွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် ရေရရှိရေးအတွက် ငွေကျပ်သိန်း ၁၃၀ ဖြင့် ဆိုလာ ၁၅ ကီလိုဝပ် တပ်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်ကစပြီး မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ JICA ၊ ယူနီဆက်တို့ပူးပေါင်းပြီး အိမ်တိုင်ရာရောက် ရေရှိရေး ဆောင်ရွက်ပေးခဲ့တဲ့အတွက် သောက်သုံးရေဖူလုံစွာ ရရှိခဲ့ပါတယ်။ အိမ်တိုင်ရာရောက် ရေရရှိရေးစနစ်ဖြစ်တဲ့အတွက် ကျေးရွာရေကော်မတီက ရေပေးရေးစနစ် လည်ပတ်နိုင်ရေးနဲ့ ပြုပြင်ထိန်းသိမ်းရေးအတွက် ရန်ပုံငွေအဖြစ် ရေတစ်ယူနစ် (ဂါလန် ၂၂၀) ကို ငွေကျပ် ၁၀၀၀ နှုန်း ကောက်ခံပါတယ်။ အခုစနစ်ဆောင်ရွက်ပြီးရင်တော့ ရေတစ်ယူနစ်ကို ငွေကျပ် ၅၀၀ နှုန်းအထိ လျှော့ချကောက်ခံသွားမှာ ဖြစ်တယ်" ဟု ကျေးရွာရေပေးဝေရေးကော်မတီဥက္ကဋ္ဌ ဦးပြေသိန်းက ပြောသည်။ **သန်းလွင်(မကွေး)**

❑ *ရှေ့ဖုံးမှ*

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ အိန္ဒိယနိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ် ငါးကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီး ဖြစ်ပါသည်။ **သတင်းစဉ်**

# ဆည်ရေသောက်စနစ် မြှင့်တင်ပြုပြင်ခြင်းဖြင့် သီးနှံများ ဖွံ့ဖြိုးစေမည်

*ရှင်မင်း၊ ဓာတ်ပုံ-မောင်ဖိုးဇော်(ကလေး)*

နှစ်ပေါင်းတစ်ရာကျော်အတွင်း တစ်ကြိမ်တစ်ခါမျှ ပြန်လည်တူးဖော်ခဲ့ခြင်း မရှိသဖြင့် ချိန်းချောင်း (မုက္ခမူချောင်း) တစ်လျှောက်တွင် ရေလမ်းကြောင်းများ ပြောင်းလဲလာခဲ့သည်။ ချောင်း၏ ရေစီးလမ်းကြောင်းသည်လည်း ကျဉ်းမြောင်းလာပြီး ချောင်းပေါင်မှ ရေလျှံကာ ချောင်းရိုးတစ်လျှောက်ရှိ ဒေသခံပြည်သူများ၏ စိုက်ပျိုးမြေများ ရေလွှမ်းပျက်စီးမှုများ ကြုံတွေ့လာရသည်။

ချိန်းချောင်း (မုက္ခမူချောင်း)သည် အလျား ၃၆ ဒသမ ၅ မိုင်ခန့် ရှည်လျားကာ ကျောက်တံခါးမြို့နယ်အတွင်း အသဝိအင်းမှအစပြု စီးဆင်းလာပြီး ညောင်လေးပင်မြို့နယ် ရေပေါ်သောင်ရွာ အနီးတွင် စစ်တောင်းမြစ် အတွင်းသို့ စီးဝင်သောချောင်းတစ်ခုဖြစ်သည်။ ချိန်းချောင်း ( မုက္ခမူချောင်း) သည် ရန်ကုန်-မန္တလေးကားလမ်းဟောင်းနှင့် စစ်တောင်းမြစ်ရေဘေးကာကွယ်ရေးတာအကြား တည်ရှိပြီး ကျောက်တံခါးမြို့နယ်နှင့် ညောင်လေးပင်မြို့နယ်တို့၏ ရေထုတ်နုတ်ရာ အဓိကရေနုတ်ချောင်းကြီးတစ်ခုဖြစ်သည်။

ချိန်းချောင်း(မုက္ခမူချောင်း) သည် ကျောက်တံခါးမြို့နယ်နှင့် ညောင်လေးပင်မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော အဓိကရေနုတ်ချောင်းဖြစ်သည့်အပြင် ယင်းအတွင်းသို့ ချောင်းလက်တက်ပေါင်းများစွာ စီးဝင်လျက်ရှိသည်။

### အပိုင်းသုံးပိုင်းဖြင့် ဆောင်ရွက်

သို့သော် ချောင်းကောလာပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ထိခိုက်မှုရှိလာသည့်အတွက် ချိန်းချောင်း (မုက္ခမူချောင်း) ပြန်လည်တူးဖော်ရေးလုပ်ငန်းများကို လက်ရှိအစိုးရလက်ထက်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အပိုင်းသုံးပိုင်း ပိုင်းခြားဆောင်ရွက်လျက်ရှိသည်။

ချိန်းချောင်း (မုက္ခမူချောင်း) ပြန်လည်တူးဖော်ရေး လုပ်ငန်းဆောင်ရွက်ရာတွင် စိုင်ကွလေးကျေးရွာမှမုက္ခမူမီးရထားသံလမ်းတံတားအထိအပိုင်းကို အပိုင်း (၁) အဖြစ်လည်းကောင်း၊ မုက္ခမူမီးရထားသံလမ်းတံတားမှ ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ် နယ်စပ်အထိအပိုင်းကို အပိုင်း(၂)အဖြစ် လည်းကောင်း၊ ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်စပ်မှ အသဝိအင်းအထိအပိုင်းကို အပိုင်း (၃)အဖြစ်လည်းကောင်း ပိုင်းခြားဆောင်ရွက်လျက်ရှိသည်။



ဦးဖိုလ်ဖိုလ်ကျော်
(ညွှန်ကြားရေးမှူးချုပ်)



မောင်မောင်မိုးညွှန့်
(လက်ထောက်ညွှန်ကြားရေးမှူး)



ဦးစံထွန်းအောင်
(ရေဖြူကန်ကျေးရွာတောင်သူ)



ပဲခူးတိုင်းဒေသကြီး ချိန်းချောင်းပြန်လည်တူးဖော်ခြင်းလုပ်ငန်းပြီးစီးမှုကို တွေ့ရစဉ်။

စိုင်ကွလေးကျေးရွာမှ မုက္ခမူမီးရထားသံလမ်းတံတားအထိအပိုင်း တူးဖော်ခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ပြီး အဆိုပါအပိုင်း တူးဖော်ပြီးစီးသည့်အချိန်တွင် ချောင်း၏ ရေနုတ်အားမှာ သိသိသာသာကောင်းမွန်လာခဲ့ပြီး ရေကြီးလွှမ်းမိုးမှုကို အတော်အတန် လျှော့ချနိုင်ခဲ့သည်။

"အခုလို ချိန်းချောင်းပြန်လည်တူးဖော်လိုက်တော့ ရေနုတ်မြောင်း ရေစီးရေလာကောင်းသွားတယ်။ စိုက်ပျိုးမြေတွေ ရေလွတ်သွားတယ်။ ဘေးတာပေါင်နှစ်ဖက်ဖော်လိုက်တော့ ဘေးပတ်ဝန်းကျင်ကျေးရွာတွေ ရေဘေးကင်းလွတ်သွားပါမယ်။ တာပေါင်ကိုလည်း ကုန်ထုတ်လမ်းအဖြစ် သုံးနိုင်တယ်"ဟု ညောင်လေးပင်မြို့နယ် ရေဖြူကန်ကျေးရွာဒေသခံတောင်သူ ဦးစံထွန်းအောင်က ပြောသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မုက္ခမူမီးရထားသံလမ်းတံတားမှညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ် နယ်စပ်ထိအပိုင်း တူးဖော်ရေးလုပ်ငန်းများကို ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

### ချောင်းကော မြောင်းကော တူးဖော်ပေး

"ကျွန်တော်တို့ ပဲခူးခရိုင်မှာ မြို့နယ်ရှစ်ခုရှိပြီး နှစ်စဉ်မိုးရာသီရောက်တိုင်း ရေကြီးနစ်မြုပ်မှု ဒဏ်ကိုခံစားရပါတယ်။ ဒါကြောင့် ဦးစားပေးအလိုက် ဆောင်ရွက်နေပါတယ်။ အခုနှစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာလည်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ အသုံးပြုပြီး ဆောင်ရွက်တဲ့ ချောင်းကော၊ မြောင်းကော တူးဖော်ပေးတဲ့ လုပ်ငန်းသုံးခုရှိပါတယ်။ ဒီလုပ်ငန်းသုံးခုထဲမှာ ညောင်လေးပင်မြို့နယ် ချိန်းချောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းအပိုင်း (၂) က တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၁ ရက်မှာ လုပ်ငန်းစတင်ခဲ့ပြီး မတ် ၃၀ ရက်မှာ ရာနှုန်းပြည့်ပြီးစီးခဲ့ပါပြီ" ဟု ပဲခူးခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်မိုးညွှန့်က ပြောသည်။

မုက္ခမူချောင်း(ခ)ချိန်းချောင်းသည် ညောင်လေးပင်မြို့နယ်၏ အဓိကပင်မ ရေနုတ်ချောင်းမကြီးဖြစ်သည့်အလျောက် ယင်းချိန်းချောင်းအပိုင်း(၂)အား တူးဖော်ခြင်းကြောင့် ချောင်းဘေး ဝဲ/ ယာ တစ်လျှောက်ရှိ ကျေးရွာအုပ်စုခြောက်အုပ်စုရှိ လယ်မြေဧရိယာကေပေါင်း ၁၂၀၀၀ ကျော်အား ရေကြီးနစ်မြုပ် ပျက်စီးမှုမှ လျှော့ချနိုင်ခဲ့ပြီး ယခင်ဆောင်းသီးနှံ တစ်မျိုးတည်းသာ စိုက်ပျိုးလုပ်ကိုင်ကြရရာမှ မိုးစပါးများ စိုက်ပျိုးခြင်း၊ ဆောင်းသီးနှံနှင့် နွေစပါးများပါ တိုးချဲ့စိုက်ပျိုးလုပ်ကိုင်လာနိုင်မည် ဖြစ်သည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်စပ်မှ အသဝိအင်းအထိ မုက္ခမူချောင်း(ခ) ချိန်းချောင်း အပိုင်း (၃) ဆက်လက် တူးဖော်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

ထိုကဲ့သို့ မုက္ခမူချောင်း(ခ)ချိန်းချောင်း ပြန်လည်တူးဖော်ခြင်းအပါအဝင် နိုင်ငံအတွင်းရှိ ချောင်းကော၊ မြောင်းကောနှင့် ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဦးစားပေးအလိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

### ရရှိရန်ပုံငွေအပေါ်မူတည်

"အဓိကကတော့ ပြောင်းလဲလာတဲ့ ရာသီဥတုဖြစ်စဉ်များနဲ့ လိုက်လျောညီထွေရှိဖို့၊ ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်မှ လျော့ပါးသက်သာစေဖို့အတွက် ချောင်းကော၊မြောင်းကောနဲ့ ရေနုတ်မြောင်းတူးဖော်တာတွေ ဆောင်ရွက်ပါတယ်။ အခုနှစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ရေနုတ်မြောင်း တူးဖော်တဲ့ လုပ်ငန်း ၂၅ ခုကို တိုင်းဒေသကြီး ငါးခုမှာ ဆောင်ရွက်ခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာ လေးခု၊ ပဲခူးတိုင်းဒေသကြီးမှာ ရှစ်ခု၊ မကွေးတိုင်းဒေသကြီးမှာ နှစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးမှာ ခြောက်ခုနဲ့ ဧရာဝတီတိုင်းဒေသကြီးမှာ ငါးခုကို ရန်ပုံငွေကျပ် ၉၆၈ ဒသမ ၈၇၀ သန်း သုံးစွဲဆောင်ရွက်ခဲ့တယ်။ လာမယ့်နှစ်တွေမှာလည်း ရရှိတဲ့ရန်ပုံငွေပေါ်မူတည်ပြီး ဦးစားပေးအလိုက် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖိုလ်ဖိုလ်ကျော်က ပြောကြားသည်။

နိုင်ငံအတွင်း ရေဘေးကာကွယ်ရေးနှင့် ရေငန်တားတာအရေအတွက် ၂၂၁ ခု၊ အလျားမိုင်ပေါင်း ၂၄၆၆ မိုင်ခန့်ရှိပြီး အဆိုပါတာများ ကြံ့ခိုင်မှုရှိစေရေးအတွက် နှစ်စဉ်မိုးရာသီမတိုင်မီ ပြုပြင်ခြင်းများ၊ ပန်းတာလိုအပ်သည့်နေရာများတွင် ပန်းတာသစ်လုပ်ဆောင်ခြင်းများကို

*စာမျက်နှာ ၇ သို့*



လယ်ဝေးမြို့နယ် ပေါက်မြိုင်စနစ်ကျလယ်ယာမြေဖော်ထုတ်စိုက်ပျိုးထားမှုကို တွေ့ရစဉ်။



ဘော်ဘင်ရေသောက်စနစ်အဆင့်မြှင့်တင်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။



လယ်ဝေးမြို့နယ် ပုံချီစနစ်ကျလယ်ယာမြေဖော်ထုတ်စိုက်ပျိုးထားမှုကို တွေ့ရစဉ်။



ဆွာရေသောက်စနစ်အဆင့်မြှင့်တင်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၆ မှ*

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနသည် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ရန်ပုံငွေများ အသုံးပြုဆောင်ရွက်ခဲ့ကာ ယခုမိုးရာသီကာလတစ်လျှောက်လုံးမှာလည်း ၂၄ နာရီ ကင်းလှည့်စောင့်ကြည့် ထိန်းသိမ်းသည့် လုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံများ၏ ဘေးကင်းလုံခြုံမှု (Dam Safety) နှင့်ပတ်သက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် အထူးအလေးပေး ဆောင်ရွက်လျက်ရှိသည်။ နေ့စဉ်ပုံမှန် စစ်ဆေးခြင်း (Visual Inspection Report on Dam Surveillance) အစီရင်ခံစာပါ လုပ်ငန်းစဉ်များအတိုင်း ပုံမှန်စောင့်ကြည့်လျက်ရှိပြီး တမံစစ်ဆေးရေးအဖွဲ့ (၄) ဖွဲ့ ဖွဲ့စည်း၍ နိုင်ငံအဝန်းရှိ ရေလှောင်တမံများ အားလုံးကို အသေးစိတ်ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထို့ပြင် ကမ္ဘာ့ဘဏ်မှ ကျွမ်းကျင်ပညာရှင်များနှင့် Dam Safety Management အလုပ်ရုံ ဆွေးနွေးပွဲပြုလုပ်ကာ ရရှိလာသည့် နည်းပညာဆိုင်ရာဗဟုသုတများကို အခြေခံ၍ ရေလှောင်တမံတွင် သဘာဝဘေးအန္တရာယ်တစ်ရပ်ရပ်ကြောင့် ကျိုးပေါက်မှု မဖြစ်ပေါ်စေရေးနှင့် အရေးပေါ်အခြေအနေ တစ်ရပ်ဖြစ်ပေါ်လာပါက တမံအောက်ဘက်ရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ပျက်စီးမှု လျော့ပါးသက်သာစေရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဆက်စပ်ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ကြိုတင်စီမံခန့်ခွဲ ဆောင်ရွက်နိုင်ရန် ရေလှောင်တမံတစ်ခုချင်းအလိုက် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက် (Emergency Preparedness Plan – EPP) များ စနစ်တကျရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့ ဦးစီးဌာနက တည်ဆောက်ထိန်းသိမ်းထားရှိပြီးဖြစ်တဲ့ ရေလှောင်တမံ အရေအတွက်ပေါင်း ၂၃၅ ခု ရှိပါတယ်။ အများစုဟာ မြေသားရေလှောင်တမံများဖြစ်သလို တည်ဆောက်ပြီးကာလမှာနှစ် ၂၀ ကျော်တွေများပါတယ်။ ဒါကြောင့်မို့ ရေလှောင်တမံများ ဘေးကင်းလုံခြုံမှု (Dam Safety)နဲ့ပတ်သက်ပြီး ဦးစားပေးအဆင့်ထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အခုလိုမိုးရာသီကာလမှာ အထူးဂရုစိုက်ပြီး စောင့်ကြပ် ထိန်းသိမ်းဆောင်ရွက်နေပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်က ပြောသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်နဝင်းရေလှောင်တမံ၏ အောက်ဘက်တွင် နေထိုင်သော ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုအတွက် ဘေးကင်းလုံခြုံမှု တည်နေရာပြမြေပုံကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရေးဆွဲနိုင်ခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ကညင်၊ မမြ၊ မုက္ခာ၊ သုံးဆယ် ရေလှောင်တမံများ၏ ဘေးကင်းလုံခြုံမှု တည်နေရာပြမြေပုံများကို ဆက်လက်ရေးဆွဲလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီ နယ်မြေတို့ရှိ ဆွာချောင်း၊ ဘောနီ၊ သဲကော၊ မာလဲနတ်တောင်၊ မြောက်ယမား၊ ဆင်သေ၊ ငလိုက်ရေလှောင်တမံများ၏ ဘေးကင်းလုံခြုံမှု တည်နေရာပြမြေပုံများကို ကမ္ဘာ့ဘဏ်၏ အတိုင်ပင်ခံအဖွဲ့ဖြစ်သော KRC အဖွဲ့နှင့် ပူးပေါင်းရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် တည်ဆောက်ထားသည့် ဆည်တာတမံများမှ ပြည်သူများထံ စိုက်ပျိုးရေပေးဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ လယ်ကြားမြောင်းတူးဖော်ခြင်းမရှိဘဲ ကွက်ဆင့်သောက်စနစ်ကိုအသုံးပြု၍ ရေယူခြင်းကြောင့် ရေလှည့်စနစ်ပေးဝေရာတွင် အဆင်မပြေခြင်း၊ ရေလုံလောက်စွာမရခြင်း စသည့်အခက်အခဲများကို အဓိကတွေ့ကြုံဖြေရှင်းရလျက်ရှိသည်။

ထို့ကြောင့် တည်ဆောက်ပြီး ရေလှောင်တမံ၊ ရေလွှဲဆည်များမှရေကို အသုံးပြုပြီး စိုက်ပျိုးရေပေးဝေခြင်း ဆောင်ရွက်သည့်အခါ ရေလေလွင့်ဆုံးရှုံးမှုနည်းကာ အကျိုးရှိစွာဖြင့် သုံးစွဲနိုင်ရေးကို ဦးတည်ပြီး တိုက်ရိုက်ရေပေးမြောင်း တစ်ခုချင်းအလိုက် ရေအသုံးချသူများအဖွဲ့ (Water User Group– WUG)များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

"အခု ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအထိ WUG အဖွဲ့ပေါင်း ၇၉၀၆ အဖွဲ့နဲ့အဖွဲ့ဝင်တောင်သူ ဦးရေပေါင်း ၂၂၇၂၉၈ ဦးကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့အဓိကဦးတည်တာကတော့ ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ကို အခြေခံပြီး ရေစီမံခန့်ခွဲမှု ပိုမိုစနစ်တကျရှိအောင် ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

ယခုနှစ်မိုးရာသီအတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားရှိသော ရေလှောင်တမံ ၂၃၅ ခုတွင် အများစုမှာ ရေဝင်ရောက်မှုနည်းပါးပြီး ရေလှောင်ပမာဏသိသာစွာ လျော့နည်းကျဆင်းလျက်ရှိနေသည့်အတွက် ဆည်ရေသုံးစွဲရာတွင် ရေအလေအလွင့်နည်းပါးစွာ စနစ်တကျသုံးစွဲနိုင်စေရန် ရေအသုံးချသူများအဖွဲ့ (WUG) များနှင့် ပူးပေါင်းကာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းအားဖြင့် ရေစီမံခန့်ခွဲမှုစနစ် ပိုမိုအားကောင်းလာပြီး ရေကိုပိုမိုချွေတာနိုင်ကာ စိုက်ပျိုးရေဖူလုံမှုကို အထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်သည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် လက်ရှိအစိုးရလက်ထက်၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စိုက်ပျိုးရေရရှိရေးလုပ်ငန်းပေါင်း ၁၃၂၉၆ ခု၊ ရေကြီးနစ်မြုပ်မှုကာကွယ်ရေးအတွက် ရေနုတ်မြောင်းနှင့် ရေဘေးကာကွယ်ရေးတာ အပါအဝင်လုပ်ငန်း ၄၅၁၉ ခုနှင့် သောက်သုံးရေရရှိရေးလုပ်ငန်း ၁၂၅၅ ခုကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

"အခု အစိုးရလက်ထက်မှာ လုပ်ငန်းပမာဏကြီးမားပြီး ရင်းနှီးမြှုပ်နှံမှုပမာဏများပြားတဲ့ စီမံကိန်းအသစ်တွေကို တည်ဆောက်ခြင်းမပြုဘဲအချိန်တိုအတွင်း ချက်ချင်းအကျိုးခံစားနိုင်တဲ့ ဆည်ရေသောက်စနစ်တွေကို ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။ အထူးသဖြင့် ရေလှောင်တမံ၊ ရေလွှဲဆည်တည်ဆောက်ပြီးစီးပေမယ့် ဆည်ရေသောက်စနစ်မပြီးသေးတဲ့လုပ်ငန်းတွေ ပြီးစီးအောင်၊ တည်ဆောက်ပြီး ကာလကြာမြင့်လာတဲ့အတွက် ရေပေးမြောင်းတွေ စွမ်းဆောင်ရည်ကျဆင်းလာတဲ့ရေသောက်စနစ်တွေ အဆင့်မြှင့်တင် ပြုပြင်တာတွေ ဆောင်ရွက်ခဲ့ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

ထိုသို့ဆောင်ရွက်သည့်အခါ နိုင်ငံတော်ရန်ပုံငွေအပြင် ကမ္ဘာ့ဘဏ်၊ ဂျပန် ODA ချေးငွေ အစရှိသည့်နိုင်ငံတကာချေးငွေများဖြင့်လည်း ရယူဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် ရေသွင်းစိုက်ပျိုးနိုင်သောဧကများ တိုးတက်လာပြီး နွေစပါးနှင့် အခြားသီးနှံများကို ယခင်က ထက် တိုးတက်ရေပေးဝေ စိုက်ပျိုးလာနိုင်မည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ရှင်းပြသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်ရေးအတွက် တည်ဆောက်ပြီး ဆည်ရေသောက်စနစ်များ အဆင့်မြှင့်တင် ပြုပြင်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေဖြင့်လည်းကောင်း၊ နိုင်ငံတကာအကူအညီများရယူ၍လည်းကောင်း အကောင်အထည်ဖော်လျက်ရှိရာ ပဲခူးအနောက်ဘက်ခြမ်းတွင် ဂျပန်နိုင်ငံ(ODA) ချေးငွေဖြင့် မြောက်နဝင်း၊ တောင်နဝင်း၊ ဝဲကြီးနှင့်တောင်ညို ရေသောက်စနစ်များ အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ရေသောက်ဧရိယာဧက နှစ်သိန်းကျော်ကို စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်ပြီဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆင်သေ၊ ဆွာချောင်း၊ မာလဲနတ်တောင်နှင့် မြောက်ယမား ရေလှောင်တမံတို့၏ ဆည်ရေသောက်စနစ်များကို ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ အဆင့်မြှင့်တင် ပြုပြင်ပေးလျက်ရှိကြောင်း၊ ယခု ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် ငလိုက်ရေလှောင်တမံ၊ ဇီးတောရေလွှဲဆည်၊ ဘောနီရေလှောင်တမံ၊ သဲကောရေလှောင်တမံတို့၏ ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော်လျက်ရှိကြောင်း သိရှိရသည်။

ဂျပန်နိုင်ငံ (ODA) ချေးငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သဖန်းဆိပ်ဆည်ရေသောက် စနစ်အဆင့်မြှင့်တင် ပြုပြင်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိရာ စီမံကိန်းပြီးစီးပါက မူလဆည်ရေသောက်ဧရိယာဧကငါးသိန်းခန့်ကို စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ သိရသည်။

ထို့အပြင် တည်ဆောက်ပြီး ကာလ ၅၂ နှစ် ကြာမြင့်ခဲ့ပြီဖြစ်သော ဝိုင်းမော်မြို့နယ်၊ ဝါရှောင်ရေလွှဲဆည် အကြီးစားပြုပြင်ခြင်း လုပ်ငန်းများဖြစ်သည့် ရေဝပ်ဧရိယာအတွင်း သဲနုန်းတူးဖော်ခြင်းနှင့် ရေပေးအဆောက်အအုံများ ပြုပြင်ခြင်းများကို ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများပြီးစီးပါက မူလ ရေသောက်ဧရိယာ ၁၁၄၄၆ ဧကကို ပြည့်မီစွာ စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် ပြည်သူများ သောက်သုံးရေ ရရှိရေးအတွက် ရေရှားပါးသော စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်၊ ပုလဲဒေသမှ ရေလျှံဖုန်များတွင်တူးဖော်ထားသော ရေလျှံတွင်းများကို လိုအပ်သောအချိန်တွင် အသုံးပြု၍ မလိုအပ်သောအချိန်တွင် ပိတ်ထားခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် မြေအောက်ရေသယံဇာတ ရေရှည်တည်တံ့ရေးအတွက် ပိုက်ထောင်၍ ဂိတ်ဘားတပ်ခြင်း ၁၂၃၉ တွင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့မြောက်ဘက် ခုနစ်မိုင်ခန့်အကွာ ရွာငံ–ဟန်မြင့်မိုရ် ကားလမ်းပေါ်တွင် တည်ရှိ၍ ဓနုတိုင်းရင်းသား ကျေးရွာဖြစ်သည့် ဆင်နက်ချောင်ကျေးရွာသည် သောက်သုံးရေ ရှားပါးပြတ်လပ်မှု ကြုံတွေ့နေရခြင်းကြောင့် အနက်ပေ ၆၀၀၊ အချင်းခြောက်လက်မ စက်ရေတွင်း တူးဖော်အောင်မြင်ခဲ့ရာ ရေထွက်နှုန်း ၁၀၀၀ ဂါလန်/ နာရီ ရေထွက်ရှိခဲ့ပြီး ဒေသခံပြည်သူများ၏ ရေအခက်အခဲ ပြေလည်စေခဲ့သည်။

ထိုကဲ့သို့ ပြည်သူများအတွက် ရေအသုံးချရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် စိုက်ပျိုးသီးနှံများ ဖြစ်ထွန်းအောင်မြင်ရန် မရှိမဖြစ်လိုအပ်သည့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြို့ရွာများနှင့် စိုက်ပျိုးပြီးသီးနှံများ ရေကြီးနစ်မြုပ်မှု မရှိစေရေးအတွက် ရေဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် သောက်သုံး ရေရရှိရေးအတွက် ဆည်ငယ်၊ ကန်ငယ်များ ပြုပြင်တူးဖော်ခြင်းနှင့် သောက်သုံးရေစက်ရေတွင်းများတူးဖော်ခြင်းတို့ကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ လိုအပ်ချက်အလိုက် ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများအပြင် တည်ဆောက်ပြီးစီးသည့် ဆည်မြောင်းစီမံကိန်းများနှင့် မူလစီမံကိန်း လျာထားချက်အတိုင်း မပြီးစီးဘဲ ကျန်ရှိနေသည့် ရေသောက်စနစ်လုပ်ငန်းများကို ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်ခြင်း၊ တည်ဆောက်ပြီးအသုံးပြုခဲ့သည့် သက်တမ်းကြာ၍ ပျက်စီးနေသော ဆည်မြောင်းစီမံကိန်းများ၏ ရေသောက်စနစ်များနှင့် ရေပေးအဆောက်အအုံများကို ဒေသအလိုက် ဦးစားပေးလိုအပ်ချက်အရ အသစ်ပြန်လည်မွမ်းမံ အကောင်အထည်ဖော်ခြင်းတို့ကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်ရင်းဖြင့် ပြည်သူတို့၏ အကျိုးစီးပွား၊ ဒေသခံတောင်သူများ၏ အကျိုးစီးပွားအတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်ဖော်ဆောင်လျက်ရှိပါကြောင်း။ ။

**"ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် လက်ရှိအစိုးရလက်ထက်၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စိုက်ပျိုးရေရရှိရေးလုပ်ငန်းပေါင်း ၁၃၂၉၆ ခု၊ ရေကြီးနစ်မြုပ်မှုကာကွယ်ရေးအတွက် ရေနုတ်မြောင်းနှင့် ရေဘေးကာကွယ်ရေးတာအပါအဝင် လုပ်ငန်း ၄၅၁၉ ခုနှင့် သောက်သုံးရေရရှိရေးလုပ်ငန်း ၁၂၅၅ ခုကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရ"**

## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# မင်းသားကြီးမြင့်စိုးနှင့် ရုပ်ရှင်စကားဝိုင်း

### ဒါရိုက်တာကြည်စိုးထွန်း တွေ့ဆုံမေးမြန်းသည်

**ဒီတစ်ပတ် စကားဝိုင်းမှာပြောမယ့် မင်းသားကတော့ လူချောမင်းသားလို့ ပြောရပါလိမ့်မယ်။ ဘာလို့လဲဆိုတော့ လူချော လူလှမင်းသားတွေထဲက ကံအားလျော်စွာ ကျန်နေတဲ့ မင်းသားတစ်ဦးနဲ့ ရုပ်ရှင်စကားဝိုင်းကို ပြောကြားမှာ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ သူ့ကို မင်းသားကြီးလို့ပဲ ခေါ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့နာမည်က အင်မတန် နာမည်တူများပါတယ်။ ကျွန်တော်နဲ့ ပထမဆုံး ရုပ်ရှင်စကားဝိုင်းမှာ စပြီးတော့ ဆွေးနွေးတဲ့ပုဂ္ဂိုလ်ကလည်း ရုပ်ရှင်မှာ ဘီအေဘွဲ့ရတဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်ပါတယ်။ သူ့နာမည်က ဦးမြင့်စိုး ဖြစ်ပါတယ်။**

ထို့အတူပဲ ကျွန်တော့်ရဲ့ မိတ်ဆွေပေါ့လေ သူငယ်ချင်း၊ လောလောဆယ် ဒါရိုက်တာ လုပ်နေတဲ့ မြင့်စိုး (ဂ/သ) ဆိုတာလည်း တစ်ယောက်ရှိပါတယ်။

မြင့်စိုးဆိုတဲ့ နာမည်တွေက ပေါများတဲ့ အတွက် ကျွန်တော်နဲ့ အခုစကားပြောမယ့် လူချောလူလှ မင်းသားကြီး မြင့်စိုးကို ကျွန်တော်က မင်းသားကြီး မင်းသားကြီး လို့ပဲ ကျွန်တော်က ခေါ်ဝေါ်လေ့ရှိပါတယ်။ ဟိုဦးမြင့်စိုးကလည်း ဘီအေဦးမြင့်စိုးကြီးပေါ့။ ဟိုမြင့်စိုး ကျတော့လည်း မြင့်စိုး(ဂ/သ)ပေါ့။ ဒီမြင့်စိုးကျတော့ မင်းသားကြီးမြင့်စိုးဖြစ်ပါတယ်။ အခု ကျွန်တော်နဲ့ မင်းသားကြီးမြင့်စိုးနဲ့ ရုပ်ရှင်စကားဝိုင်းကို စတင်မှာဖြစ်ပါတယ်။



အမည် - မင်းသားကြီး မြင့်စိုး
(၁၉၂၈ - ၂၅. ၁၁. ၂၀၁၆)
အနုပညာအမည် - မြင့်စိုး
တာဝန်ယူခဲ့သော - အသံတိတ်ရုပ်ရှင်မင်းသား
အနုပညာလုပ်ငန်းများ - ပြဇာတ်မင်းသား



အမည် - ဦးကြည်စိုးထွန်း
(၉. ၁၂. ၁၉၄၅ - )
အနုပညာအမည် - ကြည်စိုးထွန်း
တာဝန်ယူခဲ့သော - ရုပ်ရှင်ဇာတ်ညွှန်း/ဒါရိုက်တာ
အနုပညာလုပ်ငန်းများ - နာယက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

**ကြည်စိုးထွန်း ။ ။** မင်းသားကြီး နေကောင်းရဲ့လား။

**မင်းသားကြီးမြင့်စိုး ။ ။** ဟုတ်ကဲ့ ဆရာ၊ နေကောင်း တယ်ဆိုမှ ဆရာရဲ့ ဆောင်းပါးအတိုင်း နေနည်း ကျွန်တော် ဖြေနည်းလေးရှိပါတယ်။

**ကြည်စိုးထွန်း ။ ။** ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး ။ ။** ဆရာတော် ကြီး ပဏ္ဍိတာရာမ ရွှေတောင်ကုန်းဆရာတော် ဘုရားကြီးက နေကောင်းလားလို့မေးရင်တဲ့ နေကောင်းပါတယ်ကွာလို့ ဖြေရင် ငါကျန်းမာတာပဲဆိုပြီး မာနတက်သွားတတ်တယ်တဲ့ ။

**ကြည်စိုးထွန်း ။ ။** ဟုတ်ပါတယ်။

**မင်းသားကြီးမြင့်စိုး ။ ။** နေမကောင်းဘူး ဆိုရင်လည်း စိတ်ဆင်းရဲရတယ်တဲ့။

**ကြည်စိုးထွန်း ။ ။** ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး ။ ။** ပြောတဲ့၊ မေးတဲ့ လူလည်းမကောင်းဘူးတဲ့။ အဲဒီတော့ ကျွန်တော်လည်း အသက် ရှစ်ဆယ်ကျော်တော့ ကျန်းမာရေးကအိုတဲ့၊ နာတဲ့ ဖြစ်လာပြီဆိုတော့ ရတနာသုံးပါး ဂုဏ်ကျေးဇူး ကျေးမွေးစောင့်ရှောက်လှူနေတဲ့ စေတနာရှင်တွေရဲ့ ဂုဏ်ကျေးဇူးကြောင့် အခုထက်ထိ နေသာပါတယ်လို့ပဲ ပြောရမှာပဲ ဆရာရယ်။

**ကြည်စိုးထွန်း ။ ။** ရှစ်ဆယ်ဘယ်လောက် ကျော်ပြီလဲ။

**မင်းသားကြီးမြင့်စိုး ။ ။** ရှစ်ဆယ့်တစ်နှစ်ရှိ သွားပြီ။

**ကြည်စိုးထွန်း ။ ။** တစ်နှစ်ပဲ ကျော်ပါသေးတယ်။ အများကြီး ငယ်ပါသေးတယ်၊ ငယ်ပါသေးတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ငယ်ငယ်တုန်းက ကြည့်ခဲ့တဲ့ ကားတွေထဲမှာဆိုရင် အင်မတန် ချောတဲ့ မင်းသားတွေ ကျွန်တော်က တွေ့တာကိုး။ အမှန်က မင်းသားကြီးလည်း ပါတာပေါ့နော်။ မင်းသားကြီးတို့၊ ခင်မောင်ဇင်တို့၊ ကျွန်တော်ဒီနေရာမှာပေါ့လေ မင်းသားကြီး ကျွန်တော့်ကို နည်းနည်းလေးတစ်ခု ခွင့်လွှတ်ရမှာတော့။

**မင်းသားကြီးမြင့်စိုး ။ ။** ဟုတ်ကဲ့ ဆရာ။

**ကြည်စိုးထွန်း ။ ။** ကျွန်တော် ရှေ့က နာမည်တွေ တပ်မပြောတတ်ဘူး ။

**မင်းသားကြီးမြင့်စိုး ။ ။** သြော်ရပါတယ်။

**ကြည်စိုးထွန်း ။ ။** ဦးခင်မောင်ဇင်တို့။

**မင်းသားကြီးမြင့်စိုး ။ ။** မှန်တာပေါ့။

**ကြည်စိုးထွန်း ။ ။** ဦးခင်မောင်ညွှန့် တို့ ဒီလို ပြောရမယ့်အစားသူတို့ရဲ့ အနုပညာနာမည်လေးကို ကျွန်တော်က ပြောပြောနေတာလေးကို။

**မင်းသားကြီးမြင့်စိုး ။ ။** သြော် ဟုတ်တာပေါ့၊ မှန်တာပေါ့။

**ကြည်စိုးထွန်း ။ ။** ဒါလေးတော့ သည်းခံပြီးတော့ နားထောင်ပေးပါနော်။ ဘာလို့လဲဆို သူတို့ရဲ့ ကြော်ငြာထဲဖတ်လိုက်တယ်ဆိုရင် ဒါခင်မောင်ဇင်ပဲပေါ့။ နောက်ပြီးတော့ ခင်မောင်ညွှန့်ပဲပေါ့၊ အဲဒီလိုပေါ့။ အဲဒီလိုချောတဲ့လူတွေထဲမှာဆိုရင် နောက်ကျန်သေးတယ် တင်ထွန်းတို့။

**မင်းသားကြီးမြင့်စိုး ။ ။** ဟုတ်ပါတယ်။

**ကြည်စိုးထွန်း ။ ။** တကယ့် လူချောတွေပေါ့။ နောက် ဒီက မြင့်စိုးတို့ပေါ့ဟုတ်လား။ မြင့်စိုးတို့၊ ခင်မောင်ဇင်တို့ အဲဒီအကြောင်းလေးတွေ ကျွန်တော် ပြောချင်တာပေါ့။

**မင်းသားကြီးမြင့်စိုး ။ ။** ဟုတ်ကဲ့ဆရာ။

**ကြည်စိုးထွန်း ။ ။** ဒီမှာလည်း ကံအားလျော်စွာ ကျွန်တော့်ရဲ့ ဒီရုပ်ရှင်စကားဝိုင်းမှာ ရှေးဘဝက သီလကောင်းခဲ့တော့ ဒီဘဝမှာလည်း အသက်ရှည်ရှည်နေရတဲ့ မင်းသားကြီးတို့နဲ့ ကျွန်တော်တို့ စကားပြောရတာကို ကျွန်တော့်အနေနဲ့ ဒါအင်မတန် ပီတိဖြစ်ပါတယ်၊ ဝမ်းလည်းသာပါတယ်။

**မင်းသားကြီးမြင့်စိုး ။ ။** ကျွန်တော် လည်း အတူတူပါပဲ။

**ကြည်စိုးထွန်း ။ ။** ဟုတ်ကဲ့၊ အဲဒီတော့ ပရိသတ်ကလည်း သိချင်မှာပေါ့လေ။

**မင်းသားကြီးမြင့်စိုး ။ ။** ဟုတ်တာပေါ့ဆရာ။

**ကြည်စိုးထွန်း ။ ။** ဒီတော့ အရင်က အင်မတန် ချောမောလှပတဲ့ မင်းသားကြီးတွေက ဘယ်လိုများ ဒီရုပ်ရှင်လောကထဲကို ဝင်လာသလဲ၊ ဘယ်လိုများ အနုပညာကို ဝါသနာပါကြလဲဆိုတာ ဒီနေ့ ဒီရုပ်မြင်သံကြား ပရိသတ်ကလည်း သိချင်မှာပါပဲ ။

**မင်းသားကြီးမြင့်စိုး ။ ။** ထောင့်ကိုးရာလေး ဆယ့်ကိုး ခုနှစ်လောက်က လွတ်လပ်ရေးပြီးခါစကပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း ။ ။** မှန်တာပေါ့ ခင်ဗျာ။

**မင်းသားကြီးမြင့်စိုး ။ ။** အဲဒီချိန်ခါက ရုပ်ရှင် ခေတ်မစား သေးဘူး၊ ပြဇာတ်ခေတ်စားနေတယ်။

**ကြည်စိုးထွန်း ။ ။** ဟုတ်ပါတယ် ခင်ဗျ၊ ဟုတ်ပါတယ်ခင်ဗျ။

**မင်းသားကြီးမြင့်စိုး ။ ။** ပြဇာတ် မင်းသားတွေ မျိုးချစ်တို့၊ ကျော်အေးတို့၊ ခင်မောင်မြင့်တို့ပေါ့ခင်ဗျာ။

**ကြည်စိုးထွန်း ။ ။** ဟုတ်ပါ့ခင်ဗျာ။

**မင်းသားကြီးမြင့်စိုး ။ ။** ခေတ်စားနေတော့ ရုပ်ရှင် မင်းသား ကျွန်တော်မဖြစ်ချင်သေးဘူး။ ပြဇာတ် မင်းသားဖြစ်ချင်တယ်။ ဖြစ်ချင်တော့ ကျွန်တော် လူထုကောလိပ်မှာနေတဲ့ ဆရာ ဦးစိန်ဝင်းကနေပြီးတော့ ငါ့မိတ်ဆွေ တစ်ယောက်ရှိတယ်ကွ၊ ပြဇာတ်ဒါရိုက်တာ တက္ကသိုလ်စိုး။

**ကြည်စိုးထွန်း ။ ။** သြော် သိပါတယ်ခင်ဗျ၊ သီချင်းရေးတာ သိပ်ကောင်းတာပဲနော်။

**မင်းသားကြီးမြင့်စိုး ။ ။** ဟုတ်တယ် သီချင်း ရေးလည်း ကောင်းတယ်။ ပြဇာတ်ဒါရိုက်တာ၊ ရုပ်ရှင် ဒါရိုက်တာ လည်းလုပ်တယ် ။

**ကြည်စိုးထွန်း ။ ။** သြော် ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး ။ ။** လုပ်ခဲ့သေးတယ်၊ အဲဒီတော့ သူနဲ့ သွားအပ်ပေးမယ်ဆိုပြီး သွားအပ်ပေးတာ။

**ကြည်စိုးထွန်း ။ ။** ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး ။ ။** သွားအပ်ပေးတော့ ဆရာ တက္ကသိုလ်စိုးက မင်းသီချင်းအရင်ဆို ဆိုတော့ ကျွန်တော်ပြဇာတ်မင်းသားမဖြစ်ခင် သူ့ဝိုင်းမှာ သီချင်းဆိုနေတော့ အဆိုတော်ဖြစ်သွားတယ်။

**ကြည်စိုးထွန်း ။ ။** သြော်။

**မင်းသားကြီးမြင့်စိုး ။ ။** အဆိုတော် စဖြစ်ပါတယ်။

**ကြည်စိုးထွန်း ။ ။** ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး ။ ။** အဆိုတော်ဟိုတုန်းက တစ်ခါလာလည်း ဘီအေအိုင်အေ။

**ကြည်စိုးထွန်း ။ ။** တစ်ခါလာ လည်း ဘီအေအိုင်။

**မင်းသားကြီးမြင့်စိုး ။ ။** ဘီအေအိုင်အေ ငါ့သားလေး ဘီအေအိုင်အေ။ ငါ့အမျိုးဝန် ဝန်ထောက်၊ အဲဒါ တော်တော်နာမည်ကြီးတယ် ။

**ကြည်စိုးထွန်း ။ ။** ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး ။ ။** နောက်ပြီး တော့ "လိမ္မာတယ် လိမ္မာတယ် ဘုရားပန်း ဆွမ်းချက် သီလယူမယ်"။ လိမ္မာပါတယ် လိမ္မာတယ် တရားလည်းမြဲတဲ့ အလိမ္မာလေးရယ်...။

**ကြည်စိုးထွန်း ။ ။** သြော်။

**မင်းသားကြီးမြင့်စိုး ။ ။** အလိမ္မာလေး ဟိုတုန်းက နာမည်ကြီးခဲ့တာ။

**ကြည်စိုးထွန်း ။ ။** ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး ။ ။** နောက် ပင်တိုင်ကျော့မှုုး မြို့ရန်ကုန် ရွှေတိဂုံဘုရား။

**ကြည်စိုးထွန်း ။ ။** ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး ။ ။** ခရာတာတာ ကိုကြီးသာရင်။

**ကြည်စိုးထွန်း ။ ။** ကိုကြီးသာရင်။

**မင်းသားကြီးမြင့်စိုး ။ ။** ကိုကြီးသာရင် လုံမ လုံမအပျိုစင် အဲဒီ သီချင်းလည်း အတော်နာမည်ကြီးခဲ့တယ်။

**ကြည်စိုးထွန်း ။ ။** သြော် မိုးလင်းလုပြီ ဆိုတာ အဲဒီဥစ္စာလား။

**မင်းသားကြီးမြင့်စိုး ။ ။** မိုးလင်းလုပြီ။

**ကြည်စိုးထွန်း ။ ။** မိုးလင်းလုပြီ ကိုကြီးသာရင်။

**မင်းသားကြီးမြင့်စိုး ။ ။** အဲဒီမှာ ပြောပြဦးမယ်။

**ကြည်စိုးထွန်း ။ ။** ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး ။ ။** ကျွန်တော်တို့ အသံလွှင့်တော့ "မိုးလင်းလုပေါ့ ကိုကြီးသာရင် လုံမ လုံမအပျိုစင် ငါ့နွားလေးဘယ်ရောက်နေ" ဆိုတော့ အဲဒီမှာ နွားအော်သံကို ဟိုကနေပြီးတော့ ထရမ်းပက်နဲ့ လုပ်ပေးရတယ်။

**ကြည်စိုးထွန်း ။ ။** သြော် ဝမ်းဘဲ။

**မင်းသားကြီးမြင့်စိုး ။ ။** ဝမ်းဘဲဆိုပြီးတော့ နွားအော်သံနဲ့ မတူဘူး၊ ကျွန်တော်တို့ ဟိုလိုပေါ့။

*စာမျက်နှာ ၉ သို့*


ခင်မောင်ဇင်


တင်ထွန်း


မျိုးချစ်


ကျော်အေး


ခင်မောင်မြင့်


တက္ကသိုလ်စိုး

*စာမျက်နှာ ၈ မှ*

**ကြည်စိုးထွန်း** ။ ။ ဆိတ်အော်သံလိုပေါ့။

**မင်းသားကြီးမြင့်စိုး** ။ ။ မီးရထားအော်သံ လိုလို ဘာလိုလိုနဲ့ ဝမ်းဘော်ဆိုပြီးတော့ ကျွန်တော်တို့ အဲဒါလေး ဟာသဖြစ်ရသေးတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ကြားဖူးတယ်၊ အဲဒီသီချင်း အခုမရှိတော့ဘူးလား မသိဘူးနော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်ကဲ့ အဲဒီမှာ ကျွန်တော်က ဆရာတက္ကသိုလ်စိုးဆီရောက်တော့ မြို့ ရန်ကုန်ရွှေတိဂုံဘုရားxx တန်ခိုးကြီးလို့ ဖူးပါနော်၊ ကျွန်တော်ရယ်၊ အဆိုတော် စိုးအောင်ရယ်၊ သေသွားတဲ့ စိုးသန်းရယ်။

**ကြည်စိုးထွန်း** ။ ။ ဩော်။

**မင်းသားကြီးမြင့်စိုး** ။ ။ အတူ ဆိုတော့ ကျွန်တော့်ကို မေးတယ်။ မောင်မြင့်စိုး မင်းဘယ်အပိုဒ်ကို ဆိုမလဲ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော့်ကို ချစ်တယ်၊ ဆရာတက္ကသိုလ်စိုးက။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ဆရာတက္ကသိုလ်စိုး ပုံလည်း ကျွန်တော့်ဆီမှာရှိပါတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီလို ချစ်တော့ ကျွန်တော့်ကို သူတို့ မဆိုချင်တဲ့အပိုဒ် ကျွန်တော်ဆိုမယ်။

**ကြည်စိုးထွန်း** ။ ။ ဟာ ဆိုမယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော်ဆိုမယ် အဲဒီလို မဆိုချင်တဲ့အတွက်၊ မလုပ်ချင်တဲ့အတွက်၊ လုပ်တဲ့အတွက် ကျွန်တော်ပညာရတယ်။

**ကြည်စိုးထွန်း** ။ ။ ဩော် ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ အဆိုရလာတယ်၊ ဆိုတတ်လာတယ်၊ သီချင်းရေးတာ နားလည်လာတယ်။

**ကြည်စိုးထွန်း** ။ ။ သူများမဆိုချင်တဲ့အပိုဒ် ကိုယ်က ဆိုတယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ သူများ မဆိုချင်တဲ့ အပိုဒ်၊ သူများခက်တယ်ဆိုတဲ့အပိုဒ် ဆိုမယ် ။

**ကြည်စိုးထွန်း** ။ ။ ဩော်။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီလို လုပ်တဲ့အတွက်၊ မလုပ်ချင်တာ လုပ်တဲ့အတွက် ကျွန်တော်ပညာရတယ်။ ကျွန်တော်အဆိုတော်ဘဝကနေပြီးတော့ စတော့မှ ဘာဖြစ်လာလဲဆိုတော့ ကျွန်တော်တို့ သမဝါယမ ပြဇာတ်ဆိုတာ လုပ်ပါတယ်။

**ကြည်စိုးထွန်း** ။ ။ ဩော် ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ဒါရိုက်တာ က ရန်နိုင်စိန် ဆရာ။



**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။ ရန်နိုင်စိန်က ခင်ခင်ရီရဲ့ ခင်ပွန်းနော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်ပါ တယ် မင်းသမီး ခင်ခင်ရီ။

**ကြည်စိုးထွန်း** ။ ။ သူက မင်းသားတွေ၊ ဘာတွေလည်း လုပ်တယ်နော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟာ လုပ်တယ်။

**ကြည်စိုးထွန်း** ။ ။ သိုက်သမိုင်းကားတွေမှာ ကျွန်တော် တွေ့ဖူးတယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်တယ်၊ သူက ရုပ်ရှင်နဲ့ ပြဇာတ်မှာလည်း ဒါရိုက်တာလုပ်တယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ လုပ်တော့ သူနဲ့ ကျွန်တော် သမဝါယမ ပြဇာတ်ကတော့ သမဝါယမပြဇာတ် ကျွန်တော်ပထမရတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ပထမ ရတော့ ကျွန်တော့်ကျောင်းကလည်း လူထုကောလိပ်ကလည်းပဲ ကျောင်းကပွဲလုပ်မယ်ဆိုတော့ ဆရာပြည်သန်းနွယ်ရယ်၊ ဂီတာဘစောကြည်ရယ် ဒါရိုက်တာ လုပ်တယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီမှာ တင် ကျွန်တော် ဇော်ရုံမှာတင် ပြဇာတ်ဝင်ကရတယ် ။ ပြဇာတ်ဝင်ကတော့ ပြဇာတ်မင်းသားဖြစ်သွားပြီးတော့ တစ်ခါတည်း ဘာဖြစ်သွားလဲဆိုတော့ ကျွန်တော့် ဒါရိုက်တာ ဦးချစ်ဖေကနေပြီးတော့ ကျွန်တော့်ကို သူအကဲခတ်တယ်၊ သူသတိရတယ်တဲ့။ မှတ်မိသွားတယ်ပေါ့။ နောက်တော့ ဒီကနေပြီးတော့ ကျွန်တော် ဘာဖြစ်သွားလဲဆိုတော့ အဆိုတော်ဘဝကနေပြီးတော့ ကျွန်တော် အဲဒီသမဝါယမ ပြဇာတ်ကတဲ့အတွက် မောင်ကြည်တိုးတို့ရဲ့ အဖေ ရဲဝန်ထောက်ဦးအုန်းဖေ။

**ကြည်စိုးထွန်း** ။ ။ ဩော် အဆိုတော် မောင်ကြည်တိုး။

**မင်းသားကြီးမြင့်စိုး** ။ ။အဆိုတော် မောင်ကြည်တိုးရဲ့ အဖေ။

**ကြည်စိုးထွန်း** ။ ။ ကလောအလွှန် တစ်ဘူတာတို့၊ ဘာတို့ ဆိုတဲ့ ။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်တယ် မောင်ကြည်တိုးရဲ့ အဖေ ဦးအုန်းဖေကနေပြီးတော့ ကျွန်တော့်ကို ရဲပြဇာတ်မှာခေါ်ပြီးတော့ ကခိုင်းတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ရာထူးတိုးပေးတာပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ဩော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော် အစက စာတိုက်ကြီးမှာ လုပ်တယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ စာတိုက်ကြီး မှာ လုပ်ပြီးတော့ ရဲပြဇာတ်မှာ ဝင်ကတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ရဲပြဇာတ်မှာ ဝင်ကတော့ ပြဇာတ် သုံး၊ လေး၊ ငါးနှစ်ကတော့ ကျွန်တော်နဲ့ အဲဒီရဲမင်းကြီး ဦးခင်မောင်ကနေပြီးတော့ ကျွန်တော်တို့ တန်ခူးလမှာ သင်္ကြန်ထွက်မယ်ပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ သင်္ကြန်ထွက်မယ်ဆိုတော့ "ကကက" ကနေပြီးတော့ သင်္ကြန်ထွက်မယ်။ မင်း မင်းသားလို ကတတ်လား ကျွန်တော့်ကို မေးတယ် ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော်ကအမှန်မှာ ကျွန်တော်က စည်းဝါးနားလည်တယ်၊ ကတော့မကတတ်ဘူး။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ဒါပေမယ့် ဝါသနာပါတော့ ကတတ်တယ်လို့ ကျွန်တော်ပြောတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ကတတ်တယ် ပြောရင် ကကွာတဲ့။

**ကြည်စိုးထွန်း** ။ ။ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ဆိုတော့ ကမယ်၊ ကျွန်တော့် ကို အဝတ်အစားချုပ်ပေး မင်းသားအဝတ်အစား။

**ကြည်စိုးထွန်း** ။ ။ဩော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ကွင်းတက် က အဝတ်အစား ချုပ်ပေးဆိုတော့ ချုပ်ပေးမယ် ငွေတစ်ထောင် ထုတ်ပေးတယ်ဟိုတုန်းက။

**ကြည်စိုးထွန်း** ။ ။ မနည်းဘူးပဲပေါ့ တစ်ထောင်ဆိုတာ။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်ကဲ့ နည်းတာ မဟုတ် ဘူး။ ကျွန်တော်က မင်းသားအဝတ်အစား ခါးထောင် အင်္ကျီတို့၊ ပုဆိုးတို့ ဘာတို့၊ ကျွန်တော် ငွေချည်ထိုးတို့၊ ဘာတို့ပေါ့ ဆရာရယ်၊ လုပ်မယ်ဆိုတော့ လိုက်စုံစမ်းတော့ ဒါရိုက်တာဦးချစ်ဖေကြီးက အဲဒီငွေချည်ထိုး ထိုးနေတယ်။

**ကြည်စိုးထွန်း** ။ ။ ဩော် ဘယ်မှာလဲ သူက။

**မင်းသားကြီးမြင့်စိုး** ။ ။ သူက ဂွတ္တလစ်မှာ နေတယ်။

**ကြည်စိုးထွန်း** ။ ။ ဩော် ခုကျွန်တော်တို့ ဂွတ္တလစ်မှာလည်း ရှိသေးတယ်လေ၊ အဲဒီနေရာပဲလား။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီမှာပဲဆရာ။

**ကြည်စိုးထွန်း** ။ ။ ဩော် ဟုတ်ပြီ၊ ဂွတ္တလစ်မှာ အခု ရွှေချည်ထိုးတွေ၊ ဘာတွေရှိတယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီ ရွှေချည်ထိုး ငွေချည်ထိုး မင်းလမ်း သူက ။

**ကြည်စိုးထွန်း** ။ ။ ဩော် ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ မင်းလမ်းမှာ နေတော့ ဦးချစ်ဖေဆီ ကျွန်တော်က ရောက်သွားတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့၊

**မင်းသားကြီးမြင့်စိုး** ။ ။ ရောက်သွားတော့ ဦးချစ်ဖေက ဟေ့ ကောင် မင်း ရဲပြဇာတ်ထဲက မင်းသား မဟုတ်လား၊ မင်းရုပ်ရှင်ရိုက်မလားကွလို့ ကျွန်တော့် မေးတာ။ ဟာ ဆရာသိပ်ရိုက်ချင်တာပေါ့ဆရာလို့ဖြေတော့ မင်းလိပ်စာပေးဆိုပြီး။

**ကြည်စိုးထွန်း** ။ ။ ဦးချစ်ဖေကတော့ များသောအားဖြင့် ရာဇဝင် သိုက်သမိုင်းတို့၊ သိုက်သမိုင်းကားတွေ ရိုက်တာ များတယ်နော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်တယ် ဆရာ၊ အဲဒီ တော့ ကျွန်တော့်ကို နာမည်လိပ်စာလေးမှတ်ပြီးတော့ လေး၊ ငါး၊ ခြောက်လ၊ တစ်နှစ်နီးပါးနေမှ ကျွန်တော့်ကိုရိုက်တာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ဖြစ်ပုံက သူနဲ့ ရိုက်မယ့် သိုက်ကားမှာ မင်းသားက ခင်မောင်ညွန့်ကို သွားငှားတယ်။ ဒါပေမယ့် ခင်မောင်ညွန့်က သူနဲ့ ငွေရေးကြေးရေးမတည့်ဘူးပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ဩော် အဆင်မပြေဘူး၊

**မင်းသားကြီးမြင့်စိုး** ။ ။ အပေးအယူမတည့် ဘူး။ မတည့်တော့ ဦးချစ်ဖေကနေပြီးတော့ အဲဒီ ခိုင်အောင်ကို ရုပ်ရှင်ကိုပြောတယ်၊ အဲဒီပိုင်ရှင်ကို မင်းသားအသစ် ငါတင်မယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ မင်းတို့ သက်သာမယ်၊ ငွေလည်း သက်သာမယ် ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ တင်မလား၊ မင်းသားချောပဲ ကွ၊ အဆိုလည်းကောင်းတယ်၊ အပြောလည်း ကောင်းတယ်ဆိုပြီး ဓာတ်ပုံလေးကို ပြလိုက်တော့ သဘောကျသွားတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ အဲဒီကားက အသံတိတ်နော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ် တယ်၊ ကျွန်တော် ပြဇာတ်ထဲမှာ အဆိုကောင်းတာ သူက ပြောတာပေါ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒါနဲ့ "ကဗိုင်းအင်းသိုက်" ရိုက်မယ် ဆိုတယ်။

**ကြည်စိုးထွန်း** ။ ။ ဩော် "ကဗိုင်းအင်းသိုက်" ဆိုတဲ့ကား ပေါ့နော်။

**မင်းသားကြီးမြင့်စိုး** ။ ။ "ကဗိုင်းအင်းသိုက်" ရိုက်တော့ "ကဗိုင်းအင်းသိုက်" ရိုက်တဲ့ အတွေ့အကြုံလေးကို ဆရာ့ပြောပြဦးမယ်။

**ကြည်စိုးထွန်း** ။ ။ ပြောပါဦးဗျာ။

**မင်းသားကြီးမြင့်စိုး** ။ ။ တော်တော်လည်း ရယ်ဖို့ ကောင်းတယ်။ ဟုတ်ကဲ့ မင်းသမီးက မေရီမြ။ မေရီမြက အင်မတန်ချောတယ်။

**ကြည်စိုးထွန်း** ။ ။ လှတယ် သိပ်လှတာပဲ။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော် က တစ်ခါမှ ရုပ်ရှင် မရိုက်ဖူးဘူး ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ။

**မင်းသားကြီးမြင့်စိုး** ။ ။ ပြဇာတ်ပဲ ကဖူးတာ။

*(ဆက်လက်ဖော်ပြပါမည်)*

# နေပြည်တော် သမဝါယမအသင်းစုချုပ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ ရွေးချယ်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၉**

နေပြည်တော် သမဝါယမအသင်းစုချုပ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၉ မီနီဘတ်ဂျက်နှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ရွေးချယ်ပွဲကို ယမန်နေ့က ပျဉ်းမနားမြို့ သမဝါယမအသင်းစုချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိဖြစ်သည့် နေပြည်တော်သမဝါယမအသင်း စုချုပ်ဥက္ကဋ္ဌ ဒေါ်အေးမြင့်နှင့် နေပြည်တော် သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ယုယုအေးတို့က အမှာစကား ပြောကြားသည်။ ထို့နောက် ဒါရိုက်တာအဖွဲ့ဝင် ဦးတင်ထွန်းက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၉ မီနီဘတ်ဂျက်နှစ်အတွက် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်း၊ အမြတ်ခွဲဝေစာရင်းများ ဖတ်ကြားရှင်းလင်းပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၉ မီနီဘတ်ဂျက်နှစ်အတွက် အသင်းသားစာရင်းစစ်အစီရင်ခံစာကို အသင်းစာရင်းစစ် ဦးအောင်မြင့်သိန်းက ဖတ်ကြားသည်။

ဆက်လက်၍ နေပြည်တော်သမဝါယမအသင်းစုချုပ်၏ နောက်ထပ်ငါးနှစ် သက်တမ်းအတွက် အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ အုပ်ချုပ်မှုဒါရိုက်တာနှင့် အမှုဆောင် အဖွဲ့ဝင်သစ်များ ရွေးချယ်တင်မြှောက်ခဲ့ပြီး အမှုဆောင်သစ် ရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌဖြစ်သည့် သမဝါယမဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါ်ခင်အေးမော်က အတည်ပြုပေးခဲ့ကြောင်း သိရသည်။

**သီဟစည်သူ**



# ပါဠိပထမပြန်စာမေးပွဲ အထူးအောင်ပုဂ္ဂိုလ် အောင်စာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၈၂ (၂၀၂၀)ပြည့်နှစ် ပါဠိပထမပြန်စာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုခဲ့ကြရာ ပထမကြီးတန်းတွင် ဖြေဆိုသူ ၉၆၇၆ ပါး/ ဦး အနက် ၈၂၁၇ ပါး/ဦး အောင်မြင်၍ ၈၄.၉၂ ရာခိုင်နှုန်း၊ ပထမလတ်တန်းတွင် ဖြေဆိုသူ ၇၀၇၂ ပါး/ဦးအနက် ၅၉၂၅ ပါး/ဦး အောင်မြင်၍ ၈၃.၇၈ ရာခိုင်နှုန်း၊ ပထမငယ်တန်းတွင် ဖြေဆိုသူ ၁၀၂၃၂ ပါး/ဦးအနက် ၈၀၇၅ ပါး/ဦး အောင်မြင်၍ ၇၈. ၉၂ ရာခိုင်နှုန်း၊ အခြေပြုမူလတန်းတွင် ဖြေဆိုသူ ၁၂၃၄၈ ပါး/ဦး အနက် ၁၀၀၄၈ ပါး/ဦး အောင်မြင်၍ ၈၁.၃၇ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြသည်။

၁၃၈၂ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ် ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်ကြသော သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များအနက် ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင်ပထမ ရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ကြသည် -

ပထမကြီးတန်း

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့ | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ (ပထမကျော်) | စိန်/ ၁ | ဦးနန္ဒိယာလင်္ကာရ | ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂။ | ဒုတိယ | စက/ ၉၀ | ဦးပညောဘာသာလင်္ကာရ | ဇိနောဒယကျောင်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၃။ | တတိယ | မဟမ/ ၂၆၂ | ဦးဝေဠုရိယ | ရွှေဝါဝင်းကျောင်း၊ မြတောင်တိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၄။ | သီလရှင် ပထမ | ဗဟ/ ၂၇၃ | မပုဏ္ဏမီ | သမိဒ္ဓေါဒယမော်လမြိုင်ကျောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

ပထမလတ်တန်း

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့ | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | လော/ ၃၂ | ရှင်ကုဝေရ(၁) | အောင်ချမ်းသာကျောင်း၊ အောင်ပန်းမြို့၊ ရှမ်းပြည်နယ်။ |
| ၂။ | ဒုတိယ | စက / ၂၆ | ရှင်ဣန္ဒဝီရာလင်္ကာရ | မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၃။ | တတိယ | ညတ/ ၁၈ | ရှင်ဇဝန | တောင်ညိုကျောင်း၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၄။ | သီလရှင် ပထမ | စက/ ၂၉၆ | မနန္ဒဝတီ | သကျဓီတာသီလရှင်စာသင်တိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |

ပထမငယ်တန်း

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့ | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | ကကရ/ ၁၈ | အရှင်ဓမ္မပါလ(ပါဠိ) | ဣန္ဒာသယကျောင်း၊ ကော့ကရိတ်မြို့၊ ကရင်ပြည်နယ်။ |
| ၂။ | ဒုတိယ | ကွေး/ ၂၆ | အရှင်ဣန္ဒက | ရတနာသိဒ္ဓိကျောင်း၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။ |
| ၃။ | တတိယ | ဗဟ/၂ | ဦးစန္ဒောဘာသာလင်္ကာရ | ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၄။ | သီလရှင် ပထမ | စက/ ၄၇၄ | မဈာနပဘာ | သကျဓီတာသီလရှင်စာသင်တိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |

အခြေပြုမူလတန်း

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့ | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | စက/ ၃၀ | ရှင်ဝီရသေဋ္ဌ | မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၂။ | ဒုတိယ | ရက/ ၈၂ | ရှင်သုဇာတ | မင်္ဂလာဇေယျာကျောင်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃။ | တတိယ | ကွေး/ ၂၄ | ရှင်ဝီရိယ | အောင်မြေရတနာစာသင်တိုက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။ |
| ၄။ | သီလရှင် ပထမ | စက/ ၅၃၁ | မနန္ဒသိရီ | သကျဓီတာသီလရှင်စာသင်တိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |

# ဓမ္မာစရိယစာမေးပွဲ အထူးအောင်ပုဂ္ဂိုလ် အောင်စာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၈၂(၂၀၂၀)ပြည့်နှစ်၊ ဓမ္မာစရိယစာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုခဲ့ကြရာ ဓမ္မာစရိယဖြေဆိုသူ သုံးကျမ်းအောင် (ကျမ်းပြီး) ၉၅၃၅ ပါး၊ နှစ်ကျမ်းအောင် ၃၆၈၃ ပါး၊ တစ်ကျမ်းအောင် ၂၄၃၈ ပါး၊ ပါဠိဂုဏ်ထူးအောင် ၃ ပါး၊ မြန်မာဂုဏ်ထူးအောင် ၁၄ ပါး၊ စုစုပေါင်း ၁၅၆၇၃ ပါး အောင်မြင်တော်မူကြသည်။

စုစုပေါင်းဖြေဆိုသူ ၂၀၅၀၆ ပါး/ ဦးအနက် အောင်မြင်သူ ၁၅၆၇၃ ပါး/ ဦးဖြစ်၍ ၇၆.၄၃ ရာခိုင်နှုန်း အောင်မြင်ကြသည်။

၁၃၈၂ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ် ဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ကြသော သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များအနက် ဓမ္မာစရိယ သုံးကျမ်းအောင် ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင်ပထမ ရရှိခဲ့ကြသော အထူးအောင် ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ကြသည် -

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့ | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ (အဂ္ဂမဟာကျော်) | ကန/ ၂၂၃၅ | ဦးနန္ဒောဘာသ ၁၂/ ဗဟန(သ)၀၁၂၀၄ | တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂။ | ဒုတိယ | ပဂ/ ၄၈ | ဦးဒေဝိန္ဒ ၉/ မဟမ(သ) ၀၀၄၈၈၅ | ဟင်္သာတစာချကျောင်း၊ ညောင်ကန်တိုက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၃။ | တတိယ | ပခ/ ၁၇၃၈ | ဦးပညာဝံသာလင်္ကာရ ၉/ မရန(သ) ၀၀၈၅၀၉ | အဘိဓမ္မနယူပဒေသကျောင်း၊ မစိုးရိမ်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၄။ | သီလရှင် ပထမ | တ/ ၂၇၄ | မဣန္ဒဝတီ ၅/ ရဥန(သ) ၀၀၁၂၆ | သာသနမဏ္ဍူယင်းမာမြိုင်ကျောင်း၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်များက ငွေကျပ် ၃၂၇၅ သိန်း တန်ဖိုးရှိ ကိုဗစ်- ၁၉ ကာကွယ်ရေးပစ္စည်းများ ရခိုင်ပြည်နယ်သို့ မော်တော်ယာဉ်ဖြင့် ပို့ဆောင်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၉

ရခိုင်ပြည်နယ်အတွင်း ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့နှင့် စေတနာရှင်များက ဩဂုတ် ၂၉ ရက်တွင် ငွေကျပ် ၃၂၇၅ သိန်း တန်ဖိုးရှိပစ္စည်း ၁၆ မျိုးကို ပြည်နယ်အစိုးရထံသို့ မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ အမ်းမြို့သို့ပို့ဆောင် လှူဒါန်းကြောင်း သိရသည်။ **(အောက်ပုံ)**

မော်တော်ယာဉ်ဖြင့်ပို့ဆောင်သော ပစ္စည်း ၁၆ မျိုးမှာ ရော်ဘာလက်အိတ် အစုံ ၂၀၀၀၀၊ ရောဂါကာကွယ်ရေးဝတ်စုံ အစုံ ၅၂၂၀၊ နှာခေါင်းစည်း အခု ၃၈၅၄၅၀၊ (Ventillation Servo) 10 Units ၊ အကာအကွယ်မျက်မှန် အခု ၁၀၀၊ အဖျားတိုင်းစက် အခု ၁၀၀၊ လက်သန့်ဆေးရည် ဘူး ၁၀၀၀၀၊ ပိုးသတ်ဆေး ပုံး ၂၀၀၊ မျက်နှာအကာ အခု ၆၄၀၀၊ ဆပ်ပြာတုံး ဖာ ၉၀၊ ကြာဆံ အထုပ် ၃၀၊ အင်္ကျီ ၁၅၀၀၊ လုံချည် ၃၄၀၊ အဝတ်နှာခေါင်းစည်း အခု ၈၀၀၊ ပိုးသတ်ဆေးဖျန်းစက် နှစ်လုံး၊ ခွဲစိတ်ခန်းသုံးဝတ်ရုံ ၄၂၁ ထည်တို့အား မော်တော်ယာဉ်များဖြင့် ဩဂုတ် ၃၀ ရက် နံနက်ပိုင်းမှ စတင်ထွက်ခွာကာ ရခိုင်ပြည်နယ် အမ်းမြို့နယ်အရောက် ပေးပို့လှူဒါန်းမည် ဖြစ်သည်။

အလှူရှင်များသည် ရခိုင်ပြည်နယ်အတွက် ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှတစ်ဆင့် လှူဒါန်းရာ ယမန်နေ့က မင်္ဂလာခန်းမတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူကာ ကျေးဇူးတင်စကားပြောကြား ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**



## ပုလဲမြို့နယ် ကျေးသမျှားရွာ၌ စိုက်ပျိုးသူတောင်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်သော သုတေသနများ ပိုမိုလုပ်ဆောင်နိုင်ရေး ဆောင်ရွက်

ပုလဲ ဩဂုတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ကျေးသမျှားကျေးရွာ တောင်သူအခြေပြု သုတေသနစခန်းတွင် တောင်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် သုတေသနလုပ်ငန်းများ ပိုမိုပြုလုပ်လာနိုင်ရေးအတွက် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ဇလုပ်နှင့် ပန်းကုံး စိုက်ပျိုးရေးသုတေသနခြံများ၏ တာဝန်ခံများ၊ သက်ဆိုင်ရာ သုတေသနပညာရှင်များနှင့် ယမန်နေ့က ကွင်းဆင်းဆွေးနွေးခြင်းများ ဆောင်ရွက်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတွင် ကျေးသမျှားကျေးရွာ၏ တောင်သူ အခြေပြု သုတေသနစခန်းသည် ဒုတိယစခန်းဖြစ်ကြောင်း၊ တောင်သူများ၏ လူနေမှုဘဝမြင့်တင်စေရေးအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာနနှင့် စိုက်ပျိုးသူတောင်သူများ သုံးဦးသုံးဖလှယ်ပူးပေါင်း၍ အချိတ် အဆက်မိစွာ ဆောင်ရွက်နိုင်ရုံမျှမက ထုတ်လုပ်သူ၊ ရောင်းဝယ်ဖောက်ကားသူ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ မူဝါဒဖော်ဆောင်ရေး ဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်း အချိတ်အဆက်မိစွာ ပူးပေါင်းဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ သို့မှသာ တောင်သူများအတွက် ကောင်းမွန်သော ဈေးကွက်ကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်းက ပြောကြားသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တောင်သူအခြေပြု သုတေသနစခန်းများ ထူထောင်ထားပြီးဖြစ်ရာ တောင်သူ အခြေပြုသုတေသနစခန်းရှိရာ တောင်သူ့စိုက်ခင်းအတွင်း စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှ သုတေသနပြုရရှိသော သီးနှံမျိုးများနှင့် နည်းပညာများကို လက်တွေ့ စိုက်ပျိုးပြသခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ခြင်းကြောင့် သုတေသနစခန်းနှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ တောင်သူများ လာရောက်လေ့လာနိုင်မည် ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သည့် မျိုးကောင်း မျိုးသန့်၊ စိုက်ပျိုးနည်းပညာ၊ အပင်ပြုစုထိန်းသိမ်းနည်း၊ အပင်ရောဂါနှင့် ပိုးမွှားကာကွယ်နှိမ်နင်းနည်းများအပါအဝင် ရိတ်သိမ်းချိန်လွန် နည်းပညာဆိုင်ရာများနှင့်ပတ်သက်သော ဗဟုသုတများရယူလိုပါက ဇလုပ် စိုက်ပျိုးရေးသုတေသနခြံနှင့် ပန်းကုံးစိုက်ပျိုးရေးသုတေသနခြံများရှိ သုတေသန ပညာရှင်များထံသို့ အချိန်မရွေး လာရောက်မေးမြန်းနိုင်ကြောင်း သိရသည်။

**မေမိုးသဲ**

# ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် COVID-19 စီးပွားရေး ကုစားမှုအစီအစဉ်အရ အထူးလူမှုကာကွယ်စောင့်ရှောက်ရေးထောက်ပံ့မှု အကူအညီများပေးအပ်

**နေပြည်တော် ဩဂုတ် ၂၉**

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း နိုင်ငံတော်အစိုးရ၏ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP) စီမံချက်အရ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ ထိခိုက်လွယ်အုပ်စုများ၊ အနာကြီးရောဂါခံစားနေရသူများကို စောင့်ရှောက်နေသည့်ဂေဟာများအတွက် အထူးလူမှုကာကွယ်စောင့်ရှောက်ရေးပံ့ပိုးကူညီထောက်ပံ့မှုများကို ယနေ့တွင် Video Conferencing စနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**




### ပူးပေါင်းဆောင်ရွက်ပေး

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အသက် ၈၀ နှင့်အထက် ၈၅ နှစ်အောက် ဘိုးဘွားများ၊ ထပ်မံ၍ စာရင်းကောက်ယူရရှိသော မသန်စွမ်းသူများအား ငွေကြေးတစ်ကြိမ် ထောက်ပံ့ခြင်းအစီအစဉ်ကို ဆောင်ရွက်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နိုင်ငံတော်၏ အကန့်အသတ်ရှိသည့် ဘဏ္ဍာငွေများကို လိုအပ်မှုအရ မိမိတို့ဝန်ကြီးဌာနက တာဝန်ယူရသည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် မိမိတို့ဌာနတစ်ခုတည်း ဆောင်ရွက်၍ မရပါကြောင်း၊ မြေပြင်တွင် အနီးကပ်ကြီးကြပ်တာဝန်ယူရသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၊ ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ ယနေ့ထောက်ပံ့မှုများကို အကျိုးခံစားခွင့်ရှိသူများလက်ဝယ်အရောက် အလေအလွင့်မရှိအောင် အားလုံးကပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ ယနေ့ ဧရာဝတီတိုင်းအတွင်းရှိ အသက် ၈၀ နှင့် အထက် ၈၅ နှစ်အောက် ဘိုးဘွားများ၊ ထပ်မံ၍ စာရင်းကောက်ယူရရှိသော မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေသည် ပမာဏအားဖြင့် များသည်ဟုဆိုနိုင်ပါကြောင်း၊ စီးပွားရေးပညာရှင်များ၏ ပြောကြားချက်အရ ထိုကဲ့သို့ ဒေသတစ်ခုအတွင်းသို့ ငွေကြေးစီးဆင်းမှုများပြားခြင်းသည် ဤဒေသအတွက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း၊ အဆိုပါဆောင်ရွက်ပေးမှုများသည် ပြည်သူ့အစိုးရက ပြည်သူများအတွက် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းကို သိရှိစေလိုပါကြောင်း၊ ယနေ့ဆောင်ရွက်မှုသည် ဝန်ကြီးဌာန၏ ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများကို ကိုဗစ်-၁၉ နှင့်ယှဉ်တွဲ၍ မရပ်တန့်စေဘဲ အကောင်အထည်ဖော်နိုင်ခြင်းကို ပြသခြင်းဖြစ်ပါကြောင်းနှင့် လုပ်ငန်းများ အောင်မြင်မှုရအောင် အားလုံးက ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးက ကျေးဇူးတင်စကား ပြောကြားသည်။

### လက်ဝယ်အရောက် ပေးအပ်သွားမည်

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီးက တိုင်းဒေသကြီးအတွင်းရှိ အသက် ၈၀ နှင့် အထက် အသက် ၈၅ နှစ်အောက် ဘိုးဘွား ၄၁၀၆၂ ဦးအတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် သန်း ၁၂၃၁ ဒသမ ၈၆၀ ထပ်မံ၍ စာရင်းကောက်ယူရရှိသော မသန်စွမ်းသူ ၂၀၇၈၆ ဦးအတွက် စုစုပေါင်းထောက်ပံ့ငွေကျပ် သန်း ၆၂၃ ဒသမ ၅၈၀ တို့ကို တက်ရောက်လာကြသော ဘိုးဘွားများနှင့် မသန်စွမ်းသူများထံပေးအပ်သည်။ ကျန်ထောက်ပံ့မှုများကို အကျိုးခံစားခွင့်ရှိသူများ လက်ဝယ်အရောက် တာဝန်ယူပေးအပ်မည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဝါးနက်ချောင်း လူမှုကာကွယ်ရေး စောင့်ရှောက်ရေးဂေဟာတွင် စောင့်ရှောက်ထားသူများအတွက် စားစရိတ်ထောက်ပံ့ခြင်း၊ ရှမ်းပြည်နယ် လွိုင်လင်မြို့နယ် လူမှုကာကွယ်ရေး စောင့်ရှောက်ရေးဟိုခိုက်ဂေဟာတွင် စောင့်ရှောက်ထားသူများအတွက် စားစရိတ်ထောက်ပံ့ခြင်းနှင့် အနာကြီးရောဂါခံစားနေရသူများနှင့် နောက်ဆက်တွဲ မသန်စွမ်းမှုများအတွက် ငွေကြေးတစ်ကြိမ် ထောက်ပံ့ခြင်းအစီအစဉ်ကို ဆောင်ရွက်ရာ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကာလအတွင်း ယခုကဲ့သို့ အထူးလိုအပ်ချက်ရှိသည့် နေရာများနှင့် လူမှုဒုက္ခ ခံစားနေကြရသူများအတွက် နိုင်ငံတော်အစိုးရ၏ ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့က စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းနှင့် ယခုကဲ့သို့ လူမှုကာကွယ်စောင့်ရှောက်မှုများကို ကူညီဆောင်ရွက်ပေးကြသည့် ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

### တာဝန်ရှိသူများထံ ပေးအပ်

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင် ဒေါ်သန်းမြင့်အောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် ဝါးနက်ချောင်း လူမှုကာကွယ်စောင့်ရှောက်ရေးဂေဟာတွင် စောင့်ရှောက်ထားသောလူဦးရေ ၁၂၀ ၏ စားစရိတ်တစ်ရက် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် သုံးလစာ ငွေကျပ်သိန်း ၆၀ ကို ဂေဟာတာဝန်ရှိသူများသို့ ပေးအပ်သည်။

ဆက်လက်၍ ရှမ်းပြည်နယ် လွိုင်လင်မြို့နယ်ရှိ ဟိုခိုက်ဂေဟာတွင် စောင့်ရှောက်ထားသော လူဦးရေ ၈၉ ဦး၏ စားစရိတ် တစ်ရက် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် သုံးလစာ ငွေကျပ်သိန်း ၆၀၊ အနာကြီးရောဂါခံစားနေရသူ ၈၉ ဦးအတွက် တစ်ဦးလျှင်ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၄၄ ဒသမ ၅ သိန်းတို့ကို ဂေဟာ တာဝန်ရှိသူများထံသို့ ပေးအပ်ကြသည်။

ဆက်လက်၍ မှော်ဘီမြို့နယ် ဝါးနက်ချောင်းဂေဟာ တာဝန်ရှိသူတစ်ဦးနှင့် လွိုင်လင်မြို့နယ် ဟိုခိုက်ဂေဟာ တာဝန်ရှိသူတစ်ဦးတို့က ထောက်ပံ့မှုများအတွက် ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြသည်။

### နှုတ်ခွန်းဆက်စကား ပြောကြား

ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းချောင်ကျေးရွာ နာတာရှည်ရောဂါခံစားနေရသူများ စောင့်ရှောက်ရေး မေတ္တာပရဟိတဂေဟာအတွက် စားစရိတ်ထောက်ပံ့ခြင်း၊ နာတာရှည် ရောဂါခံစားနေကြရသူများအတွက် ငွေကြေးတစ်ကြိမ်ထောက်ပံ့ခြင်းကို ဆောင်ရွက်ရာတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင် ဒေါ်သန်းမြင့်အောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာန တာဝန်ရှိသူများက မေတ္တာပရဟိတဂေဟာအတွက် သုံးလစာ စားစရိတ် စုစုပေါင်းငွေကျပ် သိန်း ၁၂၀ နှင့် အနာကြီးရောဂါသည် ၁၄၅ ဦးအတွက် စုစုပေါင်းငွေကျပ် ၇၂၅၀၀၀၀ ကို ဂေဟာတာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ပံ့မှုများအတွက် ပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားပြီး ဒုတိယဝန်ကြီးဦးစိုးအောင်က ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း နိုင်ငံတော်အစိုးရ၏ ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ် (CERP) စီမံချက်အရ ထောက်ပံ့ပေးနေမှုများနှင့် ပတ်သက်ပြီး နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

○ *ကျောဖုံးမှ*

ဘိုင်ယန်မြူးနစ်အသင်းကို ရှုံးနိမ့်ခဲ့သော ပွဲစဉ်ပြီးနောက် ပီအက်စ်ဂျီအသင်းမှ ထွက်ခွာကာ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ချယ်ဆီးအသင်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ချယ်ဆီးအသင်းသည် ၂၀၁၉-၂၀၂၀ ဘောလုံးရာသီတွင် အသင်း၏ ခံစစ်အားနည်းမှုမှတစ်ဆင့် ပေးဂိုး ၅၄ ဂိုး အထိခွင့်ပြုပေးခဲ့ရသောကြောင့် လာမည့်နှစ်တွင် ခံစစ်ကို အဓိကထား အင်အားဖြည့်တင်း လုပ်ဆောင်လျက် ရှိနေခြင်းဖြစ်သည်။

ချယ်ဆီးအသင်းသည် ခံစစ်အင်အားဖြည့်တင်းမှု လုပ်ဆောင်ရာ၌ ဆေးလ်ဗားအပြင် နိုက်စ်ခံစစ်ကစားသမားဟောင်း မာလန်ဆားရ်ကိုလည်း ငါးနှစ်စာချုပ်နှင့်အတူ ဩဂုတ် ၂၇ ရက်က စာချုပ်ခေါ်ယူထားခဲ့ကြောင်း သိရသည်။ အသက် ၂၁ နှစ်အရွယ်ရှိ ဆားရ်သည် နိုက်စ်အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးပြီးနောက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ချယ်ဆီးအသင်းသို့ ရောက်ရှိလာသူလည်းဖြစ်သည်။ သို့သော်လည်း ချယ်ဆီးအသင်းသည် နိုက်စ်အသင်းအတွက် ၁၁၉ ပွဲတွင် သုံးဂိုးသွင်းယူပေးထားနိုင်သည့် ခံစစ်ကစားသမားကို ၂၀၂၀-၂၁ ဘောလုံးရာသီကို အငှားချသွားဖွယ်ရှိကြောင်း သိရသည်။

ထို့အပြင် ချယ်ဆီးအသင်းသည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်း လက်စတာအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၂၃ ပွဲ ပါဝင်ကစားထားပြီး လေးဂိုးသွင်းယူပေးထားနိုင်သည့် အင်္ဂလန်ဘယ်ခံစစ်ကစားသမားတစ်ဦးဖြစ်သူ ဘင်ချီဝဲလ်ကို ပေါင် ၄၅ သန်းနှင့်အတူ ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူထားခဲ့ပြီးလည်းဖြစ်သည်။ ထို့ကြောင့် နည်းပြလမ်းပတ်၏ ချယ်ဆီးအသင်းသည် ဆေးလ်ဗားအပြင် နိုက်စ်ခံစစ်ကစားသမား ဆားရ်၊ လက်စတာဘယ် ခံစစ်ကစားသမား ဘင်ချီဝဲလ်၊ တိုက်စစ်ကစားသမား ဇီယက်၊ တီမိုဝါနာ စသည့် ကစားသမားများကို ခေါ်ယူထားနိုင်သည့်အတွက် ယခုနှစ် ရာသီအပြောင်းအရွှေ့ကာလတွင် အဓိကကစားသမားငါးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

သို့သော်လည်း ချယ်ဆီးအသင်းသည် အပြောင်းအရွှေ့ကို ဆက်လက်လုပ်ဆောင်သွားဖွယ်ရှိနေပြီး အသက် ၂၁ နှစ်အရွယ်ရှိ လေဗာကူဆင်အသင်းမှ ကိုင်ဟာဗက်ကို ခေါ်ယူရန် ချိတ်ဆက်လုပ်ဆောင်နေကြောင်း၊ အေစီမီလန်အသင်းမှ အသက် ၂၁ နှစ်အရွယ် အီတလီဂိုးသမားဖြစ်သူ ဒွန်နာရမ်မာကိုလည်း ခေါ်ယူရန်စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ချယ်ဆီးအသင်းသည် ၂၀၂၀-၂၁ ဘောလုံးရာသီအဖွင့်ပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၁၄ ရက်တွင် ဘရိုက်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဇော်**

---

❒ *ကျောဖုံးမှ*

ပယ်နယ်တီအဆုံးအဖြတ်ဖြင့် နှစ်ဖက်ကစားသမားများ ကန်သွင်းရာ လီဗာပူးအသင်းမှ ဘရူစတာ ကန်သွင်းသည့် ဘောလုံးမှာ အပေါ်ဘားတန်းထိ ထွက်ခဲ့သဖြင့် အာဆင်နယ်က ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ကွန်မြူနတီဒိုင်းပြိုင်ပွဲကြီးကို ၁၉၀၈ ခုနှစ်တွင် စတင်ယှဉ်ပြိုင်ခဲ့ပြီး နှစ်ပေါင်း ၁၁၂ နှစ်ရှိပြီဖြစ်သည်။ ယမန်နှစ်ချန်ပီယံမှာ မန်စီးတီးအသင်း ဖြစ်သည်။ လီဗာပူးအသင်းသည် နှစ်နှစ်ဆက် ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

ယနေ့ပွဲတွင် လူစုံထုတ်ကစားခဲ့သော်လည်း အနိုင်မရရှိခဲ့ဘဲ ပယ်နယ်တီအဆုံးအဖြတ်ဖြင့်ပင် အာဆင်နယ်ကို ရှုံးနိမ့်ခဲ့ရသည်။ **သီဟ**

---

## ဒဂုံမြို့နယ် City Express Store ဆိုင်ရှေ့ရှိ ATM စက်ကို ဖျက်ဆီးပြီး ငွေများခိုးယူရန် ကြိုးစားသူနှစ်ဦးအား ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် City Express Store ဆိုင်ရှေ့ရှိ ATM စက်ကို ဖျက်ဆီးပြီး ငွေများခိုးယူရန် ကြိုးစားသူနှစ်ဦးအား ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် နဝဒေးလမ်းရှိ City Express Store ဆိုင်ရှေ့မှ ATM စက်ကို ဖျက်ဆီးထားကြောင်း သိရသဖြင့် ဧရာဝတီဘဏ်ရုံးချုပ်မှ ဒုတိယ အထွေထွေမန်နေဂျာ တရားလို ဦးအောင်ကျော်သူက ဩဂုတ် ၂၁ ရက် နံနက် ၁ နာရီတွင် သွားရောက်စစ်ဆေးခဲ့ရာ အမျိုးသားနှစ်ဦးက ငွေများ ခိုးယူရန်အကြံဖြင့် ဖျက်ဆီးထားသည့်အတွက် ATM စက်မှာ ပျက်စီးနေပြီး စက်အတွင်းရှိငွေများ ပျောက်ဆုံးမှုမရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ငွေများ ခိုးယူရန် အကြံဖြင့် ATM စက်ကို ဖျက်ဆီးသွားသူအား အရေးယူပေးရန် ဦးအောင်ကျော်သူက တိုင်တန်းသဖြင့် ဒဂုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူခဲ့ကြောင်း။



အမှုမှ ပြစ်မှုကျူးလွန်သူအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များ၊ အနောက်ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် ဒဂုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပူးပေါင်း၍ အခင်းဖြစ်ရပ်နှင့် ပတ်ဝန်းကျင် သက်သေများစစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်သူများသည် မင်္ဂလာတောင်ညွန့်မြို့နယ်နေ ရှိုင်းအောင်(ခ) သီဟနှင့် သန်းဇော်မိုးတို့ဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့နှစ်ဦးကို လိုက်လံရှာဖွေဖမ်းဆီးခဲ့ရာ ဩဂုတ် ၂၃ ရက်တွင် သန်လျင်မြို့နယ်ရှိ Star City အိမ်ရာ တိုက်အမှတ်(၁)၌ ဆေးသုတ်နေစဉ် ဖမ်းဆီးရမိခဲ့ကြောင်း။

ပြစ်မှုကျူးလွန်သူနှစ်ဦးအား **(ဝဲပုံ)** ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **သတင်းစဉ်**

## တူရကီနှင့် ဂရိတို့ မြေထဲပင်လယ်အရှေ့ပိုင်းအတွင်း တင်းမာမှုမြင့်တက်

**အင်ကာရာ ဩဂုတ် ၂၉**

ဂရိတိုက်လေယာဉ်များကို ကြားဖြတ်ဟန့်တားနိုင်ရေး မြေထဲပင်လယ်အရှေ့ပိုင်းသို့ တူရကီစစ်လေယာဉ်များ ပေးပို့သွားမည်ဟု တူရကီဘက်မှ ပြောသည်။ ထို့ကြောင့် တိုက်ပွဲများဖြစ်လာနိုင်သည့်အတွက် စိုးရိမ်မှုများမြင့်တက်လျက်ရှိသည်။

တူရကီနိုင်ငံဘက်မှ သဘာဝဓာတ်ငွေ့ရှာဖွေရေးပြုလုပ်နေသည့်နေရာသို့ ဂရိတိုက်လေယာဉ်များ ချဉ်းကပ်လာမှုကို ဩဂုတ် ၂၇ ရက်တွင် တူရကီတိုက်လေယာဉ်များက ပြန်လည်တုံ့ပြန်နိုင်ခဲ့သည်ဟု ကာကွယ်ရေးဝန်ကြီးက ပြောသည်။ ဂရိနှင့် တူရကီတို့ အပြိုင်ဖြစ်နေသည့် ရေပြင်တွင် တူရကီတို့ဘက်မှ သဘာဝဓာတ်ငွေ့ရှာဖွေမှုများ ပြုလုပ်လျက်ရှိသည်။

ဂရိလေယာဉ်များနောက်သို့လည်း တူရကီလေယာဉ်များက လိုက်နေကြောင်း သိရသည်။ ဂရိတိုက်လေယာဉ်များ စစ်ရေးလေ့ကျင့်မှုအပြီးတွင် တူရကီ လေယာဉ်များက နောက်ကလိုက်လာကြောင်း ဂရိမီဒီယာများတွင် ဖော်ပြထားသည်။

ဩဂုတ် ၂၈ ရက်က အငြင်းပွားဖွယ်ရေပြင်တွင် ပြင်သစ်နှင့် အခြားနိုင်ငံများအပါအဝင် သုံးရက်တာစစ်ရေးလေ့ကျင့်မှုကို ဂရိတို့ကအဆုံးသတ်ခဲ့သည်။ ဩဂုတ် ၂၈ ရက်တွင်လည်း တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်နှင့် နေတိုး အထွေထွေအတွင်းရေးမှူး ယန်စတော့တန်ဘာ့ဂ်တို့ မြေထဲပင်လယ် အရှေ့ပိုင်းအငြင်းပွားမှုကို ဆွေးနွေးခဲ့ကြသည်။ တူရကီသည် ကိုယ်ပိုင်အခွင့်အရေးနှင့်အကျိုးစီးပွားကိုကာကွယ်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဟု တူရကီသမ္မတရုံးက ပြောသည်။

ဆွေးနွေးမှုတွင် တူရကီဘက်ကအသာစီးရပြီး နေတိုးအဖွဲ့သည် တစ်ဖက်သတ်ဆန်သည့်လှုပ်ရှားမှုများ၊ ဒေသတွင်း လုံခြုံရေးကိုထိခိုက်စေပြီး အပြည်ပြည်ဆိုင်ရာဥပဒေများကို မထီမဲ့မြင်ပြုမှုများကို ဆန့်ကျင်သွားရန် နေတိုးအဖွဲ့၌ တာဝန်ရှိကြောင်း အာဒိုဂန်က ဆက်လက်ပြောကြားခဲ့သည်။

ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဟီကိုမက်စ်ကလည်း တူရကီနှင့်ဂရိတို့အကြား အငြင်းပွားမှုသည် မီးစသေးသေးလေးမှ ဘေးအန္တရာယ်ကြီးဖြစ်လာနိုင်သည်ဟု ယခုသီတင်းပတ်အစောပိုင်းက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်နှင့် ဂရိဝန်ကြီးချုပ် ခိုင်ရစ်ရှ်ကို မစ်ဆိုတာကစ်တို့ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၄ ရက်က နေတိုးထိပ်သီးဆွေးနွေးပွဲအတွင်း တွေ့ဆုံကြစဉ်။

## ဘရာဇီးနိုင်ငံမှ တုပ်ကွေးကာကွယ်ဆေးများကို မွန်ဂိုလီးယားနှင့် ဖိလစ်ပိုင်နိုင်ငံတို့သို့ ပေးပို့သွားမည်

**ဆော်ပိုလို ဩဂုတ် ၂၉**

ဘရာဇီးနိုင်ငံမှ ကာကွယ်ဆေးထုတ်လုပ်သည့်ကုမ္ပဏီသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ တောင်းဆိုမှုအရ မွန်ဂိုလီးယားနှင့် ဖိလစ်ပိုင်နိုင်ငံတို့သို့ တုပ်ကွေးကာကွယ်ဆေး ၅၅၀၀၀၀ ထောက်ပံ့ပေးသွားမည်ဟု အာဏာပိုင်များက ပြောသည်။

ဆော်ပိုလိုရှိ ဓာတ်ခွဲခန်းနှင့် သုတေသန ဘူတာ့တန် အင်စတီကျူမှ ကာကွယ်ဆေးများကို ယခုလိုဦးတည်ချက်မျိုးဖြင့် ပြည်ပသို့တင်ပို့ခြင်းမှာ နှစ်ပေါင်း ၁၁၉ နှစ်အတွင်း ပထမဦးဆုံးအကြိမ်ဖြစ်မည်ဟု ဆော်ပိုလိုပြည်နယ် အုပ်ချုပ်ရေးမှူး ဂျိုအက်စ်ဒိုရီယာက ပြောသည်။

သဘောတူညီထားမှုအရ တုပ်ကွေးကာကွယ်ဆေးပေါင်း ၃၀၀၀၀၀ ကို မွန်ဂိုလီးယားသို့ တင်ပို့ရမည်ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံသို့မှု ၂၅၀၀၀၀ တင်ပို့ရမည် ဖြစ်ကြောင်း သိရသည်။

ဘူတာတန် အင်စတီကျူသည် လက်တင်အမေရိကတွင် အကြီးဆုံး ကာကွယ်ဆေး ထုတ်လုပ်သည့်ကုမ္ပဏီဖြစ်ပြီး ဖျားနာမှုတိုက်ဖျက်ရေးအတွက် နှစ်စဉ်ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနကို ဆေးသန်း ၈၀ ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## အဆက်အသွယ်ရပ်ဆိုင်းရန် ယူကရိန်းနိုင်ငံ၏ ဆုံးဖြတ်ချက်မှာ ဆက်ဆံရေးကိုပျက်စီးစေသည်ဟု ဘီလာရုစ်ပြော

**မင့်စ် ဩဂုတ် ၂၉**

ဘီလာရုစ်နိုင်ငံနှင့် အဆက်အသွယ်အားလုံးကိုဆိုင်းငံ့ထားရန် ယူကရိန်းက ကြေညာချက်ထုတ်ပြန်ထားရာ ယင်းကြေညာချက်သည် နှစ်နိုင်ငံအကြား ရင်းနှီးသည့်ဆက်ဆံရေးကို ပျက်စီးစေသည်ဟု ဘီလာရုစ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အနာတိုလိုင်ဂလေ့ဇ်က ဩဂုတ် ၂၉ ရက်တွင် ပြောကြားခဲ့သည်။

အဆက်အသွယ်ရပ်ဆိုင်းထားစဉ် ကာလအတွင်း ဘီလာရုစ်နိုင်ငံသည် ယူကရိန်းနိုင်ငံနှင့် ဆွေးနွေးမှုများ ပြုလုပ်သွားမည်မဟုတ်ကြောင်း ဂလေ့ဇ်က ထပ်မံပြောကြားခဲ့သည်။ ယခုလို ဆက်သွယ်ရေးဖြတ်တောက်လိုက်သည့်အတွက် အကျိုးဆက်မှာ ယူကရိန်းနှင့် ၎င်း၏ နိုင်ငံခြားရေး မူဝါဒမိတ်ဖက်နိုင်ငံများတွင် တာဝန်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ယူကရိန်းနှင့် ယူကရိန်းပြည်သူများက ဘီလာရုစ်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လိုလျှင် ဘီလာရုစ်နိုင်ငံဘက်မှ အသင့်ရှိကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံသည် ဘီလာရုစ်နိုင်ငံမှ သံတမန်ရေးရာအဆက်အသွယ်များနှင့် ဆက်ဆံမှုထားရှိသွားမည်ဖြစ်ပြီး ဘီလာရုစ်နိုင်ငံ နိုင်ငံရေးအခြေအနေအပေါ် ဥရောပသမဂ္ဂနှင့် ပူးတွဲသတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး ဒီမီထရိုကူလီဘာက ပြောသည်။

ယူကရိန်းနှင့် ဘီလာရုစ်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးအဆုံးသတ်သွားရန် မရှိကြောင်းကိုလည်း ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။ ထို့ကြောင့် ယူကရိန်းနိုင်ငံရှိ ဘီလာရုစ်သံအမတ်ကြီးသည် တာဝန်ဆက်လက်ထမ်းဆောင်သွားရမည်ဖြစ်သည်။

ဩဂုတ် ၉ ရက် ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ လူကာရှန်ကိုက ၆ ကြိမ်မြောက် သမ္မတသက်တမ်းကို အနိုင်ရရှိသွားသည့်နောက်ပိုင်းတွင် ဆန့်ကျင်ဆန္ဒပြမှုများ အကြီးအကျယ်ပေါ်ပေါက်ခဲ့ပြီး အတိုက်အခံများက အဆိုပါရလဒ်ကို လက်ခံရန် ငြင်းဆိုခဲ့ကြသည်။

**ဆင်ဟွာ**



ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အမေရိကန်သမ္မတ ထရမ့်

## အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ တယ်လီဖုန်းဖြင့် ဆွေးနွေးသွားမည်

**တိုကျို ဩဂုတ် ၂၉**

ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဩဂုတ် ၃၁ ရက်တွင် တယ်လီဖုန်းဖြင့် ဆွေးနွေးမှုပြုလုပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ၎င်း၏ကျန်းမာရေးအခြေအနေ ဆိုးရွားလာသည့်အတွက် ရာထူးမှ နုတ်ထွက်ရန် ဆန္ဒရှိကြောင်း ဩဂုတ် ၂၈ ရက်က ပြောကြားခဲ့သည်။

နောက်ထပ် ဝန်ကြီးချုပ်အသစ် တာဝန်မထမ်းဆောင်မီအချိန်အထိ မစ္စတာ အာဘေးသည် ဝန်ကြီးချုပ်အဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဟုလည်း အကြံပြုပြောကြားခဲ့သည်။

ထို့ပြင် မစ္စတာ အာဘေးသည် ၎င်းနှင့် ဆက်ဆံရေးထူထောင်ထားသည့် အခြားသောကမ္ဘာ့ခေါင်းဆောင်များနှင့်လည်း ဖုန်းဖြင့် စကားပြောဆိုသွားရန် ဆုံးဖြတ်ထားသည်။

၎င်းဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ဂျပန်နိုင်ငံ၏ လုံခြုံရေးမဟာဗျူဟာအသစ်ကို ရေးဆွဲသွားရန် အစီအစဉ်ရှိသည်။ ဒုံးကျည်ကာကွယ်ရေးစနစ်အပါအဝင် တိုင်းပြည်၏ လုံခြုံရေးမူဝါဒအသစ်များအတွက် အစိုးရ၏လုပ်ဆောင်ရဖွယ်ရှိသည်များကို အရှိန်တိုးမြှင့်ဆွေးနွေးမှုများ လုပ်ဆောင်သွားရန်လည်း နည်းလမ်းများရှာဖွေသွားမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## အိန္ဒိယနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူစုစုပေါင်း ၃ ဒသမ ၅ သန်း နီးပါးရှိလာ

**နယူးဒေလီ ဩဂုတ် ၂၉**

အိန္ဒိယနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်မှုနှုန်းမှာ ဩဂုတ် ၂၉ ရက်တွင် ၃၄၆၃၉၇၂ ဦးရှိလာပြီး သေဆုံးသူ ၆၂၅၅၀ အထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် သတင်းအချက်အလက်များအရ သိရသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း သေဆုံးသူ ၁၀၂၁ ဦး ရှိပြီး နောက်ထပ်ကူးစက်ခံရသူ ၇၆၄၇၂ ဦး အထိ စံချိန်တင်တိုးခဲ့သည်။

တိုင်းပြည်အတွင်း လက်ရှိ ကိုဗစ် – ၁၉ မပျောက်ကင်းသေးသည့်အရေအတွက်မှာ ၇၅၂၄၂၄ ဦး ရှိပြီး အောင်မြင်စွာကုသပြီးသူ ၂၆၄၈၉၉၈ ဦး အထိရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်များအရ သိရသည်။ ဩဂုတ် ၂၇ ရက်အထိ ဆေးစစ်ပြီးသည့်နမူနာပေါင်း ၃၉၄၇၇၈၄၈ ဦး ရှိသည်။

လွန်ခဲ့သည့်သတင်းပတ်များအတွင်း အိန္ဒိယအစိုးရသည် ကိုဗစ် – ၁၉ ရှိမရှိဆေးစစ်မှုများကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်လာခဲ့သည်။

**ဆင်ဟွာ**



မွမ်ဘိုင်းမြို့တွင် ကျန်းမာရေးဝန်ထမ်းတစ်ဦးက ကလေးတစ်ဦးကို အပူချိန်တိုင်းတာနေစဉ် ။

# ဂျပန်ဝန်ကြီးချုပ် ကျန်းမာရေးကြောင့် ရာထူးမှ နုတ်ထွက်ပြီးနောက် ဝန်ကြီးချုပ်နေရာသစ်အတွက် ရွေးချယ်ပွဲကျင်းပ

**တိုကျို ဩဂုတ် ၂၉**

ဂျပန်နိုင်ငံ၏ သက်တမ်းအရှည်ဆုံး ဝန်ကြီးချုပ်နေရာမှ လက်ရှိတာဝန်ထမ်းဆောင်နေသော ဝန်ကြီးချုပ် ရှင်ဇို အာဘေးသည် ကျန်းမာရေးကြောင့် နုတ်ထွက်မည်ဟု ကြေညာပြီးနောက် တစ်ရက်အကြာ၌ ၎င်းနေရာတွင် အစားထိုးတာဝန်ထမ်းဆောင်မည့် ဝန်ကြီးချုပ်သစ်ရွေးချယ်မှုပြိုင်ပွဲကို ဩဂုတ် ၂၉ ရက်က ကျင်းပခဲ့ကြောင်းနှင့် ပြိုင်ပွဲဝင်များက ၎င်းတို့၏ အစီအစဉ်များကို ကြေညာခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ၎င်းသည် အူရောင်နာမကြာခဏပြန်လည်ပေါ်ပေါက်လာခြင်းကို ခံစားနေရကြောင်း၊ ယင်းအခြေအနေက ၎င်းကို ဝန်ကြီးချုပ်ရာထူးမှ အနားယူရန် တွန်းအားတစ်ခုဖြစ်စေခဲ့ကြောင်း၊ သို့သော်လည်း ၎င်းအနေဖြင့် ၎င်း၏နေရာကို ဆက်ခံသူ မရှိမချင်း တာဝန်ဆက်လက်ထမ်းဆောင်သွားမည် ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ရွေးချယ်မှုများ မည်သို့ပြုလုပ်မည်ဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း၊ သို့သော်လည်း နည်းလမ်းပေါင်း မြောက်မြားစွာကို စဉ်းစားထားကြောင်း ဒေသတွင်း မီဒီယာများက ဩဂုတ် ၂၉ ရက်က ဖော်ပြထားသည်။

အာဘေး၏ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီသည် လုပ်ရိုးလုပ်စဉ်အတိုင်း ရွေးကောက်ပွဲကို ပိုမိုခေါင်းဆောင်နိုင်ပြီး ရွေးကောက်ပွဲတွင် ဥပဒေပြုသူများနှင့် နိုင်ငံတစ်ဝန်းရှိ ပါတီအဖွဲ့ဝင်များ ဝင်ရောက်နိုင်ကြောင်း သိရသည်။

သို့သော်လည်း လတ်တလောအခြေအနေအရ နိုင်ငံအတွင်း ကိုဗစ်-၁၉ ဖြစ်ပွားမှုပေါ်ပေါက်နေသဖြင့် သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်နေရသည့်အချိန်ဖြစ်သောကြောင့် ဝန်ကြီးချုပ်ရွေးကောက်ရာတွင် လုပ်ငန်းစဉ်လွယ်ကူချောမွေ့ရေးအတွက် ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ရွေးကောက်ပွဲကို မည်သည့်အချိန်ကျင်းပမည်နည်းနှင့် ဝန်ကြီးချုပ်ရာထူးအတွက် မည်သူ့ကို ရွေးချယ်ရမည်ဆိုသည်ကို ဆုံးဖြတ်နေကြောင်း သိရသည်။

ဝန်ကြီးချုပ်ဖြစ်ရန် အခွင့်သာနေသူများမှာ ပါတီမူဝါဒအကြီးအကဲ ဖူမီယိုကီရှီးဒါးနှင့် ကာကွယ်ရေးဝန်ကြီးဟောင်း ရှီဂီရုအီရှီဘားတို့ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



ဂျပန်ဝန်ကြီးချုပ်သစ်အဖြစ် ရေပန်းစားနေသူ ဖူမီယိုကီရှီးဒါးကို တွေ့ရစဉ်။

# နှစ်တစ်ဝက်နီးပါး ပိတ်ထားရသော ဗြိတိန်ပြတိုက် ပြန်လည်ဖွင့်လှစ်



ဗြိတိန်ပြတိုက်အတွင်းပြသထားသည့် လက်ရာများကို တွေ့ရစဉ်။

**လန်ဒန် ဩဂုတ် ၂၉**

လန်ဒန်ရှိ ဗြိတိန်ပြတိုက်ကို ကိုဗစ် -၁၉ ကြောင့် နှစ်တစ်ဝက်နီးပါး ပိတ်ပြီးနောက် ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ပြတိုက်သို့ လာရောက်လေ့လာသူများကို ဩဂုတ် ၂၇ ရက်တွင် ပြန်လည် လက်ခံခဲ့သလို ကိုဗစ် -၁၉ ကူးစက်မှု မဖြစ်ပွားရေးဆိုင်ရာ ကာကွယ်မှုများကိုလည်း လုပ်ဆောင်ခဲ့သည်။

ကြီးကျယ်ခမ်းနားသည့် ပြတိုက်ကြီးသို့ တစ်နေ့လျှင် ခရီးသည်ပေါင်း ၁၇၀၀၀ လာရောက်လည်ပတ်လေ့ရှိသော်လည်း ယခုအခါ တစ်နေ့လျှင် ခရီးသည် ၂၀၀၀ သာ လက်ခံပြီး ကြိုတင်စာရင်းသွင်းရမည် ဖြစ်ကြောင်း သိရသည်။

ထို့အတူ ပြတိုက်အတွင်းသို့ ဝင်ရောက်ပါက မျက်နှာဖုံးအကာ ဝတ်ဆင်ရမည်ဖြစ်သလို ပြတိုက်အတွင်း သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း လိုက်နာကာ လှည့်လည်ကြည့်ရှုရမည်ဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သော မေလကတည်းက ပိတ်ခဲ့ရသည့် ဗြိတိန်ပြတိုက်သည် နှစ်ပေါင်း၂၆၀ ကြာအတွင်း စစ်ဖြစ်ပွားသည့်အချိန်မှလွဲ၍ ပထမဆုံးအချိန်အကြာဆုံးပိတ်ထားရသော ပြတိုက်ဖြစ်လာခဲ့သည်။

လာမည့်လတွင် ခရီးသွားများအတွက် လည်ပတ်ကြည့်ရှုနိုင်သည့် နေရာများကို ထပ်မံတိုးချဲ့မည်ဖြစ်ကြောင်း ပြတိုက်တာဝန်ရှိသူများက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# တရုတ်နိုင်ငံ၏ ကာကွယ်ဆေးလေးမျိုးကို နိုင်ငံတကာ စမ်းသပ်မှုအဆင့် ၃ စတင်လျက်ရှိ

**တိုကျို ဩဂုတ် ၂၉**

တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးလေးမျိုးသည် နိုင်ငံတကာ လက်တွေ့စမ်းသပ်မှုအဆင့် ၃ စတင်နေပြီဖြစ်ကြောင်း နိုင်ငံတော်ကောင်စီ ကိုဗစ်-၁၉ တိုက်ဖျက်ကာကွယ်ရေးအဖွဲ့က မကြာသေးမီက ပြောကြားလိုက်သည်။

အဆင့်၃လက်တွေ့စမ်းသပ်မှုများအနက် အချို့မှာ စက်တင်ဘာလဆန်းပိုင်းတွင် ပထမအကြိမ် ကာကွယ်ဆေးထိုးနှံခြင်း ပြီးစီးမည်ဟု မျှော်မှန်းထားသည်။ အဆင့် ၃ လက်တွေ့ စမ်းသပ်မှုများတွင် လူထောင်ပေါင်းများစွာ ပါဝင်လေ့ရှိပြီး ဘေးကင်း၍ ထိရောက်သော ကာကွယ်ဆေးများ ဖြစ်ရန် စိစစ်အတည်ပြု သွားမည်ဖြစ်သည်။ ထို့နောက် အဆိုပါဆေးများကို ဈေးကွက်အတွင်း ဖြန့်ဖြူးနိုင်အောင် ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသား ဘိုင်အိုတက်ခ်အုပ်စုက ဖော်စပ်ထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်မျိုးသည် အရှေ့အလယ်ပိုင်းနှင့် တောင်အမေရိကတိုက်ရှိ နိုင်ငံများစွာတွင် လူဦးရေ ၃၀၀၀၀ ကျော်ပါဝင်မည့် လက်တွေ့စမ်းသပ်မှုအဆင့် ၃ အတွက် ခွင့်ပြုချက် ရရှိထားကြောင်း တရုတ်အမျိုးသား ဘိုင်အိုတက်ခ်အုပ်စု ဥက္ကဋ္ဌ ယန်ရှောက်မင်က ပြောသည်။

ဆီနိုဗက် ဘိုင်အိုတက်ခ်ကုမ္ပဏီလီမိတက်က ဖော်ထုတ်ထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးသည် တောင်အမေရိကတိုက်နှင့် အရှေ့တောင်အာရှရှိ နိုင်ငံအချို့တွင် လက်တွေ့စမ်းသပ်မှုအဆင့် ၃ ပြုလုပ်နေပြီဖြစ်ကြောင်း ဆီနိုဗက်၏ဥက္ကဋ္ဌနှင့် စီအီးအို ယင်ဝေတုံက ပြောသည်။

အမျိုးသားထုတ်ကုန်များ ဦးစီးဌာနက လတ်တလောထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကာကွယ်ဆေး လက်တွေ့အကဲဖြတ်မှုဆိုင်ရာ လမ်းညွှန်ချက်များအရ ကာကွယ်ဆေးသည် အနည်းဆုံးခြောက်လ သို့မဟုတ် တစ်နှစ်ကျော်ကြာအောင် ကိုယ်ခံအားကို ထောက်ပံ့ပေးသင့်ကြောင်း သိရသည်။

**ဆင်ဟွာ**

တရုတ်နိုင်ငံ မြို့တော်ပေကျင်းရှိ ဆီနိုဗက် ဘိုင်အိုတက်ခ် ကုမ္ပဏီလီမိတက်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး နမူနာကို ဝန်ထမ်းတစ်ဦးက ပြသနေစဉ်။







# ဂျပန်ကုမ္ပဏီတစ်ခု ကားပျံတီထွင်

**တိုကျို ဩဂုတ် ၂၉**

ဂျပန်စွန့်ဦးတီထွင် ကုမ္ပဏီတစ်ခုသည် ကားပျံဟုခေါ်ဆိုသည့် လူလိုက်ပါ မောင်းနှင်မည့် ယာဉ်စမ်းသပ်ပျံသန်းမှုကို သတင်းထောက်များအား ပြသခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

အဆိုပါယာဉ်သည် ဒရုန်းအမျိုးအစားဖြစ်ပြီး တွန်းအားပေးသည့် ပန်ကာများကို အသုံးပြုကာ ပျံသန်းခြင်းဖြစ်ကြောင်း သိရသည်။

တိုကျိုအခြေစိုက် ကုမ္ပဏီဖြစ်သည့် စကိုင်းဒရိုက်ဗ်သည် ၎င်းတို့တီထွင် ထုတ်လုပ်ထားသည့် ကားပျံစမ်းသပ်ပျံသန်းမှုကို လွန်ခဲ့သည့် ဒီဇင်ဘာလကစပြီး အိုင်းချိခရိုင် တိုယိုတာမြို့တွင် ပြုလုပ်ခဲ့သည်။

အဆိုပါကုမ္ပဏီကို တိုယိုတာကုမ္ပဏီ ဝန်ထမ်းဟောင်းများနှင့် အခြားသူများက တည်ထောင်ခဲ့ခြင်းဖြစ်သည်။

မီဒီယာကိုပြသရာတွင် အဆိုပါယာဉ်ကို မောင်းနှင်သူက ထိန်းချုပ်တံသုံးပြီး မောင်းနှင်ခြင်းကို ပြသခဲ့သည်။ အဆိုပါကားသည် အရှည်လေးမီတာရှိပြီး နှစ်မီတာမြင့်ကြောင်း သိရသည်။ အဆိုပါကားသည် တစ်နာရီလျှင် လေးကီလိုမီတာနှုန်းဖြင့် စမ်းသပ်ပျံသန်းခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်ကို အသုံးပြုခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှုနှင့် ဒေသတွင်း ခရီးသွားလာမှုကို ပိုမိုအဆင်ပြေစေမည်ဖြစ်ကြောင်း ကုမ္ပဏီတာဝန်ရှိသူများက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အလှူငွေနှင့် ကာကွယ်ရေးပစ္စည်းများလှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၉**



အလှူရှင်များက Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီထံသို့ ယနေ့ မွန်းလွဲပိုင်းတွင် အလှူငွေနှင့် ကာကွယ်ရေးပစ္စည်းများ လှူဒါန်းရာ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ အတွင်းရေးမှူး (၂)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး လက်ခံရယူသည်။ **(ယာပုံ)**

ရှေးဦးစွာ Excellent Fortune Foundation နှင့် Excellent Fortune Development Group ၏ CEO, Chairman and Founder အဂ္ဂမဟာ သီရိသုဓမ္မဇောတိကဓဇ ဦးစိုင်းမျိုးဝင်း နှင့် ဇနီး Senior Vice Chairman and Co-Founder အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းခင်မြင့်ရီ၊ Asia Development Bank မှ Public Health Specialist ဒေါက်တာကြည်သာနှင့် Mega Lifesciences Ltd မှ President and Head Coach (Myanmar) Mr. Girish Wadhwa တို့က လှူဒါန်းရသည့် အကြောင်းရင်းများကို ရှင်းလင်းပြောကြားသည်။

**အထူးအရေးကြီး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လှူဒါန်းမှုများအပေါ် ကျေးဇူးတင်စကားပြောကြားခဲ့ရာတွင် ယခုလက်ရှိအချိန်၌ ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေမှုများသည် ကျန်းမာရေးဆိုင်ရာ အကျပ်အတည်း အခြေအနေတစ်ခုဖြစ်ပြီး ရောဂါပြန့်ပွားမှု ကာကွယ်ထိန်းချုပ်ရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အထူးဝါယမ စိုက်ထုတ်ကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကူးစက်နေသူများ တရားမဝင်ဝင်ပေါက်များမှတစ်ဆင့် ရခိုင်ပြည်နယ်အတွင်းသို့ ကူးစက်ဝင်ရောက်မှုများ ထပ်မံမရှိစေရေးနှင့် ရခိုင်ပြည်နယ်မှတစ်ဆင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ ကူးစက်မှု ကာကွယ်ထိန်းချုပ်ရေးသည် အထူးအရေးကြီးပြီး ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကူးစက်နေသူများ နိုင်ငံအနှံ့အပြားသို့ ရောက်ရှိကာ ရောဂါပျံ့နှံ့ကူးစက်ခြင်း မရှိစေရေးလုပ်ငန်းများကိုလည်း အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အလှူရှင်အဖွဲ့အစည်းများနှင့် တစ်ဦးချင်း အလှူရှင်များ၏ လှူဒါန်းမှုများအား ကျေးဇူးတင်ရှိပါကြောင်း၊ ယခုလှူဒါန်းသည့် တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံများ၊ အသက်ရှူစက်များအပါအဝင် လှူဒါန်းမှုအများစုကို ရခိုင်ပြည်နယ်သို့ အမြန်ဆုံး ပေးပို့သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**မှတ်တမ်းလွှာများ ပေးအပ်**

ထို့နောက် အဂ္ဂမဟာ သီရိသုဓမ္မဇောတိကဓဇ ဦးစိုင်းမျိုးဝင်းနှင့်ဇနီး အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းခင်မြင့်ရီတို့က ငွေကျပ်သိန်း ၁၀၀၀ နှင့် တစ်ကိုယ်ရေ ရောဂါကာကွယ်ရေးဝတ်စုံ ၃၀၀၊ N95 ၃၀၀၊ Goggles ၁၀၀၊ ခြေအိတ်စွပ်ခုံ ငါးခုနှင့် ခြေအိတ်စွပ် အစုံ ၂၅၀၊ Asia Development Bank က အမေရိကန်ဒေါ်လာ ၁၁၇၇၆၉၀ တန်ဖိုးရှိ တစ်ကိုယ်ရေ ရောဂါကာကွယ်ရေးဝတ်စုံများ၊ Mega Lifesciences Ltd နှင့် ဝန်ထမ်းများက အမေရိကန်ဒေါ်လာ ၁၄၃၇၅၀ တန်ဖိုးရှိ အထူးကြပ်မတ်ကုသဆောင်သုံး အသက်ရှူစက် ငါးလုံး၊ Patient Monitor ငါးလုံးနှင့် Video Laryngoscope တစ်ခု၊ Mega Lifesciences Ltd (Nutra Division) က ငွေကျပ် ၂၆ ဒသမ ၄ သိန်းတန်ဖိုးရှိ Nat C ၃၅၀၀ ဘူးတို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

■ *ကျောဖုံးမှ*

လမ်းဘေးမှာ ခုံခင်းပြီး လူစုလူဝေးနဲ့ အရောင်းအဝယ်လုပ်တာမျိုး ခွင့်မပြုတော့ပါဘူး”ဟု ဆိုသည်။

ဆိပ်မူကျေးရွာ အုပ်ချုပ်ရေးရုံးမှ ကိုဇုန်းလန်းက “ဆိပ်မူကျေးရွာအုပ်စုအတွင်းက ဆိပ်မူကျောက်ဝိုင်း၊ ဇေ့ခါကျောက်ဝိုင်းနဲ့ မမုံ ညကျောက်ဝိုင်းတွေကို ပိတ်ထားဖို့ အသံချဲ့စက်နဲ့ ဆော်ဩထားပါတယ်” ဟု ပြောသည်။

ဖားကန့်၌ ပျံ့ကျကျောက်ဝိုင်းများအဖြစ် ဖားကန့်ကျောက်ဝိုင်း၊ လုံးခင်းညကျောက်ဝိုင်း၊ မော်စီစာ ညကျောက်ဝိုင်း၊ ဆိပ်မူကျောက်ဝိုင်း၊ ဇေ့ခါကျောက်ဝိုင်းနှင့် မမုံ ညကျောက်ဝိုင်းတို့ရှိသည်။

အလားတူ မြို့နယ်အတွင်းရှိ ဈေးဆိုင်များအားလုံး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသောအချက်များကို လိုက်နာမှုမရှိပါက အရေးယူမည်ဖြစ်ကြောင်း ဩဂုတ် ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည့် မြို့နယ် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးမှ သိရသည်။

“ဆိပ်မူကျေးရွာမှာတော့ ဒီနေ့ပဲစပြီး စားသောက်ဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေကို အတတ်နိုင်ဆုံးပါဆယ်စနစ်နဲ့ပဲရောင်းချဖို့၊ တာဝန်ရှိသူတွေရှေ့မှာပဲ ကတိဝန်ခံလက်မှတ်ရေးထိုးစေပါတယ်။ သားငါးဈေးသည်တွေလည်း နှာခေါင်းစည်း မတပ်ဘဲ ဈေးမရောင်းကြဖို့၊ သတ်မှတ်အကွာအဝေးက နေဖို့နဲ့ နှာခေါင်းစည်းမတပ်ဘဲ အပြင်ထွက်တဲ့သူတွေကိုလည်း ဒဏ်ပေးစနစ်နဲ့၊ နှာခေါင်းစည်းတစ်ခု ငွေကျပ်ငါးရာနဲ့ ရောင်းပေးပြီး နှာခေါင်းစည်း တပ်ခိုင်းပါတယ်” ဟု ကိုဇုန်းလန်းက ဆက်လက်ပြောသည်။

ဖားကန့်၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအဖြစ် မြို့ဝင်/ထွက်ဂိတ်လေးခုဖြစ်သည့် ကာမိုင်းဂိတ်၊ လုံးခင်း (လယ်ပြင်)ဂိတ်၊ ဇေ့ခါ(မကာပင်)ဂိတ်နှင့် တာမခံ(ဆယ်ဇင်း)ဂိတ်တို့တွင် ကျန်းမာရေးနှင့် ခရီးသွားရာဇဝင်များ စစ်ဆေးလျက်ရှိပြီး ဂိတ်လေးခုပေါင်း နေ့စဉ်အဝင် ဦးရေပျမ်းမျှစာရင်းအရ လူဦးရေ ၁၈၀၀ ကျော်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ဖားကန့်၌ အသွားအလာကန့်သတ်စောင့်ကြည့်ရေး စင်တာ ၁၃ ခု ဖွင့်လှစ်ထားပြီး ရခိုင်ပြည်နယ်မှလာသူ ငါးဦးနှင့် ပြည်ပမှပြန်လာသူ ၁၉ ဦးကို ၂၁ ရက် အသွားအလာကန့်သတ် စောင့်ကြည့်ထားလျက်ရှိကြောင်း သိရသည်။

ဖားကန့်မြို့နယ်သည် ကချင်ပြည်နယ်တစ်ခုလုံးတွင် ရွှေ့ပြောင်းအလုပ်သမားအများဆုံး အခြေချနေထိုင်လျက်ရှိသည့် မြို့နယ်တစ်ခုဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြောကြားသည်။

**တာလင်းမောင်(ပြန်/ဆက်)**

---

✲ *ကျောဖုံးမှ*

| | |
|---|---|
| COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက် (၂၉-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ | |
| (၂၉-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၆၀) ခု |
| (၂၉-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၉၃) ခု |
| (၂၉-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၁၀) ခု |
| (၂၉-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၇၂) ခု |
| (၂၉-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (စစ်တွေမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀၀) ခု |
| (၂၉-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ကျောက်ဖြူမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၄) ခု |
| (၂၉-၈-၂၀၂၀) ရက်နေ့တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃) ခု |
| (၂၉-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ပုသိမ်မြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၁) ခု |
| (၂၉-၈-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၀၁) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၇၇) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက် (၂၉-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၇၇) ဦး | (၇၃၃) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၃၅၁) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

*စာမျက်နှာ ၁၈ သို့*

---




---

✲ *ကျောဖုံးမှ*

လမ်းညွှန်ချက်၊ ညွှန်ကြားချက်နှင့် တားမြစ်မိန့်များကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရေးအတွက် ဩဂုတ် ၂၈ ရက်တွင် အသံချဲ့စက်ဖြင့် လိုက်လံအသိပေးကြေညာခြင်း၊ ဩဂုတ် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် နေအိမ်ပြင်ပသို့ထွက်ခွာတိုင်း နှာခေါင်းစည်းတပ်ဆင်ဆက်သွယ်သွားလာရေး နှာခေါင်းစည်းတပ်ရေး လှုပ်ရှားမှု ပြုလုပ်ခြင်း၊ ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက အဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဂွ-ငါးသိုင်းချောင်းလမ်းပေါ်ရှိ ရေနံ့သာ စစ်ဆေးရေးဂိတ်တွင် ကျန်းမာရေးစစ်ဆေးရေးဂိတ် ဖွင့်လှစ်၍ ခရီးဆက်သွယ်သွားလာမှုများကို ကျန်းမာရေးစစ်ဆေးမှုနှင့် လိုအပ်သော အထောက်အထားများ စစ်ဆေးဆောင်ရွက်ပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးအစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိပြီး ငါးသိုင်းချောင်းမြို့ ပြည်သူ့အားကစားကွင်းရှိ အားကစားခန်းမတွင် ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုဖြင့် သတ်မှတ်နေရာ အဆောက်အအုံများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**ရက် ၇၀ သာ**

**လိုတော့သည်။**

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

**သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။**

## ကျောင်းကုန်းမြို့တွင် ကိုဗစ် - ၁၉ ကာလ စည်းကမ်းနှင့်အညီ မဲပေးနိုင်ရေးညှိနှိုင်းဆွေးနွေး



ကျောင်းကုန်း ဩဂုတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်/ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲတို့ ကိုဗစ်-၁၉ ကာလ စည်းကမ်းနှင့်အညီ ဆန္ဒမဲပေးနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အေးချမ်းသာယာခန်းမ၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအုန်းကြိုင်က ယခုအချိန်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့နေတဲ့ကာလ ဖြစ်သည့်အတွက် မဲရုံများတွင် လူစုလူဝေးမဖြစ်စေရန် အဆိုင်းများ တိုးချဲ့ကာ စီစဉ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး အဖွဲ့ဝင်ကော်မရှင်အဖွဲ့ခွဲရုံး ဒုတိယဦးစီးမှူး ဦးအောင်ကိုကိုလတ်က မိမိတို့ ရပ်ကွက်/ကျေးရွာများတွင်ရှိသော မဲရုံအကျယ်အဝန်းများ မေးမြန်းကာ ဆန္ဒမဲပေးမည့်လူဦးရေအရ လိုအပ်သည်များပြင်ဆင်နိုင်ရေး ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသော ရပ်ကွက်/ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့က ထပ်တိုးဆောင်ရွက်မည့် အခြေအနေများကို ဝိုင်းဝန်းဆွေးနွေးကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

## ရွေးကောက်ပွဲများသည်-

- ➤ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➤ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➤ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။



◆ *ကျောဖုံးမှ*

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများပူးပေါင်း၍ မဲစာရင်းနှင့်အိမ်ထောင်စုစာရင်း မှန်ကန်မှု ရှိ/ မရှိ၊ အသက်(၁၈)နှစ်ပြည့်ပြီးသူတိုင်း မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး၊ ဆန္ဒမဲစာရင်းပါ အချက်အလက်များ မှန်ကန်မှုရှိစေရေးတို့ကို တစ်အိမ်တက်ဆင်း တိုက်ဆိုင်စစ်ဆေးကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် ရပ်ကွက် ၁၄ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၇၂ အုပ်စု၊ ကျေးရွာပေါင်း ၁၆၉ ရွာ၊ မဲရုံပေါင်း ၁၇၁ ရုံရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၁၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

မိုးသောက်(ရွှေဘို)

## ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .

# အနီးဆုံးကျန်းမာရေးဌာနကို ဆက်သွယ်



အခုမှ ရန်ကုန်က ကျွန်မတို့ ပြည်သူပြည်သားတွေ Mask တွေ ပြန်တပ်နေကြတယ်လို့ ကြားရပါတယ်။ အဲဒါကလည်း တစ်နည်းအားဖြင့် ကောင်းကျိုးတစ်ခု ဖြစ်ပါတယ်။ အခုမှပဲ သတိထားရမှန်း တချို့သဘောပေါက်တယ်။ ရန်ကုန်က အထူးသတိထားစေချင်ပါတယ်။ ဩဂုတ် ၁၆ ရက်ကစပြီး ဒီရောဂါပိုး ပြန့်ပွားတယ်လို့ ခန့်မှန်းရပါတယ်။ အဲဒီနောက်ပိုင်းမှာ စစ်တွေဘက်ကနေ ရန်ကုန်ကို လေယာဉ်ခရီးနဲ့လာတဲ့ ပြည်သူတွေလည်းရှိတယ်လို့ ကြားရပါတယ်။ အဲဒီလိုရှိခဲ့ရင် အနီးဆုံးကျန်းမာရေးဌာနကို ဆက်သွယ်ပါ။ ဆက်သွယ်ပြီးတော့ ရောက်ခဲ့ပါတယ်၊ သွားခဲ့ပါတယ်ဆိုပြီး အစစ်အဆေးခံပါ။ လိုအပ်ရင်ကုသမှုကို အမြန်ဆုံးရနိုင်မှာ ဖြစ်ပါတယ်။

**(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩဂုတ်လ ၂၄ ရက်နေ့တွင် ရခိုင်ပြည်နယ်အတွင်း COVID– 19 ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## ကိုဗစ်–၁၉ ရောဂါပိုးရှိသူ ၉၀ ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၇၃၃ ဦး ရှိသွားပြီ

နေပြည်တော် ဩဂုတ် ၂၉

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၉၀ ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၇၃၃ ဦး ရှိသွားပြီဖြစ်ပြီး ပိုးတွေ့ရှိသူ ၉၀ မှာ ပြည်ပသို့ ခရီးသွားရာဇဝင် မရှိသူများဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၇၃၃ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၅၁ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၃၄၇ ဦးနှင့် ဩဂုတ် ၂၈ ရက် မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၂၉ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၅၃ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၅၆၀၄၂ | ၇၃၃ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၅၁ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၇၅၁၈

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၄၇ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရခိုင် | ၃၂၉ | |
| ၂ | ရန်ကုန် | ၃၂၃ | ၅ |
| ၃ | ချင်း | ၁၉ | |
| ၄ | စစ်ကိုင်း | ၁၀ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၈ | |
| ၇ | ကရင် | ၆ | |
| ၈ | ရှမ်း(တောင်) | ၆ | |
| ၉ | မန္တလေး | ၆ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| | စုစုပေါင်း | ၇၃၃ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၉–၈–၂၀၂၀ ရက်၊ ည (၈:၀၀) နာရီ

## ၂၉-၈- ၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၀၉၇၇၆၃ | ၃၃၇၆၅၆၉ | ၁၈၅၉၈၆ |
| ၂။ | ဘရာဇီး | ၃၈၁၂၆၀၅ | ၂၉၇၆၇၉၆ | ၁၁၉၅၉၄ |
| ၃။ | အိန္ဒိယ | ၃၄၇၇၂၅၀ | ၂၆၅၈၄၁၉ | ၆၂၈၃၇ |
| ၄။ | ရုရှား | ၉၈၅၃၄၆ | ၈၀၄၀၈၃ | ၁၇၀၂၅ |
| ၅။ | ပီရူး | ၆၂၉၉၆၁ | ၄၃၈၀၁၇ | ၂၈၄၇၁ |
| ၆။ | တောင်အာဖရိက | ၆၂၀၁၃၂ | ၅၃၃၉၃၅ | ၁၃၇၄၃ |
| ၇။ | ကိုလံဘီယာ | ၅၉၀၅၂၀ | ၄၂၉၆၂၀ | ၁၈၇၆၇ |
| ၈။ | မက္ကဆီကို | ၅၈၅၇၃၈ | ၄၀၄၆၆၇ | ၆၃၁၄၆ |
| ၉။ | စပိန် | ၄၅၅၆၂၁ | စိစစ်ဆဲ | ၂၉၀၁၁ |
| ၁၀။ | ချီလီ | ၄၀၅၉၇၂ | ၃၇၉၄၅၂ | ၁၁၁၃၂ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၉– ၈ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၂၁၃၁၃၁ | ၁၃၅၁၀၁ | ၃၄၁၉ |
| အင်ဒိုနီးရှား | ၁၆၉၁၉၅ | ၁၂၂၈၀၂ | ၇၂၆၁ |
| စင်ကာပူ | ၅၆၇၁၇ | ၅၅၃၃၇ | ၂၇ |
| မလေးရှား | ၉၃၁၇ | ၉၀၃၈ | ၁၂၅ |
| ထိုင်း | ၃၄၁၁ | ၃၂၄၂ | ၅၈ |
| ဗီယက်နမ် | ၁၀၄၀ | ၆၇၇ | ၃၂ |
| မြန်မာ | ၇၃၃ | ၃၅၁ | ၆ |
| ကမ္ဘောဒီးယား | ၂၇၃ | ၂၆၅ | ၀ |
| ဘရူနိုင်း | ၁၄၄ | ၁၃၉ | ၃ |
| လာအို | ၂၂ | ၂၁ | ၀ |

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၉-၈-၂၀၂၀) ရက်နေ့ နံနက်(၈:၀၀)နာရီ

၁။ (၂၈-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ ထပ်မံ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၇၃၂)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၈၅)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်)မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၄၈)ခု၊
- နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲနမူနာ (၈) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၁၀၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၆) ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၄) ခုတို့တွင်-
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃) ဦး တွေ့ရှိခဲ့ရပါသည်။

၂။ သို့ဖြစ်ရာ (၂၈-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ (ပထမ+ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၁,၂၀၂)ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၂၂၁)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ (ပထမ+ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၄၄၆)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ (ပထမ+ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၃၃၆)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၁၀၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၄) ခု၊
- နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲနမူနာ (၈) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၉၄) ခု စုစုပေါင်း (၂,၅၃၅)ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပါသည်။

၃။ (၂၉-၈-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာ (၆၅၆)ဦး ရှိပြီ ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက်**
**ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၂၉-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂၈-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ ထပ်မံ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၃၂) ခု |
| (၂၈-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ထပ်မံ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၅) ခု |
| (၂၈-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ထပ်မံ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၄၈) ခု |
| (၂၈-၈-၂၀၂၀) ရက်နေ့တွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၈) ခု |
| (၂၈-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀၆) ခု |
| (၂၈-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂) ခု |
| (၂၈-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆) ခု |
| (၂၈-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁၃) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၉-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁၃) ဦး | (၆၅၆) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၄၉) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၉-၈-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား / မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/မရှိ | ရခိုင်ပြည်နယ်သို့ ခရီးသွား ရာဇဝင် ရှိ/မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID - 19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| 644 | ၃၁ | မ | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ရှိ (စစ်တွေမြို့) | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့နယ် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 645 | ၆၆ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ စစ်တွေမြို့နယ် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 646 | ၁၆ | ကျား | ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ရှိ (စစ်တွေမြို့) | ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့နယ် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်တော်မြို့နယ်) |
| 647 | ၂၁ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ စစ်တွေမြို့နယ် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 648 | ၂၄ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ စစ်တွေမြို့နယ် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 649 | ၂၄ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ စစ်တွေမြို့နယ် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 650 | ၂၉ | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ကျောက်ဖြူမြို့နယ် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| 651 | ၃၃ | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-604) | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ကျောက်ဖြူမြို့နယ် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| 652 | ၄၂ | မ | တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) | ရှိ (Case-447) | မရှိ | မရှိ | စပ်စုံထွန်းဆေးရုံကြီး၊ တောင်ကြီးမြို့နယ် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တောင်ကြီးမြို့နယ်) |
| 653 | ၇ | မ | မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-574) | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ မြောက်ဦးမြို့နယ် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မြောက်ဦးမြို့နယ်) |
| 654 | ၃၀ | ကျား | မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-574) | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ မြောက်ဦးမြို့နယ် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မြောက်ဦးမြို့နယ်) |
| 655 | ၂၆ | ကျား | မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-574) | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ မြောက်ဦးမြို့နယ် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မြောက်ဦးမြို့နယ်) |
| 656 | ၆၆ | ကျား | မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-574) | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ မြောက်ဦးမြို့နယ် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မြောက်ဦးမြို့နယ်) |

## နမ္မတူမြို့နယ် ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး အထောက်အကူပြုပစ္စည်းများနှင့် ဖြည့်စွက်အာဟာရ အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်

နမ္မတူ ဩဂုတ် ၂၉

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး အထောက်အကူပြုပစ္စည်းများနှင့် ဖြည့်စွက်အာဟာရ အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ဩဂုတ် ၂၈ ရက်က ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် နမ္မတူမြို့နယ် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး တင်အောင်ထွန်းက ကိုဗစ်-၁၉ရောဂါကာကွယ်၊ထိန်းချုပ်ရေးအထောက်အကူပြု နှာခေါင်းစည်း ၅၀၀၊ လက်အိတ်များ ၂၄ စုံ၊ မျက်မှန် နှစ်ခု၊ မျက်နှာဖုံး ၆၀ နှင့် အခြားပစ္စည်းများကို မြို့နယ်ပြည်သူ့ဆေးရုံအုပ် ဒေါက်တာ အောင်သူထက်နှင့် မြို့မိမြို့ဖ ဦးစန်းလွင် လက်ဝယ်သို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နမ္မတူမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးရုံတက်ရောက်ကုသလျက်ရှိသော ဒေသခံပြည်သူ အမျိုးသား လေးဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၁၅ ဦးအား ဖြည့်စွက်အာဟာရအသုံးအဆောင် ကြက်ဥ၊ ပေါင်မုန့်၊ လက်ဖက်ရည်ထုပ်နှင့် ကွေကာထုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

လူမော် (ပြန်/ဆက်)

## COVID-19 Call Center အချိန်ပြောင်းလဲဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၂၉

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသန ဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID - 19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ(**အစား**) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

စာမျက်နှာ ၁၄ မှ

## COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ

(၂၉-၈-၂၀၂၀)ရက်နေ့၊ ည(၈:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြု လူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအခြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| *657 | ၁၇ နှစ် | မ | ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မရှိ | မရှိ | ကန်တော်နဒီဆေးရုံ၊ မန္တလေးမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ချမ်းမြသာစည်မြို့နယ်) |
| *658 | ၅၀ နှစ် | ကျား | အမ်းမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ အမ်းမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (အမ်းမြို့နယ်) |
| *659 | ၂၀ နှစ် | မ | အမ်းမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ အမ်းမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (အမ်းမြို့နယ်) |
| 660 | ၂၈ နှစ် | ကျား | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | ရှိ (Case-505) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| 661 | ၅၀ နှစ် | မ | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | ရှိ (Case-505) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| 662 | ၄၀ နှစ် | မ | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| 663 | ၃၈ နှစ် | မ | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | ရှိ (Case-480) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *664 | ၂၅ နှစ် | ကျား | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | ရှိ (Case-480) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *665 | ၂၅ နှစ် | ကျား | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | ရှိ (Case-480,505) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| 666 | ၁၈ နှစ် | ကျား | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | ရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| 667 | ၃၀ နှစ် | မ | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | ရှိ (Case-505) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| 668 | ၈၆ နှစ် | မ | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | ရှိ (Case-505) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| 669 | ၁ နှစ် | မ | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | ရှိ (Case-505) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| 670 | ၂၇ နှစ် | ကျား | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | ရှိ (Case-481) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| 671 | ၄၄ နှစ် | ကျား | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | ရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *672 | ၅၅ နှစ် | မ | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | ရှိ (Case-482) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| 673 | ၃၅ နှစ် | မ | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | ရှိ (Case-482) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| 674 | ၃၈ နှစ် | ကျား | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | ရှိ (Case-482) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| 675 | ၃၅ နှစ် | ကျား | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | ရှိ (Case-482) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *676 | ၃ နှစ် | မ | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *677 | ၅၀ နှစ် | ကျား | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *678 | ၄၈ နှစ် | မ | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *679 | ၁၉ နှစ် | ကျား | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *680 | ၂၀ နှစ် | ကျား | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *681 | ၃၇ နှစ် | ကျား | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *682 | ၄၅ နှစ် | ကျား | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *683 | ၄၃ နှစ် | ကျား | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| 684 | ၂၃ နှစ် | မ | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| 685 | ၂၅ နှစ် | မ | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *686 | ၃၄ နှစ် | ကျား | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| 687 | ၂၉ နှစ် | ကျား | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *688 | ၃၀ နှစ် | ကျား | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *689 | ၂၅ နှစ် | မ | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *690 | ၄၁ နှစ် | ကျား | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *691 | ၃၆ နှစ် | ကျား | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *692 | ၂၇ နှစ် | ကျား | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *693 | ၂၈ နှစ် | ကျား | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *694 | ၃၈ နှစ် | ကျား | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *695 | ၄၂ နှစ် | မ | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | ရှိ (Case-480) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *696 | ၂၉ နှစ် | ကျား | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *697 | ၂၆ နှစ် | မ | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *698 | ၃၃ နှစ် | မ | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *699 | ၅၀ နှစ် | ကျား | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *700 | ၁၃ နှစ် | ကျား | ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 701 | ၂၆ နှစ် | ကျား | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး) |
| 702 | ၁၅ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 703 | ၂၉ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 704 | ၁၆ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 705 | ၁၆ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 706 | ၁၆ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 707 | ၃၆ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-399) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 708 | ၆၂ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-439) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 709 | ၁၆ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-399) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 710 | ၁၅ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-399) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 711 | ၃၁ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 712 | ၅၅ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-439) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 713 | ၁၄ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-399) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 714 | ၁၅ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-439) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 715 | ၅၄ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-439) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 716 | ၅၃ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-439) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 717 | ၆၁ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-471) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 718 | ၇၃ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-471) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 719 | ၂၆ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-592) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 720 | ၅၂ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-592) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 721 | ၇၀ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-594) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 722 | ၂၂ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-594) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 723 | ၂၂ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-594) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 724 | ၂၅ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-591) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 725 | ၂၂ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-592) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 726 | ၂၆ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-594) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 727 | ၅၅ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-592) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 728 | ၂၃ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-592) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 729 | ၂၄ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-471) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 730 | ၂၂ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-471) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 731 | ၂၂ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-471) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 732 | ၂၂ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-471) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 733 | ၂၃ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-471) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |

* ရခိုင်ပြည်နယ်အတွင်းရှိ ရောဂါပိုးကူးစက်ပြန့်ပွားလျက်ရှိသော မြို့နယ်များသို့ ခရီးသွားရာဇဝင်ရှိသဖြင့် အသွားအလာကန့်သတ်ထားရှိသူ

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ဩဂုတ် ၁၉ ရက်မှ ၂၄ ရက်အထိ ထွက်ရှိသော စာအုပ်စာရင်း

*ယမန်နေ့မှအဆက်*

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁၇ | မြန်မာ့နိုင်ငံရေး အသင်းအဖွဲ့များနှင့် ပါတီများအဘိဓာန် | ဒေါက်တာကျော်ဆွေညွန့် | လွင်ဦးစာပေ | ၇၅၀၀ |
| ၁၈ | တိမ်ပြာပြာမှ နောက်တစ်နေ့ | ကိုထက်(ရေဦး) | ကိုလတ် | ၂၅၀၀ |
| ၁၉ | သူများပါးစပ်ဖျားမှာ လမ်းဆုံးမှာလား..... နှင့်အခြားဆောင်းပါးများ | မောင်ထက်ဝေ | ကိုလတ် | ၂၀၀၀ |
| ၂၀ | လတစ်စင်းရဲ့အိမ်မက်ဟောင်း | နေဗလ် | ကိုလတ် | ၃၅၀၀ |
| ၂၁ | ရင်ခွင်မဲ့ ဂျစ်ပစီ | သျှန်းမိုးအိမ် | ကိုလတ် | ၂၀၀၀ |
| ၂၂ | အလင်းရောင် ဝတ္ထုတိုများ | ကုမုဒြာ | ရန်အောင်စာပေ ၂ | ၂၅၀၀ |
| ၂၃ | ပွဲတင်သံနှင့် .... | မစန္ဒာ | ကောင်းကင်မေစာပေ | ၃၀၀၀ |
| ၂၄ | ရယ်စရာ မောစရာ ကလေးတို့ကမ္ဘာ | ခင်မောင်တိုး(မိုးမိတ်) | ပင်ဝါးရုံ | ၁၅၀၀ |
| ၂၅ | အပြုံးဝက်ပါ ဘဝအမောပြေဟာသများ | ထိန်လင်း | ပင်ဝါးရုံ | ၁၅၀၀ |
| ၂၆ | ကျောင်းသားသူရဲကောင်း ဖြစ်ရပ်မှန်ဝတ္ထုတိုများ | မေတ္တာရှင်(ရွှေပြည်သာ) | မေတ္တာရှင် (ရွှေပြည်သာစာပေ) | ၃၀၀၀ |
| ၂၇ | အောင်မြင်မှုဆီ သွားတဲ့အခါ | အောင်မိုးထက် | လင်းလွန်းခင် | ၂၅၀၀ |
| ၂၈ | နှင်းဆီသွေး | လင်းတင့်သီဟ | ဆုရောင်စဉ် | ၁၀၀၀၀ |
| ၂၉ | ဂရင်းဝှစ်ချ် တရုတ်တန်း အမှတ်(၅၁) | လွင်မောင်မောင် | ဝိုင်းမော်စာပေ | ၂၅၀၀ |
| ၃၀ | Collection of Articles on Myanmar Contemporary Scenes | Lokethar | ကျော်ဝင်းစာပေ | ၂၅၀၀ |
| ၃၁ | ဖတ်မိသမျှတွေ မျှဝေပေးဖို့ | အေးဖြူ | သီဟရတနာ | ၃၀၀၀ |

## တောင်သူလယ်သမားများသို့ အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံအများစုတွင် (၂၀၂၀) ပြည့်နှစ် မိုးရာသီအတွင်း စီးဝင်ရေပမာဏမှာ ယခင်နှစ်များက ကာလတူပမာဏထက် နည်းပါးလျက်ရှိသည့်အတွက် သိုလှောင်ရေပမာဏမှာလည်း လျော့နည်းကျဆင်းလျက်ရှိပါသည်။

ထို့ပြင် ယခုနှစ် မိုးရာသီတွင် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ပုံမှန် မိုးစပါးစိုက်ပျိုးရေပေးဝေခြင်းအပြင် ယခင် မိုးစပါးစိုက်ပျိုးရေပေးဝေရန် မလိုအပ်သည့် မိုးကောင်းသောက်ဒေသများတွင်လည်း ဖြည့်စွက်ရေများ ပေးဝေနေရသည့် အခြေအနေများ ကြုံတွေ့နေရပါသဖြင့် ယခုနှစ်လျာထား မိုးစပါးစိုက်ဧကများ ပြည့်မီစွာ ရေပေးဝေနိုင်ရန်နှင့် လာမည့်နွေစပါးရာသီတွင်လည်း ဆည်အတွင်း ကျန်ရှိသိုလှောင်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံများ ယခင်နှစ် လျာထားပမာဏများအတိုင်း ပြည့်မီစွာ စိုက်ပျိုးရေပေးဝေနိုင်ရန်နှင့်သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်ရန်အတွက် ရေအသုံးချသူများအဖွဲ့များနှင့်အတူ ဆည်ရေကို စနစ်တကျ ချွေတာသုံးစွဲလျက်ရှိသည့်အပြင် အားလုံးသော တောင်သူလယ်သမားများနှင့် ပြည်သူများမှလည်း မိမိတို့ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉ - ၈ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၂၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၂၅၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၂၅၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၅၅/၅၉၀ | ကျပ် | ၅၈၅/၅၉၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၆၅/၆၀၀ | ကျပ် | ၅၉၅/၆၁၀ | ကျပ် |
| အောက်တိန်း ၉၂ | ၅၀၅/၅၄၀ | ကျပ် | ၅၆၅/၅၇၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၃၅/၆၅၀ | ကျပ် | ၆၉၀/၇၁၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၃၈ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၉၄ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၄ . ၀၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၈ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၆၄ . ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၉ . ၅၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၀၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၆၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၀ . ၈၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၉၅၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၅၀၁ | ၄၉၅၉၉၀၀ |
| MTSH | ၃၇၀၀ | ၃၇၀၀ | ၁၀၆၅ | ၃၉၄၀၅၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၄ | ၁၀၉၂၀၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၂၆၄ | ၅၆၇၆၀၀၀ |
| TMH | ၂၇၀၀ | ၀ | ၀ | ၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၂၀၂ | ၆၂၅၇၀၀ |

ခင်ရတနာ - စုစည်းသည်

**မြန်မာ့အလင်း**


| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com


www.facebook.com/MYANMAALINNNEWS


**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-**၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm


ကိုတင်နှင့် ရယ်ကြွက်
HTOO
ဟေ့ကောင် ခွေးပု… ဝေါ့ဝေါ့ဆဲဆဲ မနေသင့်တဲ့အချိန်ကိုရောက်လာပြီကွ… နော်
စိတ်ချ ဦးတင်…
သတိတရားနဲ့စောင့်ကြည့်နေပါတယ ခင်ဗျ…
နေပါဦး… မင်းက ဘယ်သူကိုစောင့်ကြည့်နေတာလဲ…
ဟွန့်… ရယ်ကြွက်က
ဟိုလေ… နိုင်ငံသားတိုင်း မဲဆန္ဒပေးပိုင်ခွင့်ရရှိရေးအတွက် သတိထားပြီး စောင့်ကြည့်နေတာလေ ဦးတင်ရဲ့…
ခုဟာက… COVID-19 ကာလ ပြီးဆုံးသေးတာမဟုတ်လို့ ဝေါ့ဝေါ့ဆဲဆဲ မနေသင့်ကြဘူးလို့ သတိပေးနေတာ…
တစ်ကျော့ပြန်ကိုရိုနာဗိုင်းရပ်စ်က ကူးစက်မှုနှုန်း (၁၀) ဆမြန်သတဲ့… အပြင်ထွက်ရင် မတ်စ်တပ်ပါ… လက်ကိုခဏခဏဆေးပါ…
D614G ဆိုလား…
ကိုယ့်အိမ်ထဲမှာပဲ အတတ်နိုင်ဆုံးနေပါ… လူစုလူဝေးကိုရှောင် ရှောင်… ဟင်… ဒါ… ဒါကကယ်ကို ထွက်ပြေးတာလဲ…
ဦးတင်က အိမ်မှာနေဖို့ပြောတော့မှပဲ… အိမ်မှာ ဟော့ပလိပ်နဲ့ ရေချွေးအိုးတည်ခဲ့မိတာ သတိရလို့ အမြန်ပြေးတာ မျိုး…
ကောင်း ရော…


ဝမ်းသာဝူး
မေကြီး ဈေးမသွားဘူးလား
မသွား ဘူး…
အခု ကိုဗစ်တွေပြန်ဖြစ် နေတယ်…
မလိုအပ်ဘဲ အပြင်မထွက်ရအောင် လို့…
မနေ့က ဈေးကနေ… ကြက်ဥ တစ်ကတ်
ဘဲဥတစ်ကတ် ယူလာတယ်…
နောက်နေ့ကစပြီး အဲဒါတွေပဲ… စားရမယ်…
ကိုဗစ်ရယ် မြန်မြန်ပြီးပါတော့


အမြဲ အက် ဖြိုး ဝိုင်းရည်
မုန့်ဆိုင်ထဲမှာ အက်လိပ်-မြန်မာ အဘိဓာန် ထည့်လိုက်တော့ အချိုတွေ အလွယ်တကူ ရှာလို့ ရပြီ-
သမီးစားနေတဲ့ ဒိုးနတ် (DOUGHNUT) မုန့်ဆိုတာ မုန့်လက်ကောက်ပုံ ဆီကြော် ကိတ်မုန့်တဲ့-
သမီးကြိုက်တဲ့ ကျောက်ကျော ဆိုတာကကော ×××
ကျောက်ကျောဆိုတာ - ဂျယ်လီ (JELLY) တဲ့ - သစ်သီးရည်ဖြင့်ထိုးထား သောပျော့အကြည် မုန့်-
တိုရှည်မုန့်ဆိုတာလည်း မုန့်ထဲမှာ ရှာကြည့်ပေးပါဦး - မုန့်က အဝိုင်းပုံ - တိုတယ်-ရှည်တယ်ဆိုတာက ×××
တိုရှည်မုန့် (TOSA) တဲ့ -
တိုတာရှည်တာ - အဘိဓာန်ထဲမှာမပါလို့ မေးမြန်းစုံစမ်းပြီးမှ ပြောတော့မယ် သမီးရေ့ -




ကာတွန်းကိုမိုး



# သိမှတ်စရာအဖြာဖြာ (General Knowledge)

## မြန်မာ့ကျွန်းသစ်တွေနဲ့ဆောက်ခဲ့တဲ့ ကော့စပါထရစ်သင်္ဘောကြီးရဲ့ ကံကြမ္မာ

ကေ – ဂျူဝယ်လ်

ကလေးလေးတို့ကို ဒီတစ်ပတ်မှာ မမပြောပြချင်တဲ့ ဗဟုသုတအကြောင်းအရာကတော့ အင်္ဂလိပ်ခေတ်က မြန်မာနိုင်ငံ မော်လမြိုင်မြို့မှာ တည်ဆောက်ခဲ့ပြီး ပင်လယ်ထဲမှာ မီးလောင်နစ်မြုပ်သွားတဲ့ သင်္ဘောကြီးတစ်စင်း အကြောင်းပါ။ ရေကြောင်းခရီးသွားတာက အခုခေတ်မှာ သိပ်ကိုလွယ်ပေမယ့် ဟိုးရှေးရှေးတုန်းကတော့ တော်တော်ကို ခက်ခဲတာပေါ့။ မုန်တိုင်းတွေ၊ လှိုင်းတွေနဲ့ လေပြင်းတိုက်ခတ်တာတွေကို အန်တုပြီး ပင်လယ်ထဲမှာ တစ်နေရာကနေ တစ်နေရာကို သွားကြရတာဟာ လူစွန့်စားတွေရဲ့ အလုပ်တစ်ခုပဲပေါ့။

၁၈၅၆ ခုနှစ်မှာ ကော့စပါထရစ်(Cospatrick)သင်္ဘောကြီးကို တည်ဆောက်ခဲ့ပါတယ်။ တည်ဆောက်တဲ့နေရာက မော်လမြိုင်မြို့မှာဖြစ်ပြီး မြန်မာ့ကျွန်းသစ်တွေနဲ့ မြန်မာအလုပ်သမားတွေကို အသုံးပြုပြီး တည်ဆောက်ခဲ့တာပေါ့ကွယ်။ ဒီဇိုင်းဆွဲတာ၊ တည်ဆောက်တဲ့အခါ လမ်းညွှန်မှုပေးတဲ့ အင်ဂျင်နီယာတွေကတော့ ဗြိတိသျှလူမျိုးတွေပေါ့။ အဲဒီသင်္ဘောကြီးကို လန်ဒန်က ထင်ရှားတဲ့ သင်္ဘောပိုင်ရှင် ဒူဆန်ဒန်ဘားက ပိုင်ဆိုင်ပါတယ်။ အဲဒီတုန်းက မြန်မာနိုင်ငံ အောက်ပိုင်းကို အင်္ဂလိပ်တွေ သိမ်းပိုက်ထားတဲ့အချိန်ပေါ့ကွယ်။

မော်လမြိုင်မြို့ဟာ ဆိပ်ကမ်းမြို့ဖြစ်ခဲ့ပြီး အင်္ဂလိပ်တွေက သူတို့သွားလာရေးလွယ်ကူစေဖို့ မမတို့နိုင်ငံက ထွက်တဲ့ ကျွန်းသစ်နဲ့ အခြားသစ်မာတွေကို ဖောဖောသီသီသုံးပြီး သင်္ဘောကြီးတွေဆောက်တဲ့အထဲမှာ ကော့စပါထရစ်ကတော့ တော်တော်ကြီးမားပြီး နာမည်လည်းကြီးပါတယ်။ အဲဒီသင်္ဘောကြီးဟာ အင်္ဂလန်နဲ့ အိန္ဒိယကို ခရီးသည်တွေ၊ စစ်သားတွေနဲ့ ကုန်စည်တွေ တင်ဆောင်သွားလာခဲ့တာပေါ့။ ၁၈၇၃ ခုနှစ်လောက်မှာ သင်္ဘောကြီးကို အခြားလုပ်ငန်းရှင်တစ်ယောက်ကို လွှဲပြောင်းရောင်းချခဲ့တယ်။ ကော့စပါထရစ်က ဩစတြေးလျနိုင်ငံဘက်ကို သွားခဲ့ရသလို ပါရှန်ပင်လယ်ကွေ့ဘက်မှာလည်း ရွက်လွှင့်ခဲ့ပြီး နယူးဇီလန်နဲ့ လန်ဒန်ခရီးစဉ်တွေလည်း သွားခဲ့ပါတယ်။






ကော့စပါထရစ်သင်္ဘောကြီး မီးလောင်မှုကို ပုံဖော်ရေးဆွဲထားသည့် ပန်းချီကား။

မြန်မာပြည်မှာ တည်ဆောက်ခဲ့တဲ့ ကော့စပါထရစ်သင်္ဘောကြီးက သက်ဆိုးတော့ သိပ်မရှည်ခဲ့ရှာဘူး ကလေးတို့ရေ။ ၁၈၇၄ ခုနှစ် စက်တင်ဘာ ၁၁ ရက်မှာ သူက ရွှေ့ပြောင်းအလုပ်သမားတွေ၊ ခရီးသည်တွေ၊ သင်္ဘောအမှုထမ်းတွေ စုစုပေါင်း ၄၇၇ ယောက်ကို တင်ဆောင်ပြီး အော့ကလန်ကို ရွက်လွှင့်ခဲ့သတဲ့။

ပင်လယ်ထဲရွက်လွှင့်ပြီး နှစ်လလောက်အကြာ နိုဝင်ဘာ ၁၈ ရက်မှာတော့ သင်္ဘောကြီး ကံဆိုးမိုးမှောင်ကျတဲ့ရက်ကို ရောက်လာခဲ့ပါတယ်။ ခရီးသည်တစ်ယောက်ယောက် ဒါမှမဟုတ် သင်္ဘောသားတစ်ဦးဦး အခန်းထဲမှာ မီးထွန်းရင်း မီးလောင်မှုက စတင်ခဲ့တော့တာပေါ့။ လူတွေက သင်္ဘောကုန်းပတ်ပေါ်မှာ ဟိုဘက်ဒီဘက် ပြေးလွှားရင်း ပင်လယ်ထဲမှာ တော်တော်ကို ကြောက်လန့်နေခဲ့ရရှာမယ်။ ပိုဆိုးတာက သင်္ဘောဝမ်းဗိုက်ထဲမှာ ကတ္တရာစေးတွေ၊ ရေနံစိမ်းတွေနဲ့ ရွက်လွှင့်တဲ့အခါ ရွက်တိုင်တွေကို ချည်ဖို့ ကြိုးစည်းတွေ ပါလာခဲ့တာပေါ့။ မီးလောင်တဲ့အခါ ကြီးမားတဲ့ပေါက်ကွဲသံတွေနဲ့ ကမ္ဘာပျက်တဲ့အလားပဲဆိုပြီး အသက်ရှင်လျက် ကျန်တဲ့သူတွေ ဆီကနေ လူတွေပြန်သိကြရတာ။

သနားစရာကောင်းတာက သင်္ဘောပေါ်မှာ ရင်ခွင်ပိုက်ကလေး ရှစ်ဦး၊ ကလေးငယ် ၁၂၆ ဦးနဲ့ အမျိုး သမီး ၁၂၅ ဦးတောင် ပါခဲ့တယ်။ ကျန်တဲ့ ၄၂၉ ဦးကတော့ အလုပ်သမားတွေ၊ ခရီးသွားတွေပေါ့ကွယ်။ မီးလောင်နေတဲ့ သင်္ဘောကြီးပေါ်ကနေ လှိုင်းလေထန်နေတဲ့ ပင်လယ်ထဲကို အသက်ကယ်လှေနှစ်စင်းပဲ ရေချနိုင်ခဲ့တယ်။ အသက်ကယ်လှေတစ်စင်းကတော့ လုံးလုံးပျောက်ဆုံးသွားခဲ့ပြီး ကျန်တစ်စင်းက ကလေးတစ်ဦးနဲ့ လူကြီးလေးဦးသာ အသက်ကယ်လှေနဲ့မျောပါပြီး ကမ်းကို ပြန်ရောက်လာခဲ့တယ်။ အဲဒီအထဲကလည်း နှစ်ဦးထပ်ပြီး သေဆုံးသွားတော့ လူပေါင်း ၄၇၇ ဦးမှာ သုံးဦးသာ အသက်ရှင်ခဲ့တဲ့ ဖြစ်စဉ်တစ်ခုပေါ့။ တစ်ကမ္ဘာလုံးက ကော့စပါထရစ်သင်္ဘောပေါ်ကလူတွေအတွက် ဝမ်းနည်းကြေကွဲခဲ့ရတာပေါ့။ မမတို့နိုင်ငံက ကျွန်းသစ်တွေနဲ့ဆောက်ထားတဲ့ သင်္ဘောကြီးကလည်း ဘယ်လောက်မှတောင် အသက်မရှည်လိုက်ရဘူးပေါ့ကွယ်။

ကော့စပါထရစ်ရဲ့နောက်မှာ ထင်ရှားတဲ့သင်္ဘောနစ်မြုပ်မှုကတော့ ကမ္ဘာကျော် တိုက်တန်းနစ်သင်္ဘောကြီးပဲပေါ့။ သူ့ကိုတော့ ကလေးတို့ ကြားဖူးကြမှာပါ။ သူကလည်း လူဦးရေ ၁၅၀၀ လောက် သေဆုံးခဲ့ရတဲ့ သင်္ဘောနစ်မြုပ်မှုဖြစ်လို့ ရုပ်ရှင်ပြန်ရိုက်ကြပြီး အလွမ်းဖြေခဲ့ကြရပါတယ်။

# လောကဝတ် (Etiquette)

## ခေါင်းဆောင်ကောင်းဖြစ်စေဖို့ ကလေးဘဝက အစပြုလို့

မမမေ

**မင်္ဂလာပါကလေးတို့ရေ။ ကိုဗစ်–၁၉ ရောဂါကြောင့် မမတို့ရော၊ ကလေးတို့ရော အိမ်မှာပဲနေကြရချိန်မှာ အလေ့အကျင့်ကောင်းလေးတွေ ပိုင်ဆိုင်ဖို့အတွက် နည်းလမ်းအချို့ကို မျှဝေပေးချင်ပါတယ်။ အသင်းတစ်ခုမှာ ခေါင်းဆောင်ဖြစ်ဖို့၊ အတန်းထဲမှာ အတန်းခေါင်းဆောင်ဖြစ်ဖို့ ဘယ်လိုလူတွေကို ရွေးချယ်ကြသလဲဆိုတာနဲ့ ခေါင်းဆောင်ဖြစ်ဖို့အတွက် ဘယ်လိုယဉ်ကျေးပျူငှာမှုလေးတွေ ရှိသင့်သလဲဆိုတာကို ပြောပြချင်ပါတယ်။**

ခေါင်းဆောင်တယ်ဆိုတာ ကိုယ့်အဖွဲ့မှာပါတဲ့ အဖွဲ့ဝင်တွေအပေါ် ကြည့်ရှုပေးရပြီး ဖြေရှင်းကာကွယ်ပေးနိုင်ရမယ်၊ သူတို့ရဲ့ အရည်အချင်းတွေကို ပိုပြီးပြနိုင်အောင် ကူညီပေးရတဲ့သူတွေဖြစ်ပြီး အနစ်နာခံတတ်သူတွေလည်း ဖြစ်ရမှာပါ။ ကလေးတို့ဆီမှာရော ကလေးတို့ကို ကာကွယ်ပေးတတ်၊ ဦးဆောင်ဖြေရှင်းပေးတတ်၊ ပျော်ပျော်ပါးပါး နဲ့ ကစားနိုင်အောင်၊ စာသင်နိုင်အောင် ကူညီပေးတဲ့ ခေါင်းဆောင် သူငယ်ချင်းတွေရှိသလား။ ကိုယ်တိုင်ကရော ခေါင်းဆောင်ပေးနိုင်တဲ့ ကလေးမျိုးလားဆိုတာ လေ့လာကြည့်ရအောင်နော်။

**ဆွဲဆောင်မှုရှိပါစေ**

ခေါင်းဆောင်ဖြစ်ချင်တဲ့ကလေးတို့က ဆွဲဆောင်မှုရှိဖို့လိုပါတယ်။ ဘယ်လိုအဝတ်အစားကိုဝတ်ဝတ် သေသေသပ်သပ်ဝတ်ဖို့၊ အမြဲတမ်း တက်တက်ကြွကြွနဲ့ အားလုံးကို ပျော်ရွှင်အောင်ထားနိုင်တာက ခေါင်းဆောင်တွေအတွက် အရေးကြီးဆုံးပေါ့။

**အသံကောင်းပြီလား**

သူများကို ပြောနိုင်ဆိုနိုင်ဖို့အတွက် ဆိုရင် ကလေးတို့က စကားကို ရှင်းရှင်းလင်းလင်း၊ ပြတ်ပြတ်သားသားနဲ့ နားထောင်ကောင်းအောင် ယဉ်ကျေးပျူငှာစွာနဲ့ ပြောတတ်ဖို့ လိုပါတယ်။ အသံအကျယ်ကြီး အော်ဟစ်ပြောတာ၊ အသံတိုးလွန်းတာနဲ့ ဗလုံးဗထွေး ပြောတတ်တာတွေဟာ ခေါင်းဆောင်ကောင်းဖြစ်ဖို့ အတားအဆီးတွေ ဖြစ်ပါတယ်။ ဒါကြောင့် အသံမတိုးလွန်း၊ မကျယ်လွန်း ပြောတတ်ရမယ်။ စကားကို ရှင်းရှင်းလင်းလင်းနဲ့ စီကာပတ်ကုံးသူများ စိတ်ဝင်စားအောင် ပြောတတ်တာကလည်း ခေါင်းဆောင်ဖြစ်ဖို့ ကူညီပေးပါတယ်နော်။

**ရယ်စရာပြောပါ၊ ရယ်မောပါ**

ပျော်ရွှင်စရာတွေပေးတဲ့သူနဲ့ စိတ်ရှုပ်စရာပေးတဲ့သူမှာ ကလေးတို့ဆိုရင် ဘယ်သူ့ကို ရွေးမလဲ။ ကလေးတို့လည်း ကိုယ့်ကိုယ်ကိုယ်ပျော်ရွှင်အောင် အမြဲကြိုးစားသင့်သလို ရယ်စရာတွေကို သူငယ်ချင်းတွေဆီ ပြောပြနိုင်အောင်၊ သူတို့ရယ်စရာတွေ ပြောလာတဲ့အခါ လိုက်ပါရယ်မောနိုင်အောင် ကြိုးစားကြည့်ပါ။ ဒါမှ သူငယ်ချင်းတွေက စာနာတတ်တဲ့သူ၊ ပျော်ရွှင်တတ်တဲ့သူဆိုတာ သိသွားကြပြီး ပိုချစ်ခင် အားကိုးလာကြမှာပေါ့။



**လမ်းပြပါ**

သူငယ်ချင်းတွေထဲမှာ ဆိုးတဲ့သူငယ်ချင်းတွေ၊ လွယ်လွယ်ကူကူ နားမလည်တဲ့ သူငယ်ချင်းတွေကိုရော ကြုံဖူးကြသလား။ သူတို့နားမလည်တဲ့ စာတွေရှင်းပြတာ၊ သူတို့မကျွမ်းကျင်တဲ့ ကစားနည်းတွေကို ကူကစားပေးတာနဲ့ သူတို့ရဲ့ လိုအပ်ချက်တွေ၊ အမှားတွေကို ထောက်ပြပေးတာဟာ သူငယ်ချင်းကောင်းတွေရဲ့ တာဝန်လည်း ဖြစ်သလို ခေါင်းဆောင် တစ်ယောက်ဖြစ်လာဖို့ အရည်အသွေးတွေလည်း ဖြစ်ပါသတဲ့။

**ခွင့်လွှတ်နားလည်**

ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်လာဖို့အတွက် ခွင့်လွှတ်ပေးရတာ၊ နားလည်ပေးရတာတွေ အများကြီး လိုပါတယ်။ ကလေးတို့ သူငယ်ချင်းအဖွဲ့တွေကြားမှာ အားလုံးကို စိတ်ညစ်အောင်လုပ်တတ်တဲ့ ခပ်ညစ်ညစ် သူငယ်ချင်းရှိတယ်ဆိုရင် သူတို့ရဲ့ စိတ်ညစ်စရာတွေကို နားလည်အောင်ကြိုးစားပြီး ခွင့်လွှတ်နိုင်အောင်လည်း ကြိုးစားသင့်ပါတယ်။ ခေါင်းဆောင်လုပ်ချင်တဲ့ကလေးတိုင်း သူများအပေါ် ခွင့်လွှတ်နိုင်ဖို့၊ နားလည်ပေးနိုင်ဖို့နဲ့ လက်တွဲခေါ်တတ်ဖို့က အရေးကြီးတာပေါ့ကွယ်။ အားလုံးပဲ ခေါင်းဆောင်ကလေးတွေ ဖြစ်ကြပါစေနော်။

# ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**အခန်း(၃)**

**ပြည်ပအကူအညီရယူခြင်း**

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့်ဌာန အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခွင့်ပြုနိုင်သည်။

၁၄။ ဇယား(၁)၊ (၃) နှင့် (၇) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသောငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂)၊ (၄) နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုသော သုံးငွေများထက် ပိုမိုသုံးစွဲရန်လိုအပ်ပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ မပြဋ္ဌာန်းမီဖြစ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲခြင်းနည်းလမ်း၊ ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုသည့်နည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုသည့် သုံးငွေများကို ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

( ခ ) နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ ပြဋ္ဌာန်းပြီးနောက်ပိုင်းဖြစ်လျှင် ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုသည့်နည်းလမ်း၊ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းနည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုသည့်သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

**အခန်း(၄)**

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ**

၁၅။ လူမှုဖူလုံရေးအဖွဲ့သည် မိမိ၏ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် ရန်ပုံငွေတို့အပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၁၆။ (က) လူမှုဖူလုံရေးအဖွဲ့၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

( ခ ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

( ဂ ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့၏ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

( ခ ) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့အား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၁၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် ရန်ပုံငွေတို့ဖြင့် ရပ်တည်ပြီး ယင်းရန်ပုံငွေမှ အကျိုးခံစားခွင့်များပေးရာတွင် လုံလောက်မှုမရှိ၍ တောင်းခံလာပါက ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်းနှင့် လိုအပ်သည့်ချေးငွေများ ထုတ်ချေးခြင်း၊ လူမှုဖူလုံရေးအိမ်ရာ စီမံကိန်းအတွက် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

**အပိုင်း ၃**

**နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

**အခန်း(၁)**

**ရငွေများနှင့်သုံးငွေများ**

၁၉။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၂၀။ (က) ဇယား(၇)နှင့်(၈)တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

( ခ ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇)နှင့် (၈)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

( ဂ ) ပုဒ်မခွဲ(ခ)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဃ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း(၂)**

**ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်**

၂၁။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန်ဆောင်ရွက်ရမည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

( ခ ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား(၇)တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

( ဂ ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား(၈)အရ ခွင့်ပြုထားသော သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် သုံးငွေများကို အောက်ပါအတိုင်း ပြောင်းလဲပေးခြင်းနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်-

(၁) အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်း၊

(၂) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်း၊

(ဃ) ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

( င ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

**အခန်း(၃)**

**နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်**

၂၂။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား(၇)နှင့် (၈) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

( ခ ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် လုပ်ငန်းလိုအပ်ချက်အရ ဇယား(၇) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဇယား(၈)အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သာမန်သုံးငွေ၊ ငွေလုံးငွေရင်း သုံးငွေနှင့်ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်လွှဲအပ်ချက်အရ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ ပြောင်းလဲနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

**အခန်း(၄)**

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

၂၃။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပေးခြင်းကို အနီးကပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ အကျိုးအကြောင်းဖော်ပြချက်နှင့်အတူ အစီရင်ခံရမည်။

( ခ ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သည့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အား အပေါ် မိမိတို့ရပ်တည်ဆောင်ရွက်ကြရမည်။

( ဂ ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ စုစုပေါင်းငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၂၄။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၉) နှင့် (၁၀) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

( ခ ) ပုဒ်မခွဲ (က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

( ဂ ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများက နိုင်ငံတော်သို့ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

၂၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ဇယား(၉)နှင့်(၁၀)တို့တွင် ဖော်ပြထားသော ရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

( ခ ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ လုပ်ငန်းများလုပ်ကိုင်ရန် ကနဦးရင်းနှီးမြှုပ်နှံငွေကို သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်နိုင်သည်။

( ဂ ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေများကို မြန်မာနိုင်ငံတော်ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသောဘဏ်များမှ သတ်မှတ်ချက်များနှင့်အညီ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

**အပိုင်း ၄**

**အရေးပေါ်ရန်ပုံငွေ**

၂၆။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား (၄)တွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနနှင့် ယှဉ်တွဲဖော်ပြထားသည့် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု အစိုးရကမသုံးစွဲလျှင် မဖြစ်သည့် အရေးပေါ်ကိစ္စရပ်အတွက် အသုံးစရိတ်ဖြစ်ပြီး အရအသုံးခန့်မှန်းခြေငွေစာရင်းလျာထားချက်တွင် ပါဝင်ခြင်းမရှိသော အသုံးစရိတ်အတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။

( ခ ) ပုဒ်မခွဲ (က) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

### အခန်း (၄)
### တိရစ္ဆာန်ဆေးကုအရာရှိချုပ် တာဝန်ပေးအပ်ခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ

၇။ ဝန်ကြီးဌာနသည် ဦးစီးဌာနရှိ ရာထူးအမြင့်ဆုံးသော တိရစ္ဆာန်ဆေးကုဆရာဝန်ကို တိရစ္ဆာန် ဆေးကုအရာရှိချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရမည်။

၈။ တိရစ္ဆာန်ဆေးကုအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မိမိနိုင်ငံ၏ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ အခြေအနေများကို ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့သို့ အသိပေးအကြောင်းကြားခြင်း၊

(ခ) တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် တိရစ္ဆာန်များ သက်သောင့်သက်သာရှိစွာ နေထိုင်စားသောက်နိုင်ရေး (Animal Welfare) ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဂ) ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့က ထုတ်ပြန်သော တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) မိမိနိုင်ငံနှင့် နိုင်ငံခြားတိုင်းပြည်များအကြား အပြန်အလှန် ထောက်ခံချက်လက်မှတ် ထုတ်ပေးခြင်းနှင့် လိုအပ်ပါက ယင်းကိစ္စကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခုသို့ တာဝန်ပေးလွှဲအပ် ဆောင်ရွက်စေနိုင်ခြင်း၊

(င) ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော ကဏ္ဍများအလိုက် တာဝန်ယူဆောင်ရွက်ရမည့် ကိုယ်စားလှယ်များကို ရွေးချယ်တာဝန်ပေးအပ်ခြင်း၊

(စ) ပြည်တွင်းရှိ တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းများကို ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့၏ ရည်ညွှန်းကိုးကား ဓာတ်ခွဲခန်းနှင့် ပူးပေါင်းဆောင်ရွက်ရေးဗဟိုဌာနများမှ အသိအမှတ်ပြုမှုရရှိစေရန် ဆောင်ရွက်ခြင်း၊

(ဆ) ဦးစီးဌာနက ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ ရည်မှန်းချက်၊ ဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြီးကြပ်ခြင်း၊

(ဇ) တိရစ္ဆာန်များနှင့် စပ်လျဉ်း၍ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေး အဖွဲ့က သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ အကြံပြုချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ကြီးကြပ်ခြင်း။

### အခန်း (၅)
### ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ဦးစီးဌာနသည် တိရစ္ဆာန်ကျန်းမာရေးနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) တိရစ္ဆာန်ကုသဆေးနှင့်ရောဂါကာကွယ်ဆေးနှင့် ကုသဆေးများကို သုတေသနပြုခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ပြည်ပမှ မှာယူတင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်း၊

(ခ) တိရစ္ဆာန်ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) ပြည်သူ့ကျန်းမာရေးနှင့် စပ်လျဉ်းသည့် တိရစ္ဆာန်ဆေးပညာဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အသိပညာပေးခြင်း၊

(ဃ) ထောက်ခံချက်လက်မှတ် ထုတ်ပေးခြင်း၊ ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းနှင့် ယင်းထောက်ခံချက်လက်မှတ် သို့မဟုတ် ခွင့်ပြုလက်မှတ်ထုတ်ပေးခဲ့သည့် လုပ်ငန်းများကို စစ်ဆေးကြီးကြပ်ခြင်း၊

(င) လိုအပ်သည့်နေရာဒေသများတွင် စစ်ဆေးရေးစခန်းနှင့် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ရောဂါကင်းရှင်းဇုန်နှင့် ရောဂါထိန်းချုပ်ဇုန် တည်ထောင်ခြင်း၊

(စ) တိရစ္ဆာန်ကျန်းမာရေးလုပ်သားများကို လေ့ကျင့် သင်တန်းပေးခြင်း၊ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် လုပ်ငန်းတာဝန်ခွဲဝေသတ်မှတ်ပေးခြင်း၊

(ဆ) တိရစ္ဆာန်အရှင်များ ရောင်းဝယ်ရန် သတ်မှတ်ထားသည့် နေရာများရှိ ရောင်းဝယ်မည့်တိရစ္ဆာန်များအား ကျန်းမာရေးစစ်ဆေးခြင်း၊

(ဇ) ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းနှင့် ယင်းသို့ ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

၁၀။ ဦးစီးဌာနသည် မွေးမြူရေးနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) မွေးမြူသူများအတွက် နည်းပညာဖြန့်ဖြူးခြင်း၊ မွေးမြူရေးဆိုင်ရာ စံအရည်အသွေးများ သတ်မှတ်ခြင်းနှင့် မွေးမြူရေးဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ခြင်း၊

(ခ) ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်၊ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်တို့နှင့်အညီ မွေးမြူထုတ်လုပ်နိုင်ရေး အတွက် အသိပညာပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) တိရစ္ဆာန်မျိုးရိုးဗီဇ အရင်းအမြစ် မျိုးကောင်းမျိုးသန့်များ ထိန်းသိမ်းခြင်းနှင့် မူပိုင်ခွင့် မှတ်ပုံတင်ခြင်း၊ ဖြန့်ဖြူးပေးခြင်း၊ လေ့ကျင့်ပညာပေးခြင်းနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) ထုတ်လုပ်မှုကောင်းပြီး ဒေသ၊ ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များ ပေါ်ထွန်းလာစေရေး အတွက် မျိုးမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များ ဖြန့်ဖြူးပေးခြင်း၊ လေ့ကျင့်ပညာပေးခြင်းနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*

# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

ပူးတွဲ-၃

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏
စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
( ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ )

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ( အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁,၈၂၆,၄၃၁.၁ | ၂.၀ | ၂.၀ | ၁,၉၀၉,၇၅၄.၇ | ၁.၉ | ၄.၆ |
| ၂ | ကယားပြည်နယ် | ၃၁၀,၆၀၆.၆ | ၀.၃ | ၄.၁ | ၃၂၈,၂၂၈.၀ | ၀.၃ | ၅.၇ |
| ၃ | ကရင်ပြည်နယ် | ၁,၆၇၉,၉၂၂.၆ | ၁.၈ | ၄.၉ | ၁,၇၆၃,၂၇၅.၂ | ၁.၈ | ၅.၀ |
| ၄ | ချင်းပြည်နယ် | ၃၄၁,၃၈၉.၀ | ၀.၄ | ၅.၇ | ၃၅၅,၀၈၃.၁ | ၀.၄ | ၄.၀ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၀,၉၆၃,၃၇၄.၆ | ၁၁.၈ | ၅.၈ | ၁၁,၇၅၄,၁၃၀.၄ | ၁၁.၉ | ၇.၂ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၇၃၀,၁၈၆.၈ | ၄.၀ | ၀.၅ | ၃,၈၄၀,၆၁၁.၅ | ၃.၉ | ၃.၀ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၇,၆၁၃,၁၄၂.၀ | ၈.၂ | ၅.၆ | ၈,၀၇၅,၀၆၀.၄ | ၈.၂ | ၆.၁ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇,၁၂၄,၀၉၂.၉ | ၇.၇ | ၄.၇ | ၇,၆၇၀,၁၇၁.၈ | ၇.၈ | ၇.၇ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၉,၇၅၂,၇၇၅.၅ | ၁၀.၅ | ၁.၇ | ၁၀,၁၉၈,၇၂၉.၀ | ၁၀.၄ | ၄.၆ |
| ၁၀ | မွန်ပြည်နယ် | ၃,၇၇၇,၃၄၈.၈ | ၄.၁ | ၄.၈ | ၃,၉၉၀,၂၃၀.၁ | ၄.၀ | ၅.၆ |
| ၁၁ | ရခိုင်ပြည်နယ် | ၃,၉၀၇,၁၂၁.၆ | ၄.၂ | ၀.၇ | ၄,၀၈၂,၁၁၇.၆ | ၄.၁ | ၄.၅ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၃,၄၈၂,၄၅၉.၀ | ၂၅.၂ | ၅.၇ | ၂၅,၂၂၃,၁၀၇.၆ | ၂၅.၆ | ၇.၄ |
| ၁၃ | ရှမ်းပြည်နယ် | ၅,၄၅၁,၂၄၀.၇ | ၅.၉ | ၄.၉ | ၅,၇၁၇,၅၉၀.၀ | ၅.၈ | ၄.၉ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၁,၀၂၀,၉၂၆.၆ | ၁၁.၈ | ၃.၂ | ၁၁,၅၃၄,၈၇၄.၆ | ၁၁.၇ | ၄.၇ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၂,၀၂၁,၆၃၇.၃ | ၂.၁ | ၆.၉ | ၂,၁၆၇,၃၆၄.၇ | ၂.၂ | ၇.၂ |

ပူးတွဲ-၄

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၂၃,၆၁၈,၄၂၃.၆** | **၂၀.၆** | **၂၄,၉၆၄,၁၇၅.၈** | **၁၉.၈** | **၅.၇** |
| | ၁ | လယ်ယာ | ၁၄,၉၇၈,၇၅၈.၀ | ၁၃.၁ | ၁၅,၅၂၄,၈၆၅.၇ | ၁၂.၃ | ၃.၆ |
| | ၂ | သားငါး | ၈,၅၆၀,၉၃၃.၂ | ၇.၄ | ၉,၃၆၈,၅၇၀.၈ | ၇.၄ | ၉.၄ |
| | ၃ | သစ်တော | ၇၈,၇၃၂.၄ | ၀.၁ | ၇၀,၇၃၉.၃ | ၀.၁ | -၁၀.၂ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၄၄,၂၇၉,၂၄၃.၈** | **၃၈.၇** | **၄၉,၁၇၂,၅၄၅.၆** | **၃၉.၃** | **၁၁.၅** |
| | ၁ | စွမ်းအင် | ၄,၆၀၅,၄၀၄.၀ | ၄.၀ | ၄,၇၁၂,၀၀၉.၇ | ၃.၈ | ၂.၃ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၉၉၈,၆၀၇.၄ | ၀.၉ | ၁,၀၄၈,၁၈၆.၂ | ၀.၈ | ၅.၀ |
| | ၃ | စက်မှုလက်မှု | ၂၉,၁၈၁,၈၂၃.၈ | ၂၅.၅ | ၃၂,၈၃၀,၉၂၂.၃ | ၂၆.၁ | ၁၂.၅ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၂,၀၄၆,၅၅၁.၁ | ၁.၈ | ၂,၃၈၄,၄၀၅.၄ | ၁.၉ | ၁၆.၅ |
| | ၅ | ဆောက်လုပ်မှု | ၇,၄၄၆,၈၅၇.၅ | ၆.၅ | ၈,၃၉၇,၀၂၂.၀ | ၆.၇ | ၁၂.၈ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၄၆,၅၆၄,၆၉၅.၇** | **၄၀.၇** | **၅၁,၄၆၆,၈၆၁.၉** | **၄၀.၉** | **၁၀.၅** |
| | ၁ | ပို့ဆောင်ရေး | ၁၂,၆၆၀,၅၈၄.၄ | ၁၁.၁ | ၁၃,၈၀၃,၄၅၇.၁ | ၁၁.၀ | ၉.၀ |
| | ၂ | ဆက်သွယ်ရေး | ၂,၂၃၂,၉၁၃.၆ | ၂.၀ | ၂,၃၉၆,၉၂၆.၈ | ၁.၉ | ၇.၃ |
| | ၃ | ငွေရေးကြေးရေး | ၄၁၆,၄၁၅.၃ | ၀.၄ | ၄၄၈,၁၂၇.၄ | ၀.၃ | ၇.၆ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၅၈၂,၅၅၂.၀ | ၃.၁ | ၃,၇၂၀,၈၁၄.၆ | ၃.၀ | ၃.၉ |
| | ၅ | အခြားဝန်ဆောင်မှု | ၃,၇၀၆,၇၂၂.၉ | ၃.၂ | ၄,၂၈၅,၀၁၁.၅ | ၃.၄ | ၁၅.၆ |
| | ၆ | ကုန်သွယ်မှု | ၂၃,၉၆၅,၅၀၇.၅ | ၂၀.၉ | ၂၆,၈၁၂,၅၂၄.၅ | ၂၁.၃ | ၁၁.၉ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၁၁၄,၄၆၂,၃၆၃.၁** | **၁၀၀.၀** | **၁၂၅,၈၀၃,၅၈၃.၃** | **၁၀၀.၀** | **၉.၉** |

*(ဆက်လက်ဖော်ပြပါမည်)*

## ဖခင်အမည်မှန်

နမ့်ခမ်းမြို့နယ်၊ မိုင်းဝီးကျေးရွာ၊ ဈေးသစ်ရပ်နေ မသက်မြတ်မော်၏ ဖခင်အမည်မှန်မှာ ဦးနိုင်လင်းအောင် ၉/ပမန(နိုင်)၁၂၃၀၆၁ ဖြစ်ပါကြောင်း။

**ဦးနိုင်လင်းအောင်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဆင်ညှပ်ကုန်း အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မမျိုးအိစံ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစန်းထွေး ၉/သပက(နိုင်)၀၄၆၉၆၄ ဖြစ်ပါကြောင်း။

**ဦးစန်းထွေး**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဆင်ညှပ်ကုန်း အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မနှင်းစန္ဒာကျော် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုးဝင်း ၉/သပက(နိုင်) ၀၂၂၆၄၇ ဖြစ်ပါကြောင်း။

**ဦးစိုးဝင်း**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဆင်ညှပ်ကုန်း အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်အောင်တင်လင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးငွေဝင်း ၉/သပက(နိုင်) ၀၄၂၈၅၄ ဖြစ်ပါကြောင်း။ **ဦးငွေဝင်း**

## အမည်မှန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်နေ ဦးမြင့်သိန်း၏သမီး ဒေါ်အေးစန္ဒာ၏အမည်မှန်မှာ ဒေါ်အိအိဝင်း ၁၂/ဥကမ(နိုင်)၁၄၇၆၃၅ ဖြစ်ပါကြောင်း။

**ဒေါ်အိအိဝင်း**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ တွင်းငယ်ကျေးရွာမှ မအေးသန္တာထွန်း ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးသိန်းထွန်း ၉/သပက(နိုင်)၁၀၄၃၉၈ ဖြစ်ပါကြောင်း။

**ဦးသိန်းထွန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9M/5245 Toyota Vanguard ACA 30, Station Wagon (4x4) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စောယု ၁၂/ပဘတ(နိုင်)၀၁၁၃၈၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 24W/68131 ယာဉ်လက်ဝယ်ရှိသူ ဦးသာချို ၁၄/ညတန(နိုင်)၀၀၁၉၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မအူပင်)**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (ဇ)၊ မြေကွက်အမှတ် (၅၂၈)၊ မြေကွက်တည်နေရာ အမှတ် (၅၂၈)၊ သုခမ္မာလမ်း၊(ဇ) ရပ်ကွက်၊ ဦးတင်ဆွေ ၁၂/ ဥကမ(နိုင်) ၁၁၉၅၈၁ (AC-၀၃၄၇၈၁) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်သူ (ခင်ပွန်း) ဦးတင်ဆွေသည် ၂၆-၃-၂၀၁၅ ရက်တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်သန်းရှင် ၁၂/ ဥကမ(နိုင်)၁၀၇၃၈၈မှ အမွေဆက်ခံခွင့်ရှိကြောင်း မြောက်ဥက္ကလာပမြို့နယ် တရားရုံး ကျမ်းကျိန်လွှာ အမှတ် ၆/ ၃၃၁/၂၀၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ အမည်ပေါက်ဂရန်မူရင်းတို့တင်ပြ၍ ဒေါ်သန်းရှင်ထံမှ (GP-၅၅၁၅/၂၀)၁၂-၅-၂၀ ဖြင့်ရရှိသူ ဒေါ်ခင်အေးမာ ၁၂/ဥကမ(နိုင်)၁၀၈၀၁၉ မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယ ညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ ကုန္ဒာ ၇လမ်း၊ အမှတ် ၈၀၃နေ ဦးသိန်းကျော် ၁၂/မဂတ(နိုင်)၀၃၇၁၇၂ က အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၄/၅၃၈၅)ဖြင့် ၂၀၂၀ ပြည့်နှစ် ဇွန် ၉ ရက်တွင် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို မိမိမူပိုင်အဖြစ် အသုံးပြုလျက် ရေခဲမုန့်၊ လက်ဖက်စို၊ လက်ဖက် ခြောက်၊ ကော်ဖီမှုန့်၊ အောင်မဲညိုပန်းခြောက် အစရှိသည့် စားသောက်ကုန်အမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချလျက် ရှိရာ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ ရှေ့မှသော်လည်းကောင်း၊ နောက်မှသော်လည်းကောင်း၊ အခြားဘာသာတစ်ခုခုဖြင့်သော်လည်းကောင်းတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှားထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားတုပပြုလုပ်၍ သုံးစွဲခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ တုပသုံးစွဲပြုလုပ်နေသည်ကို တွေ့ရှိရပါက ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်။

**ဦးသိန်းကျော် ၁၂/မဂတ(နိုင်)၀၃၇၁၇၂**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9Q/4107 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/5653 Mitsubishi Canter Truck ယာဉ်လက်ဝယ်ရှိသူ ဦးအံ့ဖေအောင် ၃/ဘအန(နိုင်)၀၂၀၉၃၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4F/1088 NISSAN VANETTE SK82TN VAN ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်သွင် ၁၂/ဥကတ(နိုင်)၀၆၃၉၁၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊**
**ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉အယ်လ်၊ မြေကွက်အမှတ်-V ၁၀၁၊ မြေကွက်တည်နေရာအမှတ် -၁၃၊ ၆၂လမ်း၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ဦးကုလား ၁၂/ဆကန(နိုင်)၀၀၁၀၆၂ အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက်ဖြစ်သူ ဦးကုလား ကွယ်လွန်သဖြင့် တရားဝင်ဇနီး ဒေါ်တင်ဝင်း ၁၂/ဆကန(နိုင်)၀၀၁၀၆၀မှ ပိုင်ဆိုင်ခွင့်ရှိပြီး ၎င်းထံမှ GP အမှတ် ၄၄၀၃/၂၀၂၀ (၁၈-၃-၂၀၂၀)ရသူ ဦးသန်းလွင်ဦး ၁၄/မအန (နိုင်)၁၆၂၅၃၀က ကျမ်းကျိန်လွှာများ၊ သေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၂)ရပ်ကွက်၊ ပေါ်ဆန်းမွှေး (၃)လမ်း၊ အမှတ် (၅၈၃/က)၊ အကျယ်အဝန်း ပေ (၂၀x၆၀)ရှိ ဦးကျော်မြင့် အမည်ပေါက် မြေချပါမစ်အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မိုးမိုးအိ ၁၀/မဒန(နိုင်)၁၆၂၂၇၆ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကိုကိုနိုင် ၉/နထက(နိုင်)၁၃၉၇၄၀၊ ဒေါ်ဝင်းစန္ဒာကျော် ၈/အလန(နိုင်)၁၃၇၅၃၈တို့က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သွယ်သွယ်ထွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (Advocate)**
**စဉ်-၁၄၂၃၇ (စုပေါင်းရုံးဝင်း၊ အင်းစိန်)ဖုန်း-၀၉-၄၂၀၀၄၁၁၃၇**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ပြင်ဦးလွင်မြို့၊ ရပ်ကွက်(၄)၊ ဒဂုံလမ်းသွယ်နေ ဦးမျိုးမင်းဇင် ၉/စကတ(နိုင်)၀၇၂၃၉၅ နှင့် ဒေါ်ဟန်နီထွန်း ၃/ဘအန(နိုင်)၄၀၉၀၃၇ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများမှာ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ ရွာသစ်ကလေးရှိ ဦးဂင်ကျင်လျန်းပိုင် အမှတ် (၇၄)၊ အနော်ရထာလမ်း၊ ဂျီးလ်ဘာစတီးရပ်ကွက်ရှိ အကျယ်အဝန်း (၅၅'x ၈၀')ရှိ မြေနှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ၊ မြေနှင့်အိမ်ကိုဝယ်ယူရန် စရန်တစ်စိတ်တစ်ဒေသရောင်းချသူ ဦးဂင်ကျင်လျန်း ထံပေးချေထားပြီးဖြစ်ပါသောကြောင့် ၎င်းအိမ်နှင့် မြေတို့နှင့် ပတ်သက်ပြီး အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်မည့်သူရှိပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေများထံသို့ဖြစ်စေ ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ယနေ့မှစ၍ ၁၄ ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်း၊ ၁၄ရက် ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့် အညီ အရောင်းအဝယ် အလွှဲအပြောင်းစာချုပ်များ ဆက်လက်ချုပ်ဆို အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နှင်းယုမွန် (LL.B)**
**(အထက်တန်းရှေ့နေ)**
**စဉ်-၄၀၆၀၁**
**အမှတ်(၄၉/စ)၊(၃)ရပ်ကွက်၊ ဟော်ကုန်းလမ်း၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၂၀၄၅၆၅၀**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
## ပုသိမ်မြို့နယ်တရားရုံးတော်၌
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၇၇

| | | |
|---|---|---|
| ဦးခင်မောင်လတ် | နှင့် | ၁။ ဒေါ်ရင်ဝင်း<br>၂။ ဒေါ်တင်တင်စန်း<br>၃။ ဦးမင်းမင်းနိုင်<br>၄။ ဦးထွန်းထွန်းနိုင် |
| **တရားလို** | | **တရားပြိုင်များ** |

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၄) ရပ်ကွက်၊ ငှက်ပျောတန်းလမ်း၊ အမှတ်(၃၉/ခ)နေ(၁) တရားပြိုင် ဒေါ်ရင်ဝင်း၊ (၂)တရားပြိုင် ဒေါ်တင်တင်စန်း၊ (၃)တရားပြိုင် ဦးမင်းမင်းနိုင်၊ (၄) တရားပြိုင် ဦးထွန်းထွန်းနိုင် (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

သင်တို့ လေးဦးအပေါ် တရားလိုက ၁၉-၄-၂၀၀၀ ရက်စွဲပါ စာချုပ်၏ စာမျက်နှာ(၄)တွင် ပါဝင်သည့် သဘောတူညီချက်အတိုင်း တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးပါရန် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၂၈ ရက်(၁၃၈၂ ခုနှစ် တော်သလင်းလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၈ ရက်ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင့်နိုင်မင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၄)**
**ပုသိမ်မြို့နယ်တရားရုံး**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## ၂၀၂၀ ပြည့်နှစ် တရားမအထွေထွေမှုအမှတ် -၈၁

ဒေါ်ဖြူသီတာခင်
အမှတ် -၄၆၅၊ သစ္စာလမ်း၊ (၃)ရပ်ကွက်၊ လျှောက်ထားသူ
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကွယ်လွန်သူ ဦးတင်မောင်ဆွေ၏ ကျန်ရှိသောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်-၄၆၅၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးတင်မောင်ဆွေ၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ဖြူသီတာခင်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၉ရက် (၁၃၈၂ ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးတင်မောင်ဆွေ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၀ပြည့်နှစ် စက်တင်ဘာ ၉ရက် (၁၃၈၂ ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ဖြူသီတာခင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ်၂၆ရက်၌ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းသန်းတင့်)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇A၊ မြေကွက်အမှတ် ၃၂/၁B၃၊ မြေကွက်တည်နေရာအမှတ် (၁၃)၊ ဦးလူနီလမ်း၊ ကရင်အမျိုးသားရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ် (Mrs U Thin) အမည်ပေါက် ဂရန်ရှိမြေပိုင်မြေအား (Flocie)မှတစ်ဆင့် ဂျေကျော်ဇံ အမည်ပေါက် (မိခင်)Mrs U Thin (Flocie) သည် (၂၉-၁၁-၁၉၈၆) ခုနှစ်တွင်လည်းကောင်း၊ (ဖခင်)ဦးသင်သည် ၁၆-၁၀-၂၀၁၁ ခုနှစ်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် (၁)ဒေါ်မာရန်ဒါသင်(ခ)ဒေါ်မရင်းဒါသင် ၁၂/ကမရ(နိုင်)၀၂၃၃၅၈၊ (၂) ဒေါ်လှလှသင် ၁၂/ကမတ(နိုင်)၀၅၃၂၀၁၊ (၃) ဒေါ်တင်တင်ဒွေး(ခ)ဘီလင်ဒါသင် ၁၂/ကမတ(နိုင်)၀၄၄၆၈၃၊ (၄)ဒေါ်မြမြသင် ၁၂/ကမတ(နိုင်)၀၀၆၅၅၈၊ (၅)ဒေါ်သန်းသန်းထွေး ၁၂/ကမတ(နိုင်) ၀၀၆၂၅တို့မှ သမီးတော်စပ်ကြောင်း၊ ဒဂုံမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် ၁၁/၃၃၀၉/၁၉ (၂၆-၁၁-၁၉)၊ ထောက်ခံကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် ၁၁/၃၃၀၇/၁၉ (၂၆-၁၁-၁၉)နှင့် ၁၁/၃၃၀၈/၁၉ (၂၆-၁၁-၁၉)၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အထွေထွေကိုယ်စားလှယ်လွှဲစာပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဒေါ်မာရန်ဒါသင်(ခ)ဒေါ်မရင်းဒါသင်၊ ဒေါ်လှလှသင်၊ ဒေါ်တင်တင်ဒွေး(ခ)ဘီလင်ဒါသင်၊ ဒေါ်မြမြသင်တို့ထံမှ GPအမှတ် ၂၇၆၉၂/၂၀၁၉ (၁၈-၁၀-၂၀၁၉)ဖြင့်လည်းကောင်း၊ ဒေါ်သန်းသန်းထွေးထံမှ Gp အမှတ် ၂၇၈၉၄/၂၀၁၉(၂၂-၁၀-၂၀၁၉)ဖြင့် လည်းကောင်း၊ ကိုယ်စားလှယ်ရရှိသူ ဦးရန်နိုင် ၁၂/စခန(နိုင်)၀၀၆၃၈၆မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ သာယာရွှေပြည်အိမ်ရာ၊ တိုက်အမှတ် (၄)၊ အခန်း (၀၀၁)ကို မူလအမည်ပေါက် ဒေါ်ထွေးစိန် (ISN-၀၆၅၆၃၁)ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဦးတီမောင်ကြည် ၁၂/ရကန (ပြု) ၀၀၁၂၇၉ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၃၇)၊ သိမ်ကြီးသင်္ချိုင်း အကွက်၊ ဦးပိုင်အမှတ် (၇)၊ ဧရိယာ ၀ဒသမ ၀၃၇ ဧကရှိ မြေကို ဦးလှဖြိုး အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၅)၊ မြေကွက်အမှတ် (၄၈)၊ ရွှေလင်ပန်းစက်မှုဇုန်နေ Hige Fashion Accessories (Myanmar) Co.,Ltd, Reg.No:121694298 သည် DAGON TSP, YAW MIN GYI QTR, BO YAR NYUNT ST, NO.65 နေ ဦးမင်းမင်းထွန်း ၁၂/ကတတ(နိုင်)၀၀၂၉၇၆ ပိုင်ဖြစ်သော ယာဉ်အမှတ် 4M/8478, TOYOTA ALPHARD MNH 10၊ အမျိုးအမည် MICRO BUS (4x2)(R) ကားကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၈ရက်တွင် ဝယ်ယူခဲ့ပါသည်။

ယခုအခါတွင် အဆိုပါကား၏ ကား OWNER BOOK (ကားအာမခံစာအုပ်) မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ကား OWNER BOOK (ကားအာမခံစာအုပ်) အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကြေညာသူ**
**Hige Fashion Accessories (Myanmar) Co.,Ltd.**
**Reg.No:121694298**
**မြေကွက်အမှတ် (၄၈)၊ ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊**
**ဖုန်း-၀၉-၂၅၂၃၂၆၅၀၀**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA-III)၊ ကွက်ပြင်(၃)ရပ်၊ ဦးပိုင်အမှတ်(၁၂၂-ဃ/၂)၊ မြေယာအမှတ် (213/463)မြေဧရိယာ ၀ ဒသမ ၃၀ ဧကရှိမြေနှင့် အကျိုးခံစားခွင့်များကို ဒေါ်သီတာထွေးက မြေဂရန် အမည်ပေါက် ပိုင်ဆိုင်ပါသည်။ အထက်ဖော်ပြပါ မြေဂရန်မှာ သက်တမ်းကုန်ဆုံးနေပါသည်။ အထက်ပါမြေအား ဒေါ်သီတာထွေးမှ မြေငှားဂရန်သက်တမ်းတိုးပေးပါရန် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားပြီးဖြစ်ပါသည်။ ဒေါ်သီတာထွေးမှ ဂရန်သက်တမ်းတိုးပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်သောစာရွက်စာတမ်းမူရင်းများနှင့်တကွ ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဒေါ်သီတာထွေးမှ ဂရန်သက်တမ်းတိုးပေးပါရန် လျှောက်ထားသည့်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA-III)၊ ကွက်ပြင်(၃)ရပ်၊ ဦးပိုင်အမှတ်(၁၂၂-ဃ/၁)၊ မြေယာအမှတ် (213/463)မြေဧရိယာ ၀ ဒသမ ၂၉ ဧကရှိမြေနှင့် အကျိုးခံစားခွင့်များကို ဒေါ်သီတာထွေးက မြေဂရန်အမည်ပေါက်ပိုင်ဆိုင်ပါသည်။ အထက်ဖော်ပြပါ မြေဂရန်မှာ သက်တမ်းကုန်ဆုံးနေပါသည်။ အထက်ပါမြေအား ဒေါ်သီတာထွေးမှ မြေငှားဂရန် သက်တမ်းတိုးပေးပါရန် ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားပြီးဖြစ်ပါသည်။ ဒေါ်သီတာထွေးမှ ဂရန်သက်တမ်းတိုးပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်သော စာရွက်စာတမ်းမူရင်းများနှင့်တကွ ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဒေါ်သီတာထွေးမှ ဂရန်သက်တမ်း တိုးပေးပါရန် လျှောက်ထားသည့် ကိစ္စအား ဥပဒေနှင့် အညီ ပြီးဆုံးသည့်တိုင်အောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၂)၊ အကွက်အမှတ် (၂၈)၊ သုမင်္ဂလာရပ်၊ ဦးပိုင်အမှတ် (၄၅)၊ မြေယာအမှတ် (35)၊ မြေဧရိယာ ၀ဒသမ၀၉၃ဧကရှိ မြေနှင့် နေအိမ်အကျိုးခံစားခွင့်များကို ဒေါ်သီတာထွေးက မြေဂရန်အမည်ပေါက်ပိုင်ဆိုင်ပါသည်။ အထက်ပါ မြေဂရန်မှာ သက်တမ်းကုန်ဆုံးနေပါသည်။ အထက်ပါမြေနှင့် နေအိမ်အား ဒေါ်သီတာထွေးမှ မြေငှားဂရန် သက်တမ်းတိုးပေးပါရန် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားပြီး ဖြစ်ပါသည်။ ဒေါ်သီတာထွေးမှ ဂရန်သက်တမ်းတိုးပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်သောစာရွက်စာတမ်းမူရင်းများနှင့်တကွ ပြင်ဦးလွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဒေါ်သီတာထွေးမှ ဂရန် သက်တမ်းတိုးပေးပါရန် လျှောက်ထားသည့်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ပါမောက္ခ ဒေါက်တာ ဦးလှသိန်း

**M.B,B.S, DCP(London)**
**PRC Path(London)**
**SAMA–147**
**ပါမောက္ခ၊ ဌာနမှူး၊ ရောဂါဗေဒဌာန(ငြိမ်း)၊ ဆေးတက္ကသိုလ်(၁၊ ၂)၊ ရန်ကုန်မြို့**
**Retired Director**
**Department of medical Education MOH**
**အကြံပေးပုဂ္ဂိုလ်(ငြိမ်း)၊ ရောဂါဗေဒဌာန၊ တပ်မတော်ဆေးတက္ကသိုလ်**
**အသက်(၉၈)နှစ်**

(ဦးစိန်–ဒေါ်မိ)တို့၏သား၊ (ဦးထွန်း–ဒေါ်ပန်းအိ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် ၁၁၅နေ ဒေါ်လှလှထွန်း(Shirley Tun )၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာ ထွန်းညွန့်– ဒေါက်တာ ခင်မိမိသိန်း(USA)၊ ဦးထွန်းလှသိန်း၊ ဦးနိုင်ဝင်း–ဒေါက်တာ ခင်အိအိသိန်း( Singapore )၊ ဒေါက်တာကံထွန်း–ဒေါက်တာ ခင်မမသိန်း(USA) တို့၏ ချစ်လှစွာသောဖခင်၊ သီရိကေသွယ်ညွန့်၊ သတိုးညွန့်၊ ကေသီဝင်းတို့၏ ချစ်လှစွာသော အဘိုးသည် ၂၈–၈–၂၀၂၀ရက်(သောကြာနေ့) စင်ကာပူစံတော်ချိန် နံနက် ၃:၂၅နာရီတွင် စင်ကာပူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉–၈–၂၀၂၀ရက် (စနေနေ့)တွင် စင်ကာပူနိုင်ငံ၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအေးဝင်း အသက်(၆၆)နှစ်

**(ကြည်း/၁၃၉၇၆)၊ စတသ(၁၈)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်အောင်လမ်းသွယ်(၁)၊ တိုက် ၂၉၇၊ အခန်း ၁၃နေ ဦးဘတင်(လ/ထ ညွှန်မှူး၊ ငြိမ်း၊ ထွေ/အုပ်)–(ဒေါ်မြသောင်း)တို့၏သား၊ ဦးအေးလွင်–(ဒေါ်မိုးမိုး)တို့၏ညီ၊ (ဦးကိုလေး)–ဒေါ်လဲ့လဲ့ဝင်း(အထက–၄၊ အလုံ ကျောင်းအုပ်၊ ငြိမ်း)၊ ဒေါ် မြင့်မြင့်သွယ်(ညွှန်မှူး–ငြိမ်း၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး)၊ (ဒေါ်ကြည်ကြည်ဆွေ၊ ကထိက၊ မြန်မာစာဌာန)တို့၏ အစ်ကို၊ ဦးဝင်းဟန်သာ–ဒေါ်သဲဆုလာဘ်ဝင်း၊ ဒေါက်တာ ကြည်ဇော်ဝင်း–မမိုးပွင့်ဖြူ၊ မနှင်းပွင့်ဖြူ တို့၏ဦးလေးသည် ၂၈–၈–၂၀၂၀ရက် (သောကြာနေ့)တွင် တိုက် ၁၄၊ အခန်း ၂၊ ဇမ္ဗူသီရိ မြို့နယ်၊ ကံ့ကော်အိမ်ရာ ၊ နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၃၀–၈–၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် နေပြည်တော် (ခုတင်–၁၀၀၀) အအေးတိုက်မှ ကွေ့ကြီး သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁–၉–၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ တိုက် ၁၄၊ အခန်း ၂၊ မင်္ဂလာသိဒ္ဓိ ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ ကံ့ကော်အိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးသိန်းနိုင် အသက် (၅၀)

စစ်ကိုင်းမြို့နေ (ဦးတင်လှ–ဒေါ်သန်းကြည်)တို့၏သား၊ ကိုဝင်းနိုင်၊ ကိုမြတ်ကျော်ဦး–မငြိမ်းငြိမ်းအိတို့၏အစ်ကို၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ (၄)လမ်း၊ ဇီဇဝါ အိမ်ရာ၊ တိုက်အမှတ် (၅)၊ အခန်း (၇)နေ ဦးတင်ရှိန်–ဒေါ်ခင်စိုးတို့၏သားသမက်၊ မစုစုရှိန်၏မောင်၊ မအိအိရှိန် (Virginia Tobacoo Company Limited)၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၈–၈–၂၀၂၀ရက် ည ၇:၄၅နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၃၀–၈–၂၀၂၀ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ အထက်ပါနေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၃–၉–၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၇နာရီ မှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊
(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊
(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျ ဝတ်ဆင်ရန်၊
(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်း ရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ် ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်း များတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း များနှင့်ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးမျိုးမြင့် (အိုးအိမ်–ငြိမ်း)
**အသက် (၉၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဇဋ္ဌိလလမ်း၊ အမှတ် (၅)နေ (ဦးစိန်–ဒေါ်သိန်းမေ)တို့၏သား၊ (ဒေါ်ခင်စု)၏ခင်ပွန်း၊ ဒေါ်စန်းစန်းမြင့် (U.S.A)၊ ဒေါ်ရင်တင့်၊ ဦးအုန်းလှိုင်–ဒေါ်ခင်စန်းနွယ် တို့၏ ဖခင်၊ မြေး ခြောက်ယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘိုးသည် ၂၈–၈ –၂၀၂၀ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉–၈–၂၀၂၀ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စန်းမြင့်(ခ)ဒေါ်မာလေး(ပျဉ်ပုံကြီး)
**အလက (၃)ချောက်မြို့(ငြိမ်း)**
**အသက် (၇၃)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် (၂)လမ်း၊ အမှတ် (၉)နေ ဦးချစ်ဆိုင်–ဒေါ်ရင်ရင်တို့၏သမီး၊ ဒေါ်စန်း ၏အစ်မသည် ၂၈–၈–၂၀၂၀ရက် ညနေ ၆:၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉–၈–၂၀၂၀ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၃–၉–၂၀၂၀ရက် နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

မုံရွာမြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၄)၊ လက်ထောက်ညွှန်ကြားရေးမှူး (၂)ရုံးမှ ဒေါ်နှင်းနုနုအေး (ဦးစီးမှူး)၏ ခင်ပွန်းဖြစ်သူ ဦးအောင်နိုင်ဝင်း(လက်ထောက်ညွှန်ကြားရေးမှူး) သည် ၂၇–၈–၂၀၂၀ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**
**တည်ဆောက်ရေး (၄)**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**ရွှေဘိုမြို့**

## မနှင်းဝတ်ရည်လွင် အသက်(၂၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၇နေ ဦးတင်ကြိုင်–ဒေါ်ဖြူဖြူလွင် တို့၏သမီး၊ ဒေါက်တာ မင်းဗိုလ်ဗိုလ်ဦး၏ညီမသည် ၂၉–၈–၂၀၂၀ရက် (စနေနေ့)နံနက် ၃:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁–၈–၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄–၉–၂၀၂၀ရက် (သောကြာနေ့) နံနက် ၇နာရီမှ မွန်းတည့်နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း

ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစုကွက်သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်မှ မြေရေိယာ ၀ဒသမ ၀၈၂ ကေရှိ ဦးသောင်းခင် ၉/ပဗသ(နိုင်)၀၀၈၆၁၂ (ဘ)ဦးခွေး အမည်ပေါက် ပါမစ်မြေကွက် အမှတ် (ပ–၂၃၇)ကို ဒေါ်မေလင်းဇော်(ခ)ဒေါ်ခင်ပပဖြိုး ၇/ ပမန(နိုင်)၀၀၃၉၈၄ (ဘ)ဦးပေါ်တင်မှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ ရောင်းသူနှင့် ဝယ်သူ၏ တရားရုံး ကျမ်းကျိန်ဆိုချက်မူရင်းများ၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်ဝယ်ယူသူ (လျှောက်ထားသူ)၏ ဝန်ခံကတိပြုချက်မူရင်းတင်ပြပြီး ၎င်းအမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအားဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ အကွက်အမှတ် (၅/ပဒေသာရပ်)၊ ဦးပိုင်အမှတ် (၈၅)၊ မြေယာအမှတ် (၈၅)၊ မြေ ဧရိယာ ၀ဒသမ၀၅၅ကေရှိ ဂရန်မြေကွက်အား ဒေါ်တင်ကြည် ၉/မမန(နိုင်)၀၂၀၃၈၂ အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး အဆိုပါမြေကွက်တွင် အဆောက်အအုံဆောက်လုပ်ခြင်း ဆောင်ရွက်နိုင်ရေး ဦးတိုင်လာလ် ၉/မမန(နိုင်)၀၆၀ ၆၇၄ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ သဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးရုံး အင်ဂျင်နီယာဌာနသို့ ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ကြော်ငြာ ပါသည့်ရက်မှစ၍ ရက် ၃၀အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါ သည်။

**ဦးတိုင်လာလ် ၉/မမန(နိုင်)၀၆၀၆၇၄**
**အမှတ် (ဈ/၅၃)၊ အင်ကြင်းလမ်း၊ ရပ်ကွက်ကြီး (၁၀)၊ ပြင်ဦးလွင်မြို့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဝေါမြို့နယ်အသင်း(ရန်ကုန်)၏နာယကကြီး
## ဦးဆိုင်(ဝေါ)
**အသက် (၉၂)နှစ်**

မွန်ပြည်နယ်၊ ကျိုက္ကသာကျေးရွာနေ(ဦးဆန်းငါး–ဒေါ်စောကျင်)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်လမ်း၊ (ဈ–၉)နေ (ဒေါ်သန်းမြင့်)၏ခင်ပွန်း၊ ဦးဝေလင်း(စစစ–ငြိမ်း)–ဒေါ်အေးအေးစမ်း၊ ဦးကျော်နိုင်–ဒေါ်ညွန့်ညွန့်စိန်၊ ဦးစောခင်မောင်ထွဋ်–ဒေါ်ရင်ရင်နွဲ့၊ ဒေါ်ရင်ရင်တင့်၊ ဦးဇော်မျိုးထွဋ်–ဒေါ်ရင်ရင်ငွေ၊ ဦးငွေလွင်–ဒေါ်ရင်ရင်မော်၊ ဦးမျိုးထွန်းတို့၏ဖခင်ကြီး၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၂၉–၈–၂၀၂၀ရက်(စနေနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးမြင့်တင်(ခ)ဦးမောင်မောင်လေး
**ဟသ်ာတအသင်း**
**လူဝင်မှုကြီးကြပ်ရေးဦးစီးမှူး(ငြိမ်း)**
**အသက် (၉၁)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ အမှတ် ၉၂၊ ၃–လွှာ၊ ၁၂၃လမ်းနေ (ဒေါက်တာ သန်းသန်းတင်)၏ခင်ပွန်း၊ (မသစ္စာထေရီ)၊ ဦးတင်မောင်သန်း (2/E) M.V MCL –20–ဒေါ်တင်မမ(အထပြ–ငြိမ်း)၊ ဦးမျိုးအောင်–ဒေါ်တင်ဆွေသန်း (မူပြ–ငြိမ်း)၊ (ဦးဇင်သန်းမောင်)တို့၏ဖခင်၊ မောင်ဇင်ရဲမင်းသူ၊ မောင်ရဲလင်းဟိန်းတို့၏ အဘိုးသည် ၂၈–၈–၂၀၂၀ရက် ည ၉:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉–၈–၂၀၂၀ရက် နံနက် ၁၁နာရီ၌ ရေဝေးသုသာန်သို့ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၃–၉–၂၀၂၀ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နော်တင်လှ အသက် (၇၃)နှစ်
**ကျိုက်လတ်မြို့နယ်၊ ထရော်ဒေါင်းကျေးရွာ**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပုလဲ (၃)၊ အမှတ် (၅၅၈)နှင့် ကျိုက်လတ်မြို့နယ်၊ ထရော်ဒေါင်းကျေးရွာနေ စောထွန်းရွှေ၏ ညီမ၊ (ဗိုလ်စည်သူစိုး)၊ ဂွါသီတာစိုး၊ မန်းသန်းထိုက်စိုး–ဂွါမိုးမိုးတို့၏မိခင်၊ စံဇေယျာထိုက်စိုး၊ နန့်သီရိထိုက်တို့၏ ဘွားဘွား၊ တောင်ငူမြို့၊ ကေတုမတီဘိုးဘွားရိပ်သာ၏ ရာသက်ပန်အလှူရှင် ဒုတိယဗိုလ်မှူးကြီး သက်စိုး(ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်နော်တင်လှသည် ၂၅–၈–၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ (ဒေါ်နော်တင်လှ ကောင်းရာသုဂတိလားပါစေ။)

**အကျိုးဆောင်ကြီးကြပ်ရေးအဖွဲ့**
**ကေတုမတီဘိုးဘွားရိပ်သာ**
**တောင်ငူမြို့**

## ဒေါ်နုနု
**ဌာနမှူး(ငြိမ်း)၊ ပျဉ်းမနားသကြားစက်**
**အသက်(၆၄)နှစ်**

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မြို့ဦးရပ်ကွက်နေ (ဦးကျော်)–ဒေါ်အေးသန်းတို့၏ သမီး၊ (ဦးညီညီထွန်း)– ဒေါ်မြသန်းကြည်တို့၏ ညီမ၊ ဒေါ်မြသန်းခိုင်၊ ဦးစိုးမြင့်–ဒေါ်မြအေးခိုင်၊ ဦးအောင်ကျော်မြ၊ ဒေါ်လှမျိုးသူတို့၏ အစ်မ၊ ဒုတိယဗိုလ်မှူးကြီး သန်းရွှေ–ဒေါ်ခင်ပြည့်စုံ၊ ဦးပြည်ဟိန်းကျော်၊ ဦးဖြိုးဟန်ကျော် တို့၏ချစ်လှစွာသောမိခင်၊ ဦးညွန့်တင်၏ချစ်လှစွာသော ဇနီးသည် ၂၈–၈–၂၀၂၀ရက် မွန်းလွဲ ၂:၀၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉–၈–၂၀၂၀ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၂၃/စက်မှုဇုန်၊မြေကွက်အမှတ်(၁၁၄)၊မြေကွက်တည်နေရာအမှတ်(၁၁၄)၊ဟားခါးလမ်း၊(၂၃/စက်မှုဇုန်)ရပ်ကွက်၊ဒဂုံမြို့သစ်(တောင်ပိုင်း)ဦးအောင်ကြိုင်(HGU ၀၁၁၈၀၁)အမည်ပေါက်–စက်မှုလက်မှုမြေအသုံးပြုခွင့် မြေအားပါမစ်အမည်ပေါက် –ဦးအောင်ကြိုင်(HGU ၀၁၁၈၀၁)ထံမှအရောင်းစာချုပ်အဆက်စပ်ဖြင့်ဝယ်ယူထားသူဦးဗိုလ်ဗိုလ်မောင်(၁၂/ပဘတ(နိုင်)၀၂၅၅၁၈)မှပါမစ်ပျောက်ဆုံးကြောင်းရပ်ကွက်ထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊တရားရုံးကျမ်းကျိန်လွှာ၊စက်မှုဇုန်ကြေးကျွန်ထောက်ခံချက်၊ဌာနဝန်ခံချက်တို့တင်ပြ၍ပါမစ်ပျောက်ဖြင့်ဂရန်သစ်လျှောက်ထားခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာ(၁)ထပ်Steel Structure အဆောက်အဦး(၁)လုံးရှိပြီးအစောင့်ဖြစ်သူနေထိုင်ပါသည်။အိမ်စောင့်နေထိုင်ခြင်းအတွက်တာဝန်ယူကြောင်းတင်ပြ၍ပါမစ်ပျောက်ဖြင့်(ဂရန်)လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 13W/5252 Jialing –90 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြမြသင်း ၅/ကဘလ(နိုင်)၀၁၆၅၁၁ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6L/1344 MAZDA SCRUM DG63 PICK UP (4x4) ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဆွေ ၉/မနတ(နိုင်)၀၄၆၃၃၄ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၉-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၉-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ(၅၆၀)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၉၃) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၁၀) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၇၂) ခု
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၁၀၀) ခု
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၄) ခု
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၃) ခု
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၁) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၀၁) ခု
- စုစုပေါင်း (၁,၄၇၄)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၇) ဦး တွေ့ရှိရပါသည်။

၂။ (၂၉-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၇၃၃) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူအသစ် (၂) ဦး (Case-380, 381) ရှိသဖြင့် စုစုပေါင်း (၃၅၁) ဦး ရှိပါသည်။ ၎င်းတို့အနက် (၃၄၇) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၈-၈-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၉-၈-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၅၃) ဦး ရှိပါသည်။

၆။ ဓာတ်ခွဲစစ်ဆေးမှုများပြီးစီးချိန်နှင့် သတင်းထုတ်ပြန်ချိန်အကြား အချိန်တိုတောင်းခြင်းကြောင့် ဓာတ်ခွဲအတည်ပြုလူနာသစ်များ၏ သတင်းအချက်အလက်များကို ထပ်မံထုတ်ပြန်မည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

*စာမျက်နှာ ၁၄ ကော်လံ ၄* ❂

## ရွှေဘိုမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေး တစ်အိမ်တက်ဆင်း တိုက်ဆိုင်စစ်ဆေး

ရွှေဘို ဩဂုတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒမဲပေးနိုင်ရေး၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေး တိုက်ဆိုင် စစ်ဆေးခြင်းများကို ယနေ့နံနက်ပိုင်းက ရွှေဘိုမြို့ပေါ်ရှိ ရပ်ကွက်များအတွင်း နေအိမ်များကို တစ်အိမ်တက်ဆင်း တိုက်ဆိုင်စစ်ဆေးကြသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများ တိုက်ဆိုင်စစ်ဆေးရာတွင် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် ရွှေဘိုခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်/ ကျေးရွာအုပ်စု

*စာမျက်နှာ ၁၅ ကော်လံ ၅* ◆

## ဖားကန့်၌ ကျောက်ဝိုင်းများအားလုံး အကန့်အသတ်မရှိပိတ်ထား ဈေးဆိုင်များ ကျန်းမာရေးထုတ်ပြန်ချက်များ မလိုက်နာပါက အရေးယူမည်

ဖားကန့် ဩဂုတ် ၂၉

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှု ကြိုတင်ကာကွယ်နိုင်ရေး တစ်မြို့နယ်လုံးမှ ကျောက်ဝိုင်းများအားလုံး အကန့်အသတ်မရှိ ရပ်နားထားရန် စာများကပ်ခြင်း၊ လက်ကိုင်အသံချဲ့စက်ဖြင့် အသိပေးခြင်းတို့ကို ဩဂုတ် ၂၈ ရက်မှစတင်ပြီး သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖားကန့်ကျောက်ဝိုင်း ကော်မတီအဖွဲ့ဝင်တစ်ဦးက "၂၈ ရက်ကစပြီး အကန့်အသတ်မရှိပိတ်ဖို့ ဆုံးဖြတ်ထားပါတယ်။ ကိုယ့်အိမ်မှာကိုယ်နေပြီး အရောင်းအဝယ်လုပ်ပေါ့။

*စာမျက်နှာ ၁၄ ကော်လံ ၁* ■




## ငါးသိုင်းချောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ငါးသိုင်းချောင်း ဩဂုတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရေးနှင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို သက်ဆိုင်ရာ မြို့နယ်နှင့်ဌာနဆိုင်ရာများ၊ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ စေတနာ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ငါးသိုင်းချောင်း မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာအုပ်စုများတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် သက်ဆိုင်ရာက ထုတ်ပြန်ထားသော

*စာမျက်နှာ ၁၄ ကော်လံ ၂* ❃

## ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂၉

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ဆိပ်သာမြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြရန် အသိပေးအကြံပြုအပ်ပါသည်။ **မိုး/ဇလ**

### ဒဂုံမြို့နယ် City Express Store ဆိုင်ရှေ့ရှိ ATM စက်ကို ဖျက်ဆီးပြီး ငွေများခိုးယူရန် ကြိုးစားသူနှစ်ဦးအား ဖမ်းဆီးရမိ

*စာမျက်နှာ - ၁၁*

### အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ တယ်လီဖုန်းဖြင့် ဆွေးနွေးသွားမည်

*စာမျက်နှာ - ၁၂*

## ၂၀၂၀-၂၀၂၁ ကွန်မြူနတီဖလား ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အာဆင်နယ်တို့ လီဗာပူးကို အနိုင်ယူ




အင်္ဂလန်၏ ပြည်တွင်းပြိုင်ပွဲဖြစ်သော ကွန်မြူနတီဒိုင်းလုပွဲကြီးကို ဩဂုတ် ၂၉ ရက်ည ၁၀ နာရီက ဝင်ဘလေကွင်း၌ ပရီမီယာလိဂ်ချန်ပီယံ လီဗာပူးနှင့် အက်ဖ်အေဖလားချန်ပီယံအာဆင်နယ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အာဆင်နယ်အသင်း အနိုင်ရဗိုလ်စွဲခဲ့သည်။

ယင်းပွဲတွင် နည်းပြအာတီတာသည် အာဆင်နယ်အသင်းကို ၃-၄-၃ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဂျာဂင်ကလော့ပ်သည် လီဗာပူးအသင်းကို ၄-၃-၃ ပုံစံဖြင့် ပွဲထွက်လာသည်။ ပွဲချိန် ၁၂ မိနစ်တွင် တိုက်စစ်မှူးအူဘာမီယန်သည် ဂိုးရေိယာအစပ်မှ အာဆင်နယ်အတွက် ဦးဆောင်ဂိုး သွင်းယူပေးသည်။

လီဗာပူးအတွက် ချေပဂိုးကို လူစားဝင်ကစားသည့် မီနာမီနိုက သွင်းယူပေးသည်။ သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်ပြီးချိန်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ ယင်းပွဲချိန်အတွင်းတွင် လီဗာပူးက ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ယှဉ်ပြိုင်နိုင်ခဲ့သည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ❐

## ဆေးလ်ဗားနှင့် ဆားရ်ကို ထပ်မံခေါ်ယူလိုက်သည့် ချယ်ဆီးအသင်း

နည်းပြ ဖရန့်ခ်လမ်းပတ်၏ ချယ်ဆီးအသင်းသည် ဘရာဇီးခံစစ်ကစားသမား သီယာဂိုဆေးလ်ဗားကို နောက်ထပ် တစ်နှစ်သက်တမ်းတိုးခွင့် အပါအဝင် တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

စတန်းဖို့ဒ်ဘရစ်သို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် ဆေးလ်ဗားက "ကျွန်တော် ချယ်ဆီးအသင်း တစ်စိတ်တစ်ပိုင်း ဖြစ်ခွင့်ရတဲ့အတွက်လည်း အလွန်ပဲဝမ်းသာပါတယ်"ဟု ပြောကြားသည်။ ဘရာဇီးအတွက် ၈၉ ပွဲ ပါဝင်ကစားထားသော ဆေးလ်ဗားသည် ပီအက်စ်ဂျီအသင်းတွင် ပြိုင်ပွဲပေါင်း ၃၁၅ ပွဲ ပါဝင်ကစားထားကာ ၁၇ ဂိုး သွင်းယူပေးထားနိုင်ပြီး အသင်းနှင့်အတူ ဆုဖလားများစွာ ဆွတ်ခူးရရှိထားသူဖြစ်သည်။ ၎င်းသည် ပီအက်စ်ဂျီအသင်းနှင့်အတူ လီဂူးဝမ်းဖလားကို ၂၀၁၂-၂၀၁၃ ခုနှစ်မှ ၂၀၁၉-၂၀၂၀ ပြည့်နှစ်အထိ ခုနစ်နှစ်ဆက် ဆွတ်ခူးရရှိထားသူဖြစ်ပြီး ပြင်သစ်ဖလား၊ ပြင်သစ်လိဂ်ဖလား စသည့် ဖလားများကိုလည်း ဆွတ်ခူးရရှိထားသူဖြစ်သည်။ အသက် ၃၅ နှစ်အရွယ်ရှိပြီဖြစ်သော ဆေးလ်ဗားသည် ဩဂုတ် ၂၃ ရက်က ချန်ပီယံလိဂ်ဗိုလ်လုပွဲ၌

*စာမျက်နှာ ၁၁ ကော်လံ ၁* ❍